
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာတ်လင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

ဒီနိုင်းခ ၈၉၅.၈၃
ရိုးမ/ ဒီနိုင်းခ။
ရန်ကုန်။ ရွှေညာတ်လင်းစာပေ၊ ၂၀၁၅။
၂၄၀ စာ ; ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရိုးမ






အရင်လို
စိမ်းမြမြ မင်းအလှနဲ့ ရှိုးပြပါဦး ရိုးမ ...
အခုတော့ ...
ဆံနွယ်တွေဖြူ
လက်မောင်းတွေပြိုလို့
ဟောဒီ တစ်တောလုံးလဲ
စိမ်းမစိုတော့
ရိုးမ .... ရှိုးမပြနိုင်တော့ပါ ....။

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

*တောတောင်ရေမြေကို ချစ်တတ်သူ တန်ဖိုးထားသူဟာ သဘာဝတရားရဲ့ ကျေးဇူးတရားကို နားလည်သူတဲ့၊ စိမ်းလန်းခြင်းကို မြတ်နိုးသူဟာ သဓါရတရားကို နားလည်လို့ဆိုတဲ့စကား မိတ်ဆွေ ကဗျာဆရာတစ်ယောက်ဆီက ကြားခဲ့ဖူးသည်။*

*ကျွန်တော်ရဲ့ 'ရိုးမ' ဆိုတဲ့ ဝတ္ထုဟာ ... သဘာဝတရားရဲ့ ကျေးဇူးတော်ကို မြတ်နိုးလို့ ဖွင့်ဟမိတဲ့ ဝတ္ထုတစ်ပုဒ်ပါ ...။*

*ပြီးတော့ အသုံးပြုခွင့် တောင်းခွင့်မကြုံလို့ ဖော်ပြခဲ့သည့် ကဗျာများအတွက် ကဗျာဆရာကြီးများအား ရိုသေစွာ တောင်းပန်ရင်းဖြင့် ...။*



## အခန်း (၁)

လူဟာ လှုပ်ရှားသူဖြစ်တယ် ... သဘာဝတရားက ငြိမ်သက်ခြင်းကို ကြိုက်တယ် ... လူဟာ လှုပ်ရှားမှု မြန်လာရင် မောဟိုက်တတ်တယ်။ သဘာဝတရား လှုပ်ရှားမှုပိုလာရင် ဖောက်ပြန်တတ်တယ် ...။

စိတ်အနာဆုံးက သဘာဝတရားကို အရွယ်မတိုင်မီ သခါရဆီ အတင်းပို့လွှတ်လိုက်တာကိုပါပဲပေါ့ ...။

သဘာဝတရားနဲ့ ခင်မင်လာတော့ သူတို့ရဲ့ ငြိမ်းချမ်းခြင်းတရားတွေ ကိုယ့်ရင်ထဲကို ထည့်ပေးနေသလိုပါပဲ ...။

ကိုယ့်ဘဝက ရိုးမပေါ့ ..။ မြန်မာပြည်ကို ဖက်တွယ်ထားတဲ့ ရိုးမကြီးသုံးခုရဲ့ ရင်ခွင်ထဲမှာ ကိုယ့်နေရတာ ဘယ်လောက်အေးချမ်းလိုက်လဲ ..။ သူမတူတဲ့ ဖခင်သုံးယောက်ရဲ့ ရင်ခွင်လို မှီလှုံရသလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ်သပ်သပ်မေးလို့ ပြောရရင် ကိုယ့်ရဲ့မိခင်က ရောဝတီလေ ..။

ရောဝတီ ကို 'အားသစ်ဖြည့်သူ' 'ပြန်လည်စိမ်းလန်းစေသောမြစ်' 'ရာဇဝင်များရဲ့ သတို့သမီး' လို့ တင်စားခေါ်ဝေါ်ကြရင်း ရိုးမကို ရာဇဝင်တွေကို သိမ်းဂုဏ်ထားတဲ့ မှတ်တမ်းလို့ ခေါ်ဝေါ်ကြရမှာပဲ။ သမိုင်းအစဉ်အဆက် စစ်ပွဲတွေ၊ တော်လှန်ရေးတွေ ရိုးမကို အခြေတည်တယ် ရိုးမမှာ ခြေကုပ်ယူတယ်၊ ရိုးမပေါ်က ဖြတ်သန်းရတယ်။

ရိုးမဆိုတာ ကိုယ် လွယ်လွယ်ခေါ်တော့ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမ သေသေချာချာ ခွဲခြားလေ့လာကြည့်ရင်တော့ ရှမ်းရိုးမ၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ တနင်္သာရီရိုးမ တဲ့။ ကမ္ဘာကြီးတစ်ခုလုံး ပူနွေးလာရတဲ့ ဖန်လုံအိမ်ကိစ္စတွေ စဉ်းစားတိုင်း ရိုးမရယ် မင်းရဲ့ မစိမ်းစိုတော့တဲ့ ဆံနွယ်တွေအတွက် ရင်မောရပါတယ် ..။ အကိုင်းအခက်တွေနဲ့ နုပျိုစိမ်းလန်းနေတဲ့ မင်းဘဝကို မတွေ့မိတိုင်း ရင်လှိုင်လှိုင်မောရပါတယ် ...။

တို့ပြည်ကို အေးချမ်းဖို့ ရှူးပြပါဦး ရိုးမ .. ရယ် ...။ တကယ်တော့ တို့ဘဝတွေက ဧရာဝတီနဲ့အတူ ရိုးမ မှ ရိုးမ ပါ။



ကင်ပွန်းစခန်း တောင်ခြေကားဂိတ်ကို ရောက်တော့ ညနေတော်တော် စောင်းနေပါပြီ။ ရင်းနှီးနေတဲ့ ကားဂိတ်က လက်မှတ်ရောင်းတဲ့ ချာတိတ်က ...

"ဦးလေးမော် ပျောက်ချက်သား ကောင်းလှချည်လားဗျ ... ဘာလဲ အနေစိမ်းလို့ နတ်စိမ်းဖြစ်နေပြီလား ..."

"မင်းကြီးတော် နတ်စိမ်းဖြစ်ရမှာလား .. ဂန္ထဝင်စိမ်းကွ ... စိမ်းသော သစ်ရိပ်အောက်တွင် စိမ်းသော မြ မြက်စိမ်းပေါ့ ဟဲ ... ဟဲ ..."

ဦးလေးမော်လို့ လူသိများတဲ့သူက ပျော်တတ်တော့ အပေါင်းအသင်းစုံသည်။ ရန်ကုန်မှာနေသည့် သူက ဒီမှာ လူသိပိုများတော့ သူ့အပေါင်းအသင်း မိတ်ဆွေတွေ အံ့ဩတာမဆန်း ..။ ဘာလို့လဲဆိုတော့ ဒီမြေမှာ သူပျော်မွေ့သည်လေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမော် ဘယ်မှာတည်းမှာလဲ ..."

"ချိုချိုဝင်း ဖြစ်ဖြစ် လူထု ဖြစ်ဖြစ်ပေါ့ကွာ ..."

"မဟုတ်ဘူး ... အပေါ်မှာ သေချာပါတယ် .. ရိုးမ ပေါ့ ..."

သူနဲ့ နားစိမ်းနေတဲ့ နာမည်တစ်ခုကြောင့် သူတော်တော် အံ့ဩမိပါသည်။ တစ်ခုခု မေးမယ်ပြုပြီးမှ တောင်ပေါ်ကား ထိုးဆိုက်လာတာကြောင့် ကောင်လေးက အခြားကားလိုင်းက လက်မှတ်ရောင်းတွေနဲ့ အတူ လက်မှတ်လုရောင်းဖို့ ပြေးသွားတော့ သူ မမေးဖြစ်လိုက် ..။

"ရိုးမ .." စိတ်ထဲမှာ ခပ်တိုးတိုး ရေရွတ်ပြီးမှ သူပြုံးမိသည်။ ဘာကြောင့် ပြုံးမိသည်တော့ သူမသိ ဒါပေမယ့် ရင်ထဲမှာ အေးမြသွားသလိုလို ရှိသလိုလို ခံစားမိပါသည်။

ချိုချိုဝင်း ရေချိုးဆိုင်ထဲဝင်တော့ အသားမည်းမည်း ကောင်လေးက ...

"ဟာ ဦးလေးမော် .. လာ ... လာ .. အခုမှပဲ တွေ့ရတော့တယ် ... ဦးမော် မလာတာကြာလို့ သတင်းစာထဲမှာ နာရေးကြော်ငြာတွေ ကြည့်သေးတယ် ..."

"တွေ့လား .. မင်းပထွေး နာမည်ကို .."

သူ့စကားကြောင့် အသားမည်းမည်းကောင်လေးက တဟားဟား ..။ ပြီးတော့ ဆိုင်ထဲက ကလေးမတွေကို ...

"ဟေ့ .. လာသယ်ပေးဟေ့ .. နင်တို့ အဖေ .. အဲ .. ဦးလေး အိတ်တွေကို .."

အသားမည်းမည်း ကောင်လေးစကားကြောင့် သူ တဟားဟား သူနဲ့ ခင်မင်ရင်းနှီးနေတဲ့ ဆိုင်ရှင် ခုနကောင်လေးရဲ့ အမျိုးသမီးက ပြုံးပြုံးရွှင်ရွှင်နဲ့ ...

"ဦးလေးမော် နော် .. မနှစ်က ဘာလို့ မလာဖြစ်တာလဲ .. တောင်ပေါ်က လူတွေမေးကြည့်တော့လဲ မလာဘူးတဲ့ .."

"ဟဲ့ ကျန်းမာရေးမကောင်းဘူးဟဲ့ ..."

"ဒါများ ဦးလေးမော် ရယ် .. တောင်ပေါ် ခြေလျှင်တက်ရတာမှ မဟုတ်တာ .. ကားနဲ့ တက်ရတဲ့ဟာ .."

"ငါ အကြောင်းနဲ့ ငါပါဟာ .."

"ရေချိုးပြီးမှ ထမင်းစားမှာပေါ့ .."

"အေးပေါ့ဟာ .. ဒါနဲ့ ဟိုအဘွားကြီး ရေချိုးတိုင်း ရေချိုးခ ပိုတောင်းသေးလား .."

သူ့စကားကြောင့် ဆိုင်ရှင် မိန်းကလေးက ရယ်သည်။ နောက်တော့ တစ်ခုခု သတိရဟန်နဲ့ ပြုံးပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ဒါနဲ့ တောင်ပေါ်ရောက်ရင် ရိုးမမှာပဲ တည်းမှာပေါ့."

လာပြန်ပြီ ရိုးမ ဒီနေ့ အချိန်ပိုင်းအတွင်းမှာ ဒီနာမည်ကို ဒုတိယ မြောက် ကြားရပြန်ပါသည်။

သူ မေးမယ် ပြုပြီးမှ မမေးဖြစ်တော့ ...

ရေမိုးချိုး ထမင်းမစားခင် သူ့ကို ကုလားလေးက ..

"ဦးလေးမော် .. ကျွန်တော် ချက်အရက်တစ်ပုလင်းရထားတယ်."

"လုပ်လေကွာ .. ပါးပါးပေါ့ .. တောင်ပေါ်ရောက်ရင် သောက်ရမှာ မဟုတ်ဘူးကွ .."

"ကျွန်တော် စီစဉ်လိုက်မယ် သုံးမိနစ်ပဲစောင့် ..."

ကုလားလေးက သူ့မိန်းမ မချို ကို လိုအပ်တာတွေ လှမ်းမှာပါသည်။ နာရီကိုကြည့်မိတော့ ညဆယ့်တစ်နာရီ ထိုးနေပါပြီ ..။ ရောက်လာသူ ခရီးသွားအပေါင်းက သူ အခုတည်းတဲ့ ရေချိုးဆိုင်တွေမှာ ခဏတဖြုတ်နားပြီး တောင်တက်ကားနဲ့ တက်သွားကြတာများသည်။ သူကတော့ အသိအကျွမ်းများသူမို့ မနက်အရုဏ်တက်လောက်မှ ဘုရားပေါ်တက်တတ်ပါသည်။ ဟိုအရင်က ကျိုက်ထီးရိုးတောင်ပေါ်တက်ရင် အရမ်းပျော်ဖို့ သိပ်ကောင်းတာပေါ့။ အခုလို တောင်တက်ကားတွေမရှိ ခြေလျင်ပဲတက်ကြသည်။ တစ်ညလုံး သူ့အစု ကိုယ့်



အစုနဲ့ မီးတုတ်တွေထွန်းကာ နောက်ကြပြောင်ကြနဲ့ ဘုရားဖူး အချင်းချင်း ရင်းနှီးမှုလွယ်ကူကာ ရိုင်းပင်းကူညီကြပေါ့ ..။ အသက်ကြီးတဲ့ ဘုရားဖူးတွေကို တွဲကူ၍ ထိန်းကျောင်းကူညီပေးသလို ကိုယ်မသိတဲ့ အခြားသူ့ကလေးဖြစ်ဖြစ် ကုန်းပိုးလို့ဖြစ်ဖြစ် ပခုံးပေါ်တင်ပြီးဖြစ်ဖြစ် အလှည့်ကျထမ်းပိုးကြပါသည်။

အတိတ်က ဘုရားဖူးခရီးစဉ်တွေကို ပြန်တွေးပြီး တစ်ယောက်ထဲ ကြည်ကြည်နူးနူးပြုံးမိပါသည်။ ကောင်းကင်ကို မော့ကြည့်တော့ လရောင်ကို မမြင်ရအောင် နှင်းတွေက ပိုသည်းသည်းမည်းမည်းကျလာပါသည်။ သူ ရန်ကုန်မှာ အလုပ်တွေနဲ့ စိတ်ညည်းညူနေပြီဆိုရင် အင်္ကျီသုံးလေးစုံထည့်ပြီး တိုင်စီတစ်စီးအပြတ်ငှားချင်ငှား ဒါမှမဟုတ် ဘုရားဖူးကား ချက်ချင်းဖုန်းဆက်ပြီး လက်မှတ်ဖြတ်ကာ ချက်ချင်းထွက်လာတတ်မြဲ ..။ ကျိုက်ထီးရိုး ဘုရားဖူးရာသီအတွင်းမှာတော့ အနည်းဆုံး လေးငါးခေါက်တော့ ရောက်နေကျ ..။ ရောက်လာတိုင်းသဲ ခုနစ်ရက်,တစ်ပတ်လောက်တော့ နေ,နေကျမို့ ဒီကလူတွေနဲ့ ရင်းနှီးတာမဆန် ..။ ပြီးတော့ သူက ပျော်ပျော်နေတတ်တဲ့ လူပျိုကြီးတကိုယ်ရေတကာယသမား၊ တောတောင်ရေမြေတွေနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေချင်တဲ့သူ။ သူ့ဘဝမှာ မျက်နှာလွှဲလို့ရတဲ့ သူငယ်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ဖုန်းချို လို့ ခေါ်တဲ့ ဖေဖုန်းကို မန်နေဂျာရာထူးပေးပြီး သူကတော့ ဂျစ်ပုစီ မိုးတိမ်ပေါ့ ...။

ညရဲ့ အအေးဓာတ်က ပိုပြီး စူးရှလာသည်။ အသံတွေက တိတ်ဆိတ်နေ၏။ ဟိုခပ်လှမ်းလှမ်းက ဘုရားဖူးကား တစ်စင်းထိုးဆိုက်လာတယ် ထင်ပါရဲ့ ..။ အလုအယက် ခေါ်သံတွေကြားရသည်။ သူ ထိုင်နေတဲ့နေရာက ရေချိုးဆိုင်ရဲ့ အဝင်ဝ တံတားထိပ် ကွပ်ပျစ်ပေါ်မှာပြီးတော့ ချောင်းကို ခွဆောက်ထားသည့် တံတားရှည်ပြီးတော့ နားနေလဲလျောင်းသည့် တန်းလျားနဲ့ တွဲထားသည့် ထမင်းဆိုင် ရေချိုးဆိုင်ပေါ့ ..။

"ဟဲဟဲ .. နည်းနည်းကြာသွားတယ် ..."

ကုလားလေးနဲ့ သူ့ဆိုင်က ကောင်မလေးတွေက ဖိုက်ဘာခေါက်စားပွဲအပုလေးနဲ့ လိုအပ်တာတွေ ချခင်းပေးသည်။ ကြွက်ကြော်နဲ့ဟင်းခနဲ ...။

"ဟ ကြွက်ကြော်တွေပါလားဟ ..."

အသားမည်းလို့ ကုလားလေးလို့ခေါ်တဲ့ မိချို ယောက်ျားက သူ့ရဲ့ အဖြူဖွေးဆုံးသွားတွေကို လှမ်းဟပြရင်း ...

"ကြွက်တော့ ကြွက်ပဲ .. မြေကြီးထဲမှာနေပြီး လယ်ကွင်းထဲ ဖြစ်



တဲ့ ကြွက်လား ဘာလားတော့ မသိဘူး .."

"ခွေးကောင် .."

ကျွန်တော် ဆဲတော့ ဒီကောင်က ထုံးစံအတိုင်း တဟားဟား မောင်ကုလားက အချိုးကျစွာ စပ်ပေးပါသည်။ ကျွန်တော် တစ်ငုံသောက်ကြည့်သည် လည်ပင်းတစ်လျှောက် ပူခနဲဆင်းသွားပါသည်။

"ဆန် အရက်ထင်တယ်ကွ .."

"ဟုတ်တယ် ရွာတွေဘက်က ရတာ .."

"သေချာပြီ .. မင်းဟာက ရန်ကုန် ရွာသာကြီးက ရတာထင်တယ် .."

"ဦးလေးမော် ကတော့ လုပ်ပြီ .. ဒါနဲ့ ဘယ်အချိန်တက်မှာလဲ"

သူ စီးကရက် ကမ်းပေးတော့ ဒီကောင်က တရိုတသေယူကာ ..၊

"ကန်တော့ ဦးလေးမော် .."

သူကိုယ်တိုင်လဲ စီးကရက်ကို မီးညှိပြီး မီးခြစ်ကို ကုလားကို လှမ်းပေးသည်။ ကုလားက ထုံးစံအတိုင်းပေါ့ .. ကန်တော့ပေါ့ ...။

"မနက် ငါးနာရီလောက်မှပါ .."

"ဘယ်မှာတည်းမှာလဲ .."

"ပွင့်ဦး ဖြစ်ဖြစ် .. ထမင်းဆိုင် တစ်ဆိုင်ဆိုင်ပေါ့ကွာ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှီးမမှာ မတည်းဘူးလား .."

လာပြန်ပြီ ရှီးမ ဒီနေ့အတွက်တော့ တတိယအကြိမ်ကြားရပြန်တဲ့ နာမည်တစ်ခု ..။

"ဘာ ရှီးမ လဲ .. အရှေ့ရှီးမလား .. အနောက်ရှီးမလား .."

သူက ခပ်ပေါ့ပေါ့ ပြောပေမယ့် ကုလားလေးက လေးလေးနက်နက် ပြောပါသည်။

"တည်းကြည့်ပေါ့ ဦးလေးမော် အတွက် အဆင်ပြေစေရမယ် .."

"တောင်ပေါ်သူ" က နှယ်ရှီးမ အားလုံးနဲ့ ကျွန်တော်တို့ကတော့ ရှီးမ လို့ပဲခေါ်ကြတယ် .."

ဦးလေးမော် ဆိုတဲ့ ကျုပ် ကုလားလေးစကားကြောင့် မျက်မှောင်ကြုပ်မိရင်း ခပ်တိုးတိုးရွတ်ဆိုမိပါသည်။

"ရှီးမ .. နှယ်ရှီးမ ငါ တစ်ခါမှ မကြားဘူးပါဘူး .."

"ဟာ .. ဦးလေးမော် က မနှစ်က လာလို့လား .."

"ဪ .."

သူ နားလည်သဘောပေါက်လိုက်ပါသည်။

"တစ်နှစ်အတွင်းမှာ မင်းတို့ မင်းသမီးက သတင်းကြီးလှချည်လားကွ .."



သူ့ စကားကို ကုလားလေးက ချက်ချင်းမဖြေ အရက်ကို တကျိုက်မော့သောက်လိုက်ပြီး ...။

"အား .. ရှီးမ က ဒီပြင်ဆိုင်တွေက အရောင်းဝန်ထမ်းတွေနဲ့ တူမှ မတူတာကိုး .. ဦးလေးမော် တောင်ပေါ်ရောက်ရင် တွေ့မှာပါ၊ တောင်ပေါ်သူမှာ တည်းဖူးသူက နောက်တစ်ခါလာရင် ဒီပြင်ဆိုင် မှာ တည်းမှာမဟုတ်ဘူး ဦးလေးမော် .."

ကုလားလေး စကားကြောင့် ဦးလေးမော် ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"မင်းတို့ဟာက တယ်ညွှန်းလှချည်လားကွာ .."

ကုလားလေးက ပြန်မဖြေ၊ မယုံရင် သွားကြည့်ပါလားဆိုတဲ့ မြူးစိစိအကြည့်တွေနဲ့ပဲ ဦးလေးမော် ကို ကြည့်နေပါသည်။

ရှီးမ တဲ့ .. သစ်တောကြီးတစ်ခုလုံးကို စိမ်းမြသတဲ့လား ...။

www.burmeseclassic.com

www.burmeseclassic.com





**ဆောင်းကူးဆန်း၀၊ ချမ်းမြမြဓော**

**လောကချွန်ဆင့် မှုန်ပွင့်မြူနှင့်ရော**

**နှင်းတောနက်နက် ဝေရက်ဝယ် ...။**

*(ကဗျာဆရာ နှောင်း ၏ ခွာပြာညိုတစ်ပွင့် ကဗျာမှ ..*



တောင်ပေါ်ကားက အရှေ့ဆာမလင်းခင်မှာပင် မြင်ရတာနဲ့တင် ဈေးစို့ချင်စရာ ..။ မိန်းမယောကျ်ားအားလုံး ညာသံပေးပြီး တက်ရဆယ့်ပုံ ..။ တောင်ပေါ်တက်တဲ့ ကားတွေက များပါတယ်။ ဒါပေမယ့် ဘုရားဖူးတွေက အလျှံပယ်ဖြစ်နေတော့ ကားနဲ့က မလောက်။ ဒါတောင် အတက်အဆင်းက စပ်ဆွဲနေတာမို့လို့ပေါ့ ...။

ဦးလေးမော် ကားကိုကြည့်ပြီး စိတ်မောနေတုန်း ဘေးက လူငယ်အုပ်စုထဲက ကောင်လေးက သူ့ကို ရည်ရွယ်ပြောပုံရသည်။

"ဦးလေး ရေ .. လေ့ကားက တက်ရင်တော့ နောက်တစ်မနက်မှ ရမယ်ထင်တယ် ..."

သူ ကောင်လေးကို လှည့်ပြုံးပြရင်း ...

"ဟုတ်ပါ့ကွာ .."

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရည်ရွယ်ပြောတဲ့ ကောင်လေးတွေ အုပ်စုထဲက နော တစ်ယောက်က ...

"နေသစ် .. ကားဝင်လာလို့ ရပ်ရင် ဘေးက တွယ်တက်ကွာ

"အေး .. အဲဒါ အကောင်းဆုံး .."

လူငယ်လူရွယ်ဆိုတော့လဲ လျှင်လျှင်မြန်မြန်ပေါ့ ..။ သူ့ အသ အရွယ်နဲ့တော့ ခါးနာကျိုးပဲ့မယ့်ကိန်းမို့လို့ နောက်ဆုတ်နေတာပဲ ကော ပါသည်။

ဝင်းထဲကို ကားတစ်စီးဝင်လာတော့ စပယ်ယာတွေ တာဝန် သူတွေက အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးသံ၊ တားသံတွေကြား မယ့် ကောင်လေးတို့ အုပ်စုထဲက ယောကျ်ားလေးသုံးယောက် ဘေးဘက်ကနေ ခပ်မြန်မြန်တက်သွားကြပြီ ..။ အထုပ်တွေဖြစ် နေရာဦးလိုက်ကြသည်။ နောက်ကျန်ခဲ့တဲ့ မိန်းကလေးနှစ်ယောက် အပေါ်က လက်ကို အားပြုဆွဲကာ တက်စေသည်။

ဦးလေးမော် ဒီကလေးတွေ အုပ်စုကို သဘောကျကာ ပြုံး သည်။ အခုခေတ် လူငယ်ကလေးတွေက အတွေးအခေါ်မြန်သ ရဲလဲရဲရင့်သည်။ သူ့ကို အရင်ဦးဆုံး စကားပြောတဲ့ ကောင်လေး



ကြည့် ဒီကြည့်ပြီး သူ့ကို မြင်တော့ ဝမ်းသာအားရနဲ့ ...

"ဦးလေး .. လာ ဒီမှာ တစ်နေရာစာရသေးတယ် အမြန်လာ"

"အေး .. အေး .."

သူခပ်မြန်မြန်ပဲ အိတ်ကို ပစ္စည်းထည့်တဲ့ နောက်ခြင်းထဲ ပစ် ည့်ကာ ကားဘေးကနေ တွယ်တက်သည်။ ကောင်လေးနှစ်ယောက် အကူအညီပေးပါတယ်။ ကားပေါ်ရောက်တော့ သူက အစွန်ဆုံး နေရာရပါတယ် ..။ သူ သိပ်ကြိုက်တဲ့နေရာပေါ့ ...။

"ဟူး .. ကျေးဇူးပဲကွာ .."

"ရပါတယ် ဦးလေးရာ .."

ကားစထွက်တော့ နှင်းတွေက ပို၍ကျလာသည်။ လူငယ်အုပ်စု သူတို့ကျောင်းက အကြောင်းတွေပြောဆိုရင်း နောက်ပြောင်ရယ် နေကြသည်။

"နေသစ် .."

"ဆို .."

"တောင်ပေါ်ရောက်ရင် ဘယ်မှာတည်းမှာလဲ .."

ကောင်မလေးတစ်ယောက်က ပြုံးစိစိနဲ့ သူ့ဘေးက ရှုပ်ပုပ်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနဲ့ ကောင်မလေးကိုကြည့်ကာ ...

"မရိုးမ ရဲ့ ဆိုင်ပဲဖြစ်မှာပေါ့ဟ .. နော် .. သုသု .."

သူ့ နားမထောင်လဲ ဘေးချင်းကပ်မို့ ကြားနေရပါသည်။ သူ

ဆိုတဲ့ ရုပ်ပုပ်ပုပ်ကလေးမက ခုနပြောတဲ့ ကောင်မလေးကို ...

"မတည်းပါဘူး .. ဒီပြင်ဆိုင်မှာပဲ တည်းမယ် .."

ကောင်လေးနှစ်ယောက်က တခွီးခွီးနဲ့ ကျိတ်ရယ်နေတော့ သု

ဆိုတဲ့ ကလေးမက မျက်စောင်းလှည့်ထိုးကာ ...

"နင်တို့ ဘာကျိတ်ရယ်နေတာလဲ .."

"ဟ .. မရိုးမ တို့ ဆိုင်လောက် ကောင်းတဲ့ဆိုင်ရှိလို့လား .. 

ရှေတယ် .. ရိုးသားတယ် .. စေတနာထားတယ်၊ မနှစ်ကလဲ အဲ

တည်းတာပဲဟာ .. နော် .. နေသစ်"

နေသစ် ဆိုတဲ့ ချာတိတ်ကတော့ ဘာမှမပြော ပြုံးစိစိ ပဲ သု

ဆိုတဲ့ ကောင်မလေးက နေသစ် ဆိုတဲ့ ချာတိတ်ကို မျက်စောင်း

ကြည့်ပါသည်။

ဦးလေးမော် သူတို့ စကားဝိုင်းကို ခဏမေ့ထားကာ တော်

လမ်းဘေးတစ်လျှောက် ရှုခင်းတွေကိုငေးကြည့်ရင်း လိုက်ပါ



ပါသည်။ မျက်နှာကို တိုးတိုက်လာတဲ့ လေအေးတွေက နားရွက်တွေ

နားခေါင်းတွေ အေးစက်နေပါသည်။ ရှုတ်ခမ်းတွေက ခြောက်ကပ်

အပ် တောင်တန်းတွေကို မော့ကြည့်တော့တောင် ထိပ်ဖျားတွေက

မြူတွေ နှင်းတွေနဲ့ရောနေသည်။

ကားက တောင်ပတ်ကွေ့ကို ဂီယာကြီးဖြင့် ထိုးတက်သွားသည်။

သူ့ရှေ့က မိန်းမကြီးက ချောက်ကို မကြည့်ရဲ ကြည့်ရဲဖြင့် ကြည့်သည်။

ကားက အရှိန်ဖြင့် အဆင်းကို ထိုးဆင်းသွားပါသည်။ သစ်ပင်မှာ ကပ်

ထားတဲ့ ဆိုင်းဘုတ်လေးကို လှမ်းဖတ်ကြည့်မိသည်။

"ကျေးငှက်သားရဲ့ တောမှာမြဲ၏"

အင်းပေါ့လေ .. သစ်ပင် မရှိတော့တဲ့ တောမှာ ဘယ်ကျေးငှက်

ဘ လာခိုလှုံချင်ပါမလဲ ..။

တွေ့ပြန်ပြီ ဆိုင်းဘုတ်လေးတွေ ...

"သင့် အသက်ကို သင် ချစ်သလို .. ခရီးသည်များကို ဘေးကင်း

စွာ လိုက်ပါ ပို့ဆောင်ခြင်းဖြင့် ယာဉ်လိုင်း၏ ဂုဏ်သိက္ခာကို မြှင့်တင်

ပါ .."

ဦးလေးမော် အဲဒီစာသားတွေကို တော်တော်ကြီး ကြိုက်နှစ်

www.burmeseclassic.com



သွားပါသည်။ ထိရောက်တဲ့ စကားလုံး ရေးသင့်တဲ့စာသား ..။

အတက်အဆင်းတွေမှာ သတိပေးစာတမ်းတွေ ရေးကပ်ထား သလို ကားက တောင်အဆင်းမှာ အရှိန်ဖြင့်ဆင်းရင်း လူငယ်တွေက ဟေးခနဲ အော်ကြပါတယ် ..။ ရင်ထဲထိ လိုက်ဖို့သွားသလို ခံစားမိတာကိုး ..။

တောင်ပေါ်ဂိတ်ရောက်တော့ နေသစ် တို့ အုပ်စုက ခပ်သွပ်သွပ် အောက်ကို ဆင်းသွားကြပြီး သူ့ကို ...

"ဦးလေး .. ဒီဘက်ကပဲ ဆင်းတော့ ကျွန်တော် ထိမ်းပေးမယ်"

"ကျေးဇူးကွာ .."

"ရပါတယ် ဦးလေးရာ .."

ဦးလေးမော် ဘေးကားဆီကို ခြေထောက်မရေ့ရအောင် လှမ်းတင်ကာ နေသစ် က နောက်ကနေ လှမ်းထိမ်းကိုင်ပေးကာ အောက်ကို ဆင်းစေပါသည်။ အောက်ရောက်တော့ ကားနောက်ပိုင်း သံခြင်းထဲ က ကိုယ့်အိတ်ကိုယ်ပြန်ယူကာ နေသစ် တို့ လူငယ်အုပ်စုနဲ့အတူ ဘုရား ပေါ်တက်လာကြပါသည်။

"ဦးလေးက ဘယ်မှာတည်းမှာလဲ .. သုံးထပ်ဆောင်မှာလား"



"ထမင်းဆိုင် တစ်ဆိုင်ဆိုင်ပေါ့ကွာ .."

"တောင်ပေါ်သူမှာ တည်းကြည့်ပါလား .. အားလုံး အဆင်ပြေ [illegible]းစေရမယ် .. ဦးလေး .."

"ညွှန်းလှချည်လားကွ .."

သူ့စကားကြောင့် ကောင်လေးတစ်ယောက်က ရယ်ကျဲကျဲနဲ့ ..။

"ညွှန်းစာဖွဲ့ ဖွဲ့လို့ မမှီဆိုတာ အဲဒီဆိုင်ကို ပြောတာ ဦးလေးရ .."

"အေးပါကွာ .. တည်းကြည့်ရတာပေါ့ .."

"ဒါနဲ့ ဦးလေး နာမည်က .."

နေသစ် က သူ့ကို မိတ်ဆက်စကားစတင်ပြောဆိုတော့ ..၊

"ဟုတ်သားပဲ .. ဦးလေးကို အားလုံးကတော့ ဦးလေးမော် လို့ပဲ [illegible]ကြတာပဲ .."

နေသစ် က သူ့နာမည်ကို သဘောကျပုံရသည်။

"ဦးလေး နာမည်က မိုက်တယ်ဗျ .. တရုတ်သိုင်းကားထဲက နာမည် [illegible]နေတာပဲ ..၊ ကျွန်တော့်နာမည်က နေသစ်မင်း ဒီကောင် နာမည် [illegible]နောင်နောင် ..၊ ဟိုတစ်ယောက်က အေးမင်းဆက် သူ့နာမည်[illegible] [illegible] .. သူသူ ဘေးက သီရိဝင်းလတ် .."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. အားလုံးကို သိရတဲ့အတွက် ဝမ်းသာပါတယ်"

သူ ထင်ထားတာ မမှားဘူးဆိုရင် နေသစ်မင်း နဲ့ သုသု ဆိုတဲ့ ကောင်မလေး တစ်ခုခုတော့ ပတ်သက်နေရပါမည်။ သူတို့ တောင်တက်ကားလမ်းအတိုင်း အုပ်စုဖွဲ့တက်လာကြပါတယ်။

"တော်တော်လူများတာပဲနော် .."

နေသစ် ရဲ့ စကားကြောင့် ဦးလေးမော် က ...

"ဒီရာသီ က ဒီလိုပါပဲ .. အင်း .. အခန်းခတွေကတော့ ဈေးတက်မှာ သေချာတယ်ဟေ့ .."

ဆင်းလာသူတွေရော .. တက်လာသူတွေရောနဲ့ ပုရွက်ဆိတ်အုံတွေနဲ့ တူနေပါသည်။ နှင်းတွေရဲ့ ရက်စက်ခြင်းဒဏ်ကလဲ အလျှော့မပေးသေး။ သူ သတိထားမိသည်ကို ဘေးက နေသစ် ကို ပြောပြမိသည်။

"ဟိုမှာကြည့်စမ်း .. အထမ်းသည် မိန်းကလေးတွေ .."

နေသစ် ဦးလေးမော် ညွှန်ပြပြောဆိုတဲ့ ကောင်မလေးတွေကို ကြည့်မိသည်။ ကောင်မလေးတွေက ဆယ့်ကိုး၊ နှစ်ဆယ်ပေါ့။ ဆံပင်ပုံစံတွေက ရန်ကုန်သူတွေအတိုင်း ...၊ ရုပ်ရည်လေးတွေက ချစ်စရာ



လေးတွေ ..။

နေသစ် ဦးလေးမော် ဘာကိုပြောချင်လဲ သဘောပေါက်မိပါသည်။

"ခြင်းထဲမှာ အိတ်တွေက မနည်းဘူး၊ ထမ်းသွားလိုက်တာ လူပုံနဲ့တောင် မလိုက်ဘူး .."

နောင်နောင် ကလဲ တအံ့တသြနဲ့ ..၊

"အပြုံးတောင် မပျက်ဘူးကွာ ..၊ တောက် .. ငါတို့ ကောင်တွေနဲ့များ ကွာပါ့ .."

နောင်းနောင်း စကားကြောင့် ဦးလေးမော် က ရယ်ရင်း ..၊

"ကြီးပွားချမ်းသာလာလေလေ .. ကျန်းမာရေးချို့တဲ့လေပဲကွ၊ အပျင်းထူလာပြီး၊ သူတို့ကြည့်စမ်း တကူးတကလေ့ကျင့်ခန်းလုပ်စရာ မလိုဘူး .."

"ဟုတ်တယ် ဦးလေးမော် .."

အေးမင်းဘက်ကလဲ သူတို့ရှေ့က ခြင်းထဲ ပစ္စည်းအပြည့် ကောင်မလေး ထွက်သွားရာကို ငေးကြည့်ရင်းပြောပါသည်။

ကျိုက်ထီးယိုတယ်ရှေ့ရောက်တော့ လှမ်းကြည့်မိသည်။ အထဲမှာ နိုင်ငံခြားသားတွေရော မြန်မာလူမျိုးတွေရော အိတ်တွေစုပုံပြီး

www.burmeseclassic.com

www.burmeseclassic.com



အခန်းငှားဖို့ စောင့်နေကြပါသည်။

ရိုးရိုးလေး တည်းခိုခန်းရှေ့ရောက်တော့ သူ တစ်ယောက်ခန်း စုံစမ်းကြည့်သည်။ ဈေးတွေက ခေါင်ခိုက်နေပါသည်။ ရင်ပြင်တောင် မရောက်သေးပါဘူး နတ်နန်းဘေးက ကွက်လပ်မှာတောင် စောင်တွေကို တဲထိုးလို့ နေရာလွတ်မရှိ ဒီလိုသာနေရရင် ညဆို ဘယ်လောက်အေးလိုက်မယ့်ဖြစ်ခြင်း ..။

"ဟာ .. နေစရာ မနည်းရှာရမယ် ထင်တယ် .."

နောင်နောင် က ရင်ပြင်ပေါ် ခြေချတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တဲထိုးလို့ နေ့နေကြတဲ့ ဘုရားဖူးတွေကိုတွေ့တော့ အခုလို အလန့်တကြားပြောပါသည်။

သူတို့ ထမင်းဆိုင်တွေဘက် ထွက်လာခဲ့သည်။ ရွှေကဖီးထဲက အဖျော်ဆရာက လှမ်းအော်သည်။

"ဦးလေးမော် ဘယ်မှာ တည်းမှာလဲ .."

"ကြည့်ရှာရမှာပေါ့ကွာ .."

"ဒီမှာ လာနေရင်လာနေလေ .."

"အေးပါ ..."



ကိုကြူ မုန့်ဟင်းခါးဆိုင်ကလဲ သူ့ကို နှုတ်ဆက်သလို မိဘမေ့တွာစတိုးက ကောင်မလေးတွေကလဲ လှမ်းအော်နှုတ်ဆက်တော့ သုသုက ...

"ဦးလေးမော် ကို အကုန်သိနေပါလား .."

သုံ့က ရယ်စရာ စကားအနေနဲ့ ..

"ကျော်ဟိန်း က လူတိုင်းကို မသိပေမယ့် လူတိုင်းက ကျော်ဟိန်းကို သိကြတယ်လေ .."

သူ့ စကားကြောင့် ဟိုကောင်လေးတွေက ရယ်သည်။ ဦးလေးမော် 'တောင်ပေါ်သူ' မှာ မတည်းဖြစ်ပါ။ ချာတိတ်တွေကတော့ 'တောင်ပေါ်သူ' ဘက် နှုတ်ဆက်ပြီး ထွက်သွားပါသည်။ သူ့'ပွင့်ထူး' တည်းခိုခန်းမှာပဲ တည်းဖြစ်ပါတယ်။ မန်နေဂျာက သူ့ကို တွေ့တော့..

"ဟာ .. အန်ကယ်မော် လား .. ဟိုကောင်လေး .. မင်းဘိုးအေ အိတ်ကို သွားသယ်ပေးလေ .."

ဝန်ထမ်းကောင်လေး စောမိုးသား က ရယ်ကျဲကျဲနဲ့ ...

"ပေး .. အဘိုးလေး .."

သူ အိတ်ကို လှမ်းပေးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



“ရော့ .. ခွေးကောင် ..”

စောမိုးသား က အိတ်ကို လှမ်းယူပြီး မန်နေဂျာဘက်လှည့်ကာ ...

“ဘယ်အခန်းလဲ ဦးလေး ..”

“အပေါ်ထပ်က လမ်းမဘက် မျက်နှာမူတဲ့အခန်းပေးလိုက်လေကွာ..”

“အဲဒီအခန်းက စုံတွဲက နေ့လယ်မှ ဆင်းမှာ ..”

မန်နေဂျာက သူ့ကို ကြည့်တော့ ..။

“ရတယ် ကိစ္စ မရှိဘူး .. သူတို့သွားမှပဲ ဝင်တော့မယ် ..”

“အခြားအခန်းတော့ရှိတယ် ..”

“ရပါတယ်ကွာ .. အိတ်ကို မင်းတို့ အခန်းမှာပဲ ခဏထားလိုက်”

ဦးလေးမော် မန်နေဂျာနဲ့ ဒီနှစ် ဘုရားဖူး အသွားအလာ အခြေအနေ၊ ဆိုင်ခန်းတွေ လူခွဲမတတ် ဈေးလုခေါ်နေတုန်းလား မေးတော့ မန်နေဂျာက ...

“အဲဒီ အစဉ်အလာက မပျောက်သေးဘူး ဦးလေးမော် ..၊ ဘုရားဂေါပကနဲ့ လုံခြုံရေးက ဆိုင်ရှေ့မှာ သဘော်ဆေးအနီရောင်နဲ့ လိုင်းတားပြီး လိုင်းမကျော်ရဘူးပဲ ဘယ်လိုပြောပြော ခဏပဲ ..”

မန်နေဂျာနဲ့ အတော်စကားကောင်းပြီး နောက်တော့ ဦးလေးမော်



ရဲ့ကို ကြည့်မိတော့ မန်နေဂျာက သတိရကာ ...

“ဦးလေးမော် မိုက်ဆာပြီ ထင်တယ် .. သွားစားလေ ..၊ ပြန်လာရင် အခန်းရလောက်ပါပြီ၊ ဘယ်ဆိုင်လဲ .. ရိုးမ တို့ဆိုင်လား ..”

မန်နေဂျာ စကားကြောင့် သူ တဟားဟားရယ်ကာ ...

“လာပြန်ပြီ ရိုးမ .. တောင်ခြေကနေ တောင်ပေါ်အထိ ဒါ အဲဒီ အမည် ပဲ ကြားကြားနေရတယ်ဟေ့ ...”

“ကြားဆို ဦးလေးမော် လဲ သိပါတယ်၊ ဒီက ထမင်းဆိုင်တော်တော်များများဟာ မတည်းခင်သာ စကားလုံးအများကြီးနဲ့ ဖော်ဖော်ရွေရွေဈေးခေါ်ကြတာ ..၊ အင်း .. တည်းပြီဆိုရင်တော့ ထမင်းစားပွဲလေးကလွဲလို့ ဝန်ဆောင်မှုနဲ့ ဆက်ဆံရေးက အေးတိအေးစက်တော့ ချက်ကျွေးတဲ့ ဆန်နဲ့ ဟင်းက ရောင်းတဲ့ဈေးနဲ့ အဆမတန်ဘာနေတယ် ..”

မန်နေဂျာ စကားကြောင့် ဦးလေးမော် ရယ်မိကာ ...

“ခင်ဗျား တည်းခိုခန်းလဲ ဘာထူးမှာလဲ လူများရင်တစ်ဈေး လူနည်းရင် တစ်မျိုး ..”

ဦးလေးမော် စကားကြောင့် မန်နေဂျာ က ရယ်ကျဲကျဲနဲ့ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အများမိုးခါးရေသောက်တော့ ကိုယ်လဲ မျိုချရတာကို"

"ပြောပါဦး မိုးခါးရေ မသောက်တဲ့ ရိုးမ အကြောင်းကို .."

သူ စကားထောက်ပေးတော့ မန်နေဂျာက မျက်မှောင်ကြုတ်ပြီး

"ရိုးမ က ထူးခြားတယ် ..၊ စာတတ်ပေတတ်ပဲဗျ ..၊ သူက ပိုင်ရှင်ရဲ့ တူမ မဟုတ်ပေမယ့် ပိုင်ရှင် မဒွေး က ရိုးမ တစ်ဆိုင်လုံးကို မျက်နှာလွှဲထားတာ သူ့ဆိုင်က ဝန်ထမ်းတွေက စည်းအနီလိုင်းကို မကျော်ဈေးခေါ်တယ် ဖြစ်နိုင်တာပဲပြောနိုင်းတယ် ..၊ အင်း ..တည်းပြီးဆိုရင်လဲ နာရီဝက်တစ်ခါ ညှိသည်ကို ဘာလိုအပ်လဲ မေးတတ်တယ်လိုအပ်ရင် ကူညီပေးတတ်တယ်၊ ပြီးတော့ ဈေးနှုန်းပေါ့ .. သိတဲ့အတိုင်း ဈေးတော့ကြီးတာပေါ့၊ ဂေါပကကို ပေးရသေးတယ်ဒါပေမယ့် စားသုံးသူကို ရန်ကုန်စကားနဲ့ပြောရင် ရိုက်မခွဲဘူး . ဆိုတွေပေါ့ ..."

ဦးလေးမော် ပြုံးစိစိနဲ့ ထရပ်ကာ ...

"ကဲ .. ကျုပ်လဲ တောထဲဝင်ကြည့်ဦးမယ် .."

မန်နေဂျာက သူ့စကားကြောင့် ကြောင်တောင်တောင်နဲ့ ...

"တောထဲ ဘယ်တောတိုးမလို့လဲ .. ဦးလေးမော် .."



"အေးလေ .. ခင်ဗျားတို့ ပြောတဲ့ ရိုးမ ဆိုတဲ့ တောအုပ်ကြီးထဲ စိမ်းရော စိမ်းစိုပါဦးမလား .. သစ်ပင်တွေက စည်းမဲ့ကမ်းမဲ့ အခုတ်ခံထားရတော့ .."

မန်နေဂျာက အခုမှ သဘောပေါက်ကာ စသံပေသံလေးနဲ့ ...။

"မြန်မာပြည်မှာ သုံးပုံတစ်ပုံလောက် သစ်တောတွေ ကျန်သေးတယ်တဲ့ ..၊ အဲဒီ သုံးပုံတစ်ပုံမှာ တစ်ပုံစာ တောအုပ်လေးက ရိုးမ မှာပါဗျာ .. လက်ကျန်လေးနဲ့ ကျွန်တော်တို့ ရင်ပြင်ပေါ်မှာ စိမ်းစိုနေတာ တွေ့ပါလိမ့်မယ် .."

ကမ္ဘာကြီးတစ်ခုလုံး ပူနွေးနေတယ်တဲ့ ဘေးအန္တရာယ်ဆိုးကျိုးတွေက လူတွေက ဖန်တီးထားတဲ့ တောအုပ်တွေက အရေးကြီးပါတယ်။ တောအုပ်တွေရှိမှ တောအုပ်တွေထိန်းမှ ရာသီဥတုတွေက ကြာကြာစီးတက်တယ်လေ ..၊ ရာသီဥတုကောင်းတယ်။ စိုက်ပျိုးရေးကောင်းတယ် ငြိမ်းအေးတဲ့ ပန်းချီကားချပ်တစ်ခုလိုပဲ အေးစိမ့်စိမ့်နေပျောက်မထိုးတဲ့ တောအုပ်လေးရယ် ဖြည်းဖြည်းလေးစီးနေတဲ့ စမ်းချောင်းလေးရယ် ဒါပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဆိုင်ထဲဝင်တော့ ပထမဦးဆုံးကြားရတဲ့ အသံပါ ..။

"ညီမလေးတို့ရေ .. ထမင်းစားမယ် လူလာတယ် .. အဆင်ပြေ မယ့်နေရာကိုပေး ကောင်းကောင်းဧည့်ခံနော် .."

အသံက နည့်သည်။ ဒါပေမယ့် ချွဲချွဲနွဲ့နွဲ့မဟုတ်၊ ကြည်ကြည် လင်လင် ..။ ဦးလေးမော် အသံလာရာဆီကြည့်တော့ နက်မှောင် လွန်းတဲ့ ဆံနွယ်ကို ခပ်ပြေပြေ သိမ်းဆည်းချည်နှောင်ထုံးဖွဲ့ထားတဲ့ မိန်းမပျိုတစ်ဦး ..။ အားလုံးပြောကြသလို အလွန်လှနိုင်လွန်းတဲ့ မိန်းမ တော့မဟုတ် ..။ ခန္ဓာကိုယ်သွယ်သွယ် အရပ်မြင့်မြင့် အသားဖြ လတ်လတ်ရှိသည်။ သို့ပေမယ့် အရောင်အဝါတစ်ခု ထိုမိန်းကလေး အပေါ် လွှမ်းခြုံနေသလိုလို သူမြင်မိသည်။ တစ်ရှိုတာက သူမ နှုတ်ခမ်း တွေက တင်းတင်းစေ့ထားပေမယ့် အမြဲပြုံးနေသလိုလို ..၊



"မင်းကို အဲဒါ ပြောတာပေါ့ .. ကလေးက နုနုငယ်ငယ်လေး အနွေးထည် သေချာထည့်လာပါဆို .. အခု ဘယ်လိုလုပ်မလဲ .."

အဲဒီစကားသံကြောင့် ဦးလေးမော် ရော ရှိုးမ ဆိုတဲ့ သူမပါ ကြား ပါတယ်။ အသံပိုင်ရှင်က ထမင်းစားမယ့် စားပွဲဝိုင်းမှာပါ ..။ အသက် သုံးဆယ်မကျော်သေးတဲ့ လူငယ်လင်မယား ..။ မိန်းမဖြစ်သူရဲ့ ရင်ခွင် ထဲမှာတော့ တစ်နှစ်မပြည့်နိုင်သေးတဲ့ ကလေးတစ်ဦး၊ ကလေးကို စောင်ပါးလေးနဲ့ လုံးထွေးထားပါတယ်။

"ကျွန်မ သေသေချာချာ ထည့်ခဲ့ပါတယ် ကိုအောင် ရယ် တောင် ခြေမှာ ပစ္စည်းထုတ်ရင်း ကျကျန်ခဲ့တာ ထင်တယ် .."

ဦးလေးမော် သက်ပြင်းချမိပါသည်။ ဒီရာသီက တော်တော်ကို အေးတဲ့ ရာသီ၊ အခုကြည့် ဆယ်နာရီဝန်းကျင်အထိ မြူမကွဲသေး အအေး မပေါ့သေး ..။ သူ ကလေးကိုကြည့်ပြီး တွေးမိနေတုန်း ရှိုးမ ဆိုတဲ့ မိန်းကလေး အဲဒီလင်မယားအနီးကို ရောက်လာပါသည်။

"ဘာဖြစ်လို့လဲဟင် .. ကျွန်မ ကြားတော့ ကြားလိုက်ပါတယ်"

"ယောကျ်ားဖြစ်သူက စိတ်ပျက်လက်ပျက်နဲ့ .."

"အေးဗျာ .. အခုမှတော့ ရင်ပြင်ပေါ်တက်တဲ့နားက ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးအနွေးထည် တစ်ထည်တော့ ဝယ်ရတော့မှာပေါ့ ..၊ ခေါင်းစွပ်ခြေစွပ်တို့က အစပေါ့လေ .."

ယောကျ်ားဖြစ်သူစကားကြောင့် တောအုပ်နဲ့တူတဲ့ မိန်းကလေးက ခေတ္တစဉ်းစားပါတယ် ..။ နောက်တော့ ...

"ခဏလေး .. မဝယ်နဲ့ဦး အစ်ကို ..၊ အေးမြ .."

"ရှင် မမ .."

ဝန်ထမ်း မိန်းကလေးတစ်ယောက် ခပ်သွက်သွက် မိန်းကလေးနား ရောက်လာပါတယ် ..။

"ဟိုနေ့က ဒီမှာ တည်းသွားတဲ့ ဧည့်သည်ကလေး ကျန်ခဲ့တဲ့ ဝက်ဝံရုပ်လေး သွားယူပေးနော် .."

"ဟုတ်ကဲ့ .. မမ .."

ဦးလေးမော် ဒီမိန်းကလေး ဘာလုပ်မလဲ စောင့်ကြည့်နေပါတယ်။

"ဘာဟင်းနဲ့ စားမလဲ ဦးလေးမော် .."

သူနဲ့ သိနေတဲ့ စားပွဲထိုး မိန်းကလေးက မေးတော့ သူက ..၊

"ကြက်သားနဲ့ပဲ လုပ် .."



"ဟုတ် ဦးလေးမော် .."

စားပွဲထိုး မိန်းကလေး ထွက်သွားတော့ သူ ရှိုးမ တို့ လူသိုက်ရဲ့ ပြသနာဘက် အာရုံစိုက်မိပါတယ်။ ဝက်ဝံရုပ်သွားယူတဲ့ မိန်းကလေး ပြန်ရောက်လာပါတယ်။ ဝက်ဝံရုပ်က အမွေးပွပွနဲ့ ချစ်စရာပါ။ ရှိုးမ ဆိုတဲ့ မိန်းကလေးက ဝက်ဝံရုပ်နောက်က ဇစ်ကို ဆွဲဖွင့်လိုက်ပြီး အထဲက ရေမြှုပ်တွေကို ထုတ်ယူလိုက်ပါသည်။ ဘာမှမရှိတော့တဲ့ ဝက်ဝံရုပ်လေးကို ကိုင်ပြီး ...

"အေးမြ .. မမကို ဘရိတ်ဓား ယူပေး .."

အေးမြ ဆိုတဲ့ ကောင်မလေးက ဘရိတ်ဓားကို လှစ်ခနဲ သွားယူပါတယ်။ ပြီးတော့ ပြန်ရောက်လာပြီး သူမကို ပေးပါတယ်။ သူမက ဝက်ဝံရုပ်ရဲ့ မျက်နှာတစ်ဝိုက် ချုပ်ရိုးကြောင်းတွေကို ဖြတ်လိုက်ပြီး ဝက်ဝံရုပ်ကို အေးမြ လက်ထဲ ထည့်ပေးကာ ...

"အေးမြ ဒီနားက အိတ်တွေပြင်တဲ့ဆိုင်မှာ မျက်နှာတစ်ဝိုက် ကို သုံးပြီး အနားသက်ပေးလို့၊ ပြီးတော့ ဇစ်ကို ဂုတ်ပိုးအထိရောက်အောင် ပြန်လဲတပ်ပေးလို့ သွား .. မြန်မြန်လေး .."

ဦးလေးမော် မိန်းကလေးရဲ့ ရည်ရွယ်ချက်ကို ရိပ်မိလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဖြူးလိုက်မိသည်။ ဒီထက်ကောင်းတဲ့ နွေးလှတဲ့ အနွေးထည် ရှာစရာ မလိုတော့။ ခြေထောက်,လက် ခေါင်းစွပ် ရှာစရာမလိုတော့ ..။

သူမက ကလေးအတွက် စိုးရိမ်နေတဲ့ လင်မယားကို အနွေးထည် တစ်ထည်ရဲ့ အကြောင်းကို ရှင်းပြနေပါတယ်။ ဟို လင်မယားက မိန်းကလေးကို ကျေးဇူးတွေတင်နေတာပေါ့ ..။

"ကျေးဇူးတင်လိုက်တာ ညီမရယ် .."

"ရပါတယ် အစ်ကိုရယ် .. အစ်ကိုလဲ ကလေးအတွက် အနွေးထည်ဖိုး ထပ်မကုန်တော့ဘူးပေါ့ ..၊ ဩော် .. ဒါနဲ့ စားရသောက်ရ နေရတာ အဆင်ပြေလားရှင့် .."

"ဟာ .. ပြေတယ် .. ဘာမှ မလိုဘူး .."

နှယ်ရိုးမ ဆိုတဲ့ မိန်းကလေးက သူ့ဆီ လျှောက်လာကာ ...

"ဟင် .. အန်ကယ်ကို ဘာမှ မစီစဉ်ပေးသေးဘူးလား .."

"ရတယ် သမီး ဦးလေးစောင့်နိုင်ပါတယ် .."

ရိုးမ က အားနာဟန်နဲ့ ...

"ညီမလေး ရေ .. အစ်မ စမ်းကြည် .."

"လာပြီ ရိုးမ ရေ .. ဦးလေးမော် အတွက် အသင့်ပဲ .."



သူ့ရှေ့မှာ စားစရာ အစုံအလင်ရောက်လာပါတယ် ..။ အစ်မ စမ်းကြည် လို့ ရိုးမ ခေါ်တဲ့ မစန်းကြည် က ယပ်တောင် တစ်ချောင်းနဲ့ ခပ်ဖြည်းဖြည်း ယပ်ခပ်ကာ ...

"ဦးလေးမော် ဒီမနက်မှ ရောက်တာလား .."

ရိုးမ ဆိုတဲ့ မိန်းကလေးက ကိုယ်တိုင် ဓာတ်ဗူးထဲက ရေနွေးကို ရေနွေးခွက်ထဲ ငှဲ့ထည့်ပေးပါသည်။

"အေးဟ .."

"ဘယ်မှာတည်းလဲ ပွင့်ထူး မှာထင်တယ် .."

သူ ဟင်းရည်တစ်ဇွန်းကို ခပ်သောက်ကာ ..။

"အေး .. ငါ တည်းတဲ့ အခန်းက မပြန်ကြသေးလို့ အိပ်တောင် မနေရဘူး အခန်းထဲ ထည့်ပြီး ထွက်လာတာ .."

မစမ်းကြည် က ခေါင်းညိတ်ကာ ရိုးမ ဆိုတဲ့ မိန်းကလေးကို ...

"ရိုးမ ဒါ ငါတို့ ပြောပြောနေတဲ့ ဦးလေးမော် ဆိုတာလေ ..၊ ကျိုက်ထီးရိုးရောသီဆိုရင် တစ်နှစ်ကို ငါးခေါက် ခြောက်ခေါက်ရောက်နေကျ။ နေရင်လဲ တစ်ပတ် ဆယ်ရက်နေတတ်တာ ..၊ ဦးလေးမော်က ရိုးမ ကို သိမှာ မဟုတ်ဘူး .. ဦးလေးမော် မနှစ်က မရောက်ဖူးလေ.

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် ဒါက နှယ်ရိုးမ ..”

“ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ဦးလေးမော်၊ ဦးလေးမော် အကြောင်း သမီးကြားပြီးပါပြီ .. အဆင်မပြေတာရှိရင်ပြောနော် ..”

“အေးပါ သမီးရယ် .. ဒါနဲ့ ဟို နေသစ်မင်း တို့ အုပ်စု ဒီမှာတည်း ကြတယ်ဆို .. ခုနမှ ရောက်တဲ့ လူငယ်အုပ်စုလေ ..”

“ဟုတ်ကဲ့ ဒီမှာပဲ တည်းတယ် ဦးလေးမော် ..၊ ဘုရားပေါ်တက် သွားကြတယ်၊ သမီးကို ခွင့်ပြုဦးနော် .. လုပ်စရာလေးရှိလို့ ..”

“အေးအေး .. သမီး ..”

ရိုးမ ဆိုတဲ့ မိန်းကလေးထွက်သွားပါတယ်။ သူ ထမင်းကို မြိန် ရေရှက်ရေ စားသုံးမိသည်။ တစ်ချို့ဟင်းတွေက ဒီမှာ မတွေ့ရတတ် တဲ့ ဟင်းလျာတွေ၊ ဒညင်းခွက်ကို ထောင်းပြီး အုန်းနို့နဲ့ ကြော်တာတို့ ဝက်သားပုန်းရည်ကြီးတို့ နောက်ပြီး အညာဆန်တဲ့ အမယ် ဟင်းမျိုး တွေ တို့စရာတွေကိုပေါ့ ..။

ဦးလေးမော် သဘောပေါက်မိသည်။ ရိုးမ ဆိုတာ ကျော်ကြား ထိုက်ပါတယ်လို့ ..။



“ဘယ်လိုလဲ ဦးလေးမော် .. ယုံပြီလား ..”

ဘုရားဖူး ,ရွှေသက်န်းကပ်ပြီး သူ ပြန်လာတော့ ခြောက်နာရီကျော် ပြီး သူ့အခန်းရှေ့က ဝရံတာနားက ခုံတန်းလျားမှာထိုင်ရင်း အောက် မှာ ကျိုက်ကျိုက်တိုး များပြားလှတဲ့ ဘုရားပေါ်တက်သူတွေ ထမင်းစား ကြသူတွေ ဈေးရောင်းသူတွေကို ငေးကြည့်ရင်း မန်နေဂျာ ရောက် လာကာ သူ့ဘေးမှာ ဝင်ထိုင်ရင်း ပြောသည်။ ပြီးတော့ စားပွဲထိုးသား လာချပေးထားတဲ့ ရေနွေးကြမ်းကို မန်နေဂျာက ငုံ့သောက်သည်။ မန်နေဂျာ ဘာမေးလဲ သူ သိတာပေါ့ ..။

“အေးဗျာ တကယ့် တောအုပ်လေးပဲ ..”

မန်နေဂျာက သူ့ စကားကြောင့် ရယ်သည်။ ဦးလေးမော် စူးစူး စမ်းစမ်း မေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်က တောင်ပေါ်သူ က ရှိလား .."

"ရှိတယ် .. ဒီယောက်ကြီးတော့ မရောင်းရဘူး၊ ရိုးမ မလာခင် တစ်နှစ်ကအထိပေါ့ .."

"ဒီကလေးမက .."

သူ့အမေးကြောင့် မန်နေဂျာ က ရယ်ပြီး ...

"ဦးလေးမော် ရိုးမ အကြောင်းကို တော်တော် စိတ်ဝင်စားနေတယ်နဲ့ တူတယ် ..."

သူ မငြင်းပါ ..၊ ခေါင်းညိတ်ပြတော့ ...

"ဒီကလေးမက ဒီနားက ဆိုင်တွေနဲ့ ရင်းနှီးပါတယ်၊ ဟိုဆိုင်က မိသဲ တို့က လွဲရင်ပေါ့ .."

မန်နေဂျာ ညွှန်ပြရာ ဆိုင်က တောင်ပေါ်သူနဲ့ ဘေးချင်းကပ် ဆိုင် မိသဲ ဆိုတာ သူသိသည်။ ရိုးမ တို့ အရွယ်ပေါ့၊ ပိုင်ရှင်ရဲ့ တူမ ..။

"ဒီမှာက ဆိုင်ရှင်တွေက ကြီးကြပ်နိုင်မယ့် ချောချောလှလှတွေကို ပိုက်ဆံပိုပေးပြီး ခေါ်ကြတယ်လေ ..၊ ဆွဲဆောင်နည်းတစ်မျိုးပေါ့ ရန်ကုန်ဆိုရင်တော့ ရုပ်မိုက်စာ .. အဲ .. အဲလို ခေါ်မလား .."

မန်နေဂျာကြီး စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်ပြော ခေါင်းညိတ်ပြမိပါသည်။



"တစ်ချို့ဆိုင်တွေက လာတည်းတဲ့ လူအနေအထားကို ကြည့်တယ် ..၊ သုံးနိုင်ဖြုန်းနိုင်တဲ့သူဆို ဦးစားပေးသလောက် မြို့ခြံရွှေတာပြီး ဘုရားဖူးလာတဲ့သူကို အရေးမလုပ်ချင်ဘူးလေ .."

သူလဲ အဲဒါကို သိနေပါသည်။

"အဲဒီ ပြဿနာကို ရိုးမ က ကောင်းကောင်းသိတယ် ..၊ သူက ဘယ်သူ ဘယ်ဝါဆိုပြီး မခွဲခြားဘူး .."

ညနေက ကလေးအတွက် အနွေးထည် ဖြေရှင်းခန်းလိုပေါ့ ..။

"ရိုးမ က ထူးတော့ ထူးဆန်းတယ်ဗျ .. သူ့အတွေး သူ့စကားတွေက ကြာကြာပြောကြည့်ရင် သဘာဝအကြောင်းတရားကို တော်တော် နားလည်နေသလိုပဲ ဦးမော် .."

"သဘာဝတရားကို ! ..."

"ဟုတ်တယ် ဦးမော် .. မြစ်တွေရဲ့ တန်ဖိုး၊ သစ်တောတွေရဲ့ တန်ဖိုးကို သူတော်တော် တန်ဖိုးထားသလိုပဲ .."

ဦးလေးမော် မျက်စိုးမြှင့်တက်မိပါသည်။ အေးစိမ့်စိမ့် အချမ်းဒဏ်က သိသာလာသည်။ မီးရောင်တွေကြားထဲ နှင်းတွေမြူတွေ ဆိုင်ဝင်ပုံက အိပ်မက်ဆန်လွန်းသည်။ မန်နေဂျာက စကားပြန်ဆက်သည်။

"ရိုးမ က ရင်းငြိမ် ဓာတ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



"ရင်းငြိမ် ဆိုတာ .."

"ရင်းငြိမ် ဆိုတာ သထုံ နဲ့ ဖင်းကျိုက် ကြားကပေါ့ .."

"ဩော် .. ဒီနားလေးပဲ .."

မန်နေဂျာ က ရေနွေးငှဲ့ပေးတော့ ...

"ကျေးဇူးပဲကွာ .."

မန်နေဂျာက တောတစ်ခု အကြောင်းကို ဆက်ပြောသည်။

"သူက တောင်ပေါ်သူ ဆိုင်ပိုင်ရှင် မလှမွေးချို ရဲ့ အစ်မ၊ သထုံ မှာနေတဲ့ အန်တီအေး ရဲ့ သမီး ချစ်သဲဖြူလေး ကို ရှိုးမ က စာပြပေး ရတာ .."

"ကျူရှင် ဆရာမပေါ့ .."

"ရှိုးမ က အချက်အပြုတ်လဲ ကောင်းတယ် .. ဒီ ကလေးမက ဘွဲ့ရပြီးသားဗျ .."

မန်နေဂျာ စကားက ယုံမှားစရာ မရှိပါ ..။

"ရှိုးမ ရဲ့ အဖေက မွန်မြန်မာ စပ်ပဲ ..၊ ကဗျာ ဆရာပေါ့ .."

"ကဗျာဆရာ ဘယ်သူလဲဗျ .."

ဦးလေးမော် သူကိုယ်တိုင်လဲ ကဗျာကိုနှစ်သက်သူမို့ မေးမိ တော့ မန်နေဂျာက ...



"နေပါဦး .. ဒီနာမည်ကို သိပါတယ် ..၊ မိုး .. မိုးပါတယ်ဗျာ .. သုန် မဟုတ်သေးဘူး .."

ဦးလေးမော် လွှတ်ခနဲ ပြောကြည့်သည်။

"မုတ်သုံမိုး လား .."

"ဟာ .. ဟုတ်တယ် .. အဲဒါ ရှိုးမ အဖေ .."

မုတ်သုံမိုး ဆိုတာ နာမည်ရှိတဲ့ ကဗျာဆရာတစ်ယောက်၊ ဒီကောင်မ လေး အစွမ်းထက်တာ ဗီဇမှန်လို့ အပင်သန်တာ ဖြစ်လိမ့်မည်။

"သူ့အမေကတော့ ကရင်လူမျိုး နာ့စ် တစ်ယောက်ပေါ့ .."

ဦးလေးမော် ခေါင်းညိတ်ပြရင်း ...

"ဒါဆို သထုံမှာ စာသင်ရင်း ဒီကိုရောက်လာတယ်ဆိုပါတော့ .."

"ဦးလေးမော် ခန့်မှန်းတတ်သားပဲ .."

"ကဲ .. ထမင်းသွားစားလိုက်ဦးမယ်ကွာ .. မင်းရော .."

"ကျွန်တော်က စားပြီးပြီ ဦးလေးမော် .."

သူ မန်နေဂျာကို နှုတ်ဆက်ကာ ထမင်းဆိုင်ဘက် ထွက်လာ ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



- နောင်အခါ...

  သစ်ပင်နဲ့သစ်တော...

  ပုံပြောသလိုပြောရတော့မယ်...။

- သစ်တောတဲ့

  စိမ်းကြောရောလိုလှတ်သင်

  ရှိရှင်းသန့်သန့်ပါ...။

- တောမရှိတဲ့တောင်တန်းတွေလဲ

  ချောင်ထဲ့းလို့ပြုပြုပြီ...

  တဲ..မြေလှန်ရော

  ဘာကျန်သေးလဲ...။



"ဦးလေးမော် လာလေဗျာ .."

နေသစ်မင်း ဆိုတဲ့ ချာတိတ်က ကျွန်တော့်ကို မြင်တော့ သူတို့ ဝိုင်းတိုလာဖို့ပြောသည်။ သူတို့ ထမင်းစားဝိုင်းက ပြီးပဲပြီးတော့မှာမို့ ..။

"စား .. စား .. မင်းတို့ကပြီးတော့မှာ၊ ငါ ဒီမှာပဲ တစ်ယောက်ထဲ ဝိုင်းတော့မယ်..."

သူ နေသစ် တို့ ဘေးဝိုင်းမှာ ဝင်ထိုင်တော့ နှယ်ရိုးမ ဆိုတဲ့ မိန်းကလေး အပြုံးတွေ မျက်နှာပေါ် ဆင်ရင်း ရောက်ရှိလာပါတယ်။

"ဦးလေးမော် .. ဘာဟင်းနဲ့ စားမလဲ .. အမယ်ဟင်းတွေထဲမှာ ဝဲကြီးနှပ်ရှိတယ် ..၊ နောက်ပြီး ငါးဖားမ ငါးပိကောင်ကို ရေပ်သီးသပ် စပ်ကြော်ထားတယ်၊ ပုန်းရည်ကြီးသုပ်လဲရှိတယ် .."

"ငါ့ သမီးပြောတာနဲ့ ဗိုက်ဆာလာပြီ .. သမီးပြောတဲ့ ဟာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ချတော့ ..”

ဦးလေးမော် စကားကြောင့် ရိုးမ က ရယ်ပြီး ဆိုင်က ကောင်မလေးတွေကို လှမ်းမှာပါသည်။

ဘေးဝိုင်းက နေသစ် က ...

“မမ ..”

“ရိုးမ က ဦးလေးမော် ဘေးမှာထိုင်ရင်း ထူးပါသည်။

“ရှင် ..”

“နေသစ် ကျတော့ ဦးလေးမော် မှာတာတွေ မချပေးဘူး ..”

နေသစ်က ကလေးတစ်ယောက်လို ဂျိုကျချင်နေသည်။ ဦးလေးမော် ထို ကောင်လေးရဲ့ မျက်ဝန်းထဲက အရိပ်တွေကို သိပါတယ်။ မိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ အခြေချ ခိုလှုံချင်တဲ့ အရိပ်အယောင်တွေလေ ..။ ရိုးမ ဆိုတဲ့ ကလေးမလဲ ဒီလောက်ဆို အကဲခတ်မိမှာပါ။ ဟော .. ဘေးက သုသု ဆိုတဲ့ ကလေးမကတော့ နေသစ် ရဲ့ အပြောအဆိုတွေကြောင့် မျက်နှာက သုန်သုန်မှုန်မှုန် ...

“ဩော် နေသစ် ရယ် .. ဦးလေးမော် က လူကြီးလေ၊ ပြီးတော့ ဒီလိုအစားအသောက်မျိုးတွေ ကြိုက်တတ်တာများတာကို ..၊ မင်းတို့ မကြိုက်မှာစိုးလို့ မမ မပြောတာပါ ..”



ရိုးမ စကားကြောင့် သီရိ က ...

“ဟုတ်တယ် မမ၊ အပိုလျှောက်ပြောနေတာ .. ပုန်းရည်ကြီးတို့ ပဲကြီးဟင်းတို့ သူတကယ်လဲ မကြိုက်ပဲနဲ့ ..”

သီရိ စကားကြောင့် ရိုးမ က ပြုံးသည်။ သုသု က ရိုးမ ကို မျက်ခနဲ လှမ်းကြည့်ပြီး နေ့သစ် ဘက် ပြန်လှည့်ကာ ...

“နင်ဟာလေ .. ဘာမဟုတ်တဲ့ အစားအစာတွေကို ကြိုက်နေတယ်၊ ရန်ကုန်ရောက်မှ နင့်ကို မနေဖြူ ဒေါ်စောရီ တို့ ရွှေဘ တို့ ခိုင်ခိုင်ကျော် တို့မှာ အဝကျွေးမယ် ..”

“ဟဲ့ ..”

သီရိ က ရိုးမ ကို အားတုံ့အားနာနဲ့ ကြည့်ပြီး လှမ်းဟန့်သည်။ ရိုးမ က အပြုံးမပျက် ပကတိအနေအထား ..။ ဦးလေးမော် က အခြေအနေကို ထိန်းတဲ့အနေနဲ့ ...

“မင်းတို့ ဘယ်နေ့ပြန်မှာလဲကွ ..”

နောင်နောင် က ဦးလေးမော် စကားကြောင့် ပြန်ဖြေပါတယ်။

“မပြန်သေးဘူး .. ဦးလေးမော် .. မနက်ဖြန်ဆို .. နေ့သစ် နဲ့ သုသု တို့ ဒယ်ဒီနဲ့ မာမီတွေတက်လာကြမှာ ..”

“ဘယ်မှာတည်းမှာလဲ ဒီမှာလား ..”

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် စကားကြောင့် သူတို့က ဟာသပြက်လုံးတစ်
ကြားရသလို ရယ်ပါသည်။

"ဘယ်တည်းမှာလဲ ဦးလေးမော် ရာ .. ကျိုက်ထို ဟိုတယ်မှ
ဘွတ်ကင်ဝေါာင် ချိတ်ပြီးပြီ .."

"ဩော် .."

သူ လက်နဲ့ အားပါးတရ စားနေတာမြင်တော့ .. ရိုးမ က
စရာထပ်ဖြည့်ပေးရင်း ...

"ဦးလေးမော် ထမင်းစားတာ .. သားကကြည့်ရသူတောင် အား
တယ် .."

သူ ရိုးမ ဖြည့်ပေးတဲ့ ရေနွေးပူပူကို မှုတ်သောက်ပြီး ...

"သမီးရဲ့ ထမင်းနဲ့ဟင်းတွေက စေတနာပါတာကို အဲဒါကြော
စားကောင်းတာ ဖြစ်မယ် .."

နွေသစ်တို့ ဝိုင်းက ကျသလောက်ရှင်းပေးပြီး ဘုရားပေါ် တတ်
ပြင်ပါတယ်။ သုသု နဲ့ သီရိ က အခန်းဘက် ခဏပြန်သွားတော့
သစ်က ဖျတ်ခနဲ ရိုးမ အနားရောက်လာကာ ...

"မမ .. ကျွန်တော်တို့ရဲ့ ဘုရားပေါ် လိုက်ခဲ့ပါလား .."

ရိုးမ က အပြုံးနဲ့ခေါင်းလေးခါကာ ...



"ဆိုင်မှာ မမ မရှိလို့ မဖြစ်ဘူး .. နွေသစ်ရဲ့ နောက် အားမှနော်"

နွေသစ် က နှုတ်ခမ်းစူတော့ ...

"ဟော .. သုသု တောင် ပြန်လာပြီ သွားပါကွာ .. မင်းကောင်မ
လေး စိတ်ကောက်နေဦးမယ် .."

"မမနော် .. ကျွန်တော်နဲ့ သုသုက သူငယ်ချင်းတွေ .."

သုသု က သူတို့ အနားရောက်လာကာ ရိုးမ နဲ့ နွေသစ်ကို မယုံ
သင်္ကာဟန်ကြည့်ပြီး ...

"ဟဲ့ .. ဘာလုပ်နေတာလဲ .. သွားမယ်လေ .."

နွေသစ် တို့ အုပ်စုထွက်သွားတော့ ရိုးမ က သက်ပြင်းချသည်။
ပြီးတော့ မလုံမလဲနဲ့ ဦးလေးမော် ကို ကြည့်ကာ ရှက်ကိုးရှက်ကန်းဆို
သည်။

"ကောင်လေးက တဖွတ်ထိုးလေးနော် ဦးလေးမော် .."

"ငါ့ သမီးက လှတာကို ကောင်လေးက တဖွတ်ထိုးပြီပေါ့ .."

"ဟာ .. ဦးလေးမော် ကလဲ .."

ရိုးမ ရှက်ကိုးရှက်ကန်နဲ့ ထပြေးတော့ ဦးလေးမော် ထမင်းစား
ရင်း တဟားဟားရယ်ကာ သီးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောမို့ ဘုရားဝတ်ပြုပြီး ထုံးစံအတိုင်း နှင်းတွေကို အေးအေးဆေးဆေး ငေးကြည့်ချင်တာနဲ့ ရဟတ်ယာဉ်ကွင်းဘက် ထွက်ခဲ့ပါတယ်။ ဒီအချိန်က လူရှင်းတာကြောင့်လဲ ပါတာပေါ့ .. ရဟက်ယာဉ်ကွင်းက သုံးလေးကွင်းမို့ သူ အနီးဆုံးကွင်းတစ်ခုကို ရွေး လိုက်ပါတယ်။ နှင်းအားကောင်းကောင်းနဲ့ သိုင်းဖွဲ့ပြီးဆင်းလာတာ ကြောင့် တောင်တွေကို ပီပီပြင်ပြင် မမြင်ရရှာ ..၊ အောက်ကို ငုံ့ကြည့် တော့ သစ်ပင်တွေက မှုန်မှုန်ဝါးဝါး ဦးလေးမော် ခေါင်းစွပ်ကို စင် ကြည့်တော့ နှင်း ရဲ့ အထိအတွေ့ကိုရသည်။

သူ့ ဂျာကင်အိတ်ထဲက စီးကရက်ဘူးနဲ့ မီးခြစ်ကို ထုတ်က တစ်လိပ် မီးညှိပြီး သောက်မိသည်။ ဒီလို နှင်းတောထဲမှာ စီးကရက် သောက်ရတာ သူ အနှစ်သက်ဆုံးပဲလေ ..။



သူ တခြားကွင်းထဲကို ကြည့်တော့ သူနဲ့ အနီးဆုံးကွင်းမှာ အနီ ရောင် အရိပ်တစ်ခုကိုတွေ့သည်။ ထိုအရိပ်က ငြိမ်ငြိမ်သက်သက် လေး သူ့သေချာစိုက်ကြည့်တော့မှ ...

"ရှိုးမ .. ပါလား .."

ဆွယ်တာအနီရောင် သိုးမွေးခေါင်းစွပ်အနီရောင်နဲ့ ကောင်မ လေးက ပတ်ဝန်းကျင်ကို မေ့ပစ်ပြီး ငြိမ်ငြိမ်သက်သက်လေး စီးမျှော နေပုံ ..။

ဦးလေးမော် လှေကားထစ်အတိုင်းဆင်းလာပြီး ရှိုးမ ရှိတဲ့ ရဟတ် ယာဉ်ကွင်းဘက် ကူးလာပါသည်။ အနားရောက်သည်အထိ မိန်း ကလေးက မသိရှိသေး ..၊

"အဟမ်း .."

သူမ ဆက်ခနဲ ဖြစ်သွားကာ ...

"ဩော် .. ဦးလေးမော် .."

ဦးလေးမော် ရှိုးမ လိုပဲ ရဟတ်ယာဉ်ကွင်းရဲ့ အနားသတ် အစိုင်း ဆောင်မှာ ဝင်ထိုင်ရင်း တောင်တွေနဲ့ တောတွေကို ငေးကြည့်မိသည်။

"သဘာဝတရားရဲ့ ငြိမ်းအေးမှုဟာ လူတွေရဲ့ စိတ်ကိုလဲ အေး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းအောင် ဖန်တီးနိုင်တယ်နော် ..."

ဦးလေးမော် စကားကြောင့် ရိုးမ က ပြုံးမိသည်။

"ဝါ့ သမီးက ဘာပြုံးတာလဲ .."

"အဲဒီ လူတွေကပဲ သဘာဝတရားရဲ့ ငြိမ်းအေးမှုကို ဖြန့်သတ်တာပဲ မဟုတ်လား ဦးလေးမော် .."

သူ့ မျက်မှောင်ကြုတ်တော့ ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်သည်။ အဲဒါကြောင့် သူက ...

"သမီး က ဘာကို ပြောချင်တာလဲ .."

သူမက ပါးစပ်ထဲက အနိုးအငွေ့တွေကို မှုတ်ထုတ်တော့ ကလေးတစ်ယောက်ရဲ့ အပြုအမူလို ...

"နောင်လာမယ့် အနာဂတ်မှာ တောတောင်တွေ သစ်တော တွေ ရှိပါဦးမလားလို့ .."

သူ့ ခေါင်းတညိတ်ညိတ်နဲ့ ...

"ညည်းပြောတော့လဲ အဟုတ်သားကွ .."

ရိုးမ က ဆက်ပြောပြန်ပါသည်။

"သစ်တောထဲက စိမ့်ထွက်လာတဲ့ရေတွေဟာ စမ်းချောင်းတွေ



ချောင်းတွေ အဖြစ် စီးကြရတယ် ..၊ အဲဒီလို ရေ ရဖို့ သစ်တောလိုတယ် ဦးလေးမော် .."

အသက်ငယ်ပေမယ့် ဒီကလေးမက ဗဟုသုတ ရှာနိုင်သည့်ပုံ..။

"လုပ်စမ်းပါဦး .."

ရိုးမ က သူ့ စကားကြောင့် ခေါင်းညိတ်ပြပြီး ...

"တောက ဘယ်လောက်အရေးကြီးလဲဆိုတာ .. တောအုပ်က မိုးမှ ရသမျှ ရေတွေ ကြာကြာစီးတယ်၊ ဖြည်းဖြည်းစီးတယ်၊ ရာသီဥတု ကောင်းတယ် ..၊ စိုက်ပျိုးရေးကောင်းတယ်၊ လူတွေ ရေကောင်းရေသန့်ရတယ်၊ အောက်ရေ့မြေအောက်ရေဆိုတာ ရွာသမျှ မိုးက ၅ လက်မ ၆ လက်မ ရွာ ဝေါခနဲ စီးဆင်းတယ် ..."

"တောမရှိရင်ရော .."

ဦးလေးမော် အမေးကို ရိုးမက အခုလို ဖြန့်ဖြေပါတယ် ..။

"တောမရှိရင် ဝေါခနဲ စီးတယ်၊ တောရှိတဲ့အတွက် ဖြည်းဖြည်းစီးတယ် ..၊ ဖြည်းဖြည်းစီးတဲ့အတွက် ရေတွေသုံးရတယ်၊ ရာသီဥတုကောင်းတယ်၊ တိရစ္ဆာန်တွေအတွက် မှီခိုရတယ်၊ စိုက်ပျိုးရေးအတွက်လဲ ကောင်းတယ်၊ ဖြည်းဖြည်းစီးတဲ့အတွက် မြေအောက်ရေ

www.burmeseclassic.com

www.burmeseclassic.com



လည်းရတယ် ..၊ တောရဲ့ အကျိုးဆက်တွေပေါ့ ..”

ဦးလေးမော် ဒီကောင်မလေးကို နည်းနည်းတော့ ဖြုံသွားပါသည်။

“အဲဒါ ဘယ်သူ ပြောတာလဲ ..”

ရိုးမ က ပြုံးစိစိ နဲ့ ...

“စာအုပ်တွေက ပြောတာလေ .. ဦးအုန်း (သစ်တောပညာရှင်) လေ ..”

“ညည်းနဲ့ စကားပြောရတာ ကောင်းလိုက်တာ၊ နောက်ပြီး အခု လို တောတွေကို ငုံ့ကြည့်ပြီး တောတောင်တွေရဲ့ အကြောင်းကို ဆွေးနွေးရတာ ကောင်းတယ် ..၊ ဒါနဲ့ တောပြုန်းရခြင်းရဲ့ အဓိက တရားခံက ဘာလဲ ..”

“အင်း တောပြုန်းရခြင်းရဲ့ အဓိကတရားခံအစစ်ကတော့ လူတွေပဲ ..၊ လူတွေကပဲ သစ်ပင်တွေ စည်းမရှိ ကမ်းမရှိ ခုတ်လှဲတယ်၊ တောမီးလောင်တယ်၊ လူတွေကပဲ ထင်းအဖြစ် တောခုတ်ကြခြင်းနဲ့ ကောက်ပဲသီးနှံစိုက်ပျိုးရန် တောရှင်းကြခြင်းကြောင့် တောပြုန်းရ တာပဲ ဦးလေးမော် ..၊ တောပြုန်းတဲ့အထိမှာ ၁၈၈၃ – ၈၅ ခုနှစ်မှာ



မိုးလျော့နည်းမှု စက်ဝိုင်းတစ်ပတ် ပြန်လည်လာသည့်အခါမှာ အထက် မြန်မာပြည်မှာ မိုးကြီးခေါင်သည့် အခြေသို့ ဆိုက်ခဲ့သည်အထိ ဖြစ်ခဲ့ တယ်လေ ..”

“ဒါပေါ့ဟာ .. နိုင်ငံတစ်နိုင်ငံအတွက် တောတွေတောင်တွေ မြစ်ချောင်းတွေဆိုတာ တန်ဖိုးဖြတ်မရတဲ့ ဘုရားပေးတဲ့ ဆုလာဒ်ဟာ ..၊ ဒါနဲ့ ညည်းက ဘာနဲ့ ဘွဲ့ရတာလဲ ..”

“ဘူမိ နဲ့ ..”

“ဒါနဲ့ ဘာလို့ ထမင်းဆိုင်မှာ ဝင်လုပ်နေရတာလဲ ကလေးမ ..”

ဦးလေးမော် နောက်ရှုတ်ရှုတ်ပြောတော့ သူမက ပခုံးတွန့် ပြီး တာ ...

“အခြေအနေအရပေါ့ .. ပြီးတော့ အခွင့်အရေး မပေးသေးဘူး ထင်ပါတယ် ဦးလေးမော် ..”

ဦးလေးမော် က ခေါင်းတညိတ်ညိတ်နဲ့ ...

“ညည်းပြောမှပဲ တွေးမိတယ် သမီး ..”

“ဘာကိုလဲ ဦးလေးမော် ..”

“ဩော် .. လူတွေရဲ့ အတ္တကို ပြောပါတယ် ..၊ ကိုယ့်ကိုယ်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်မပြောနဲ့ မြက်တစ်ပင်တောင် မပျိုးနိုင်ပဲနဲ့ ကိုယ့်အတွက် အကျိုးစီးပွားအတွက် သစ်ပင်တွေလှဲခုတ် .. ခိုးထုတ်နေကြတာကို ပြောပါတယ် ..”

နှင်းတွေက တဖြည်းဖြည်း ပြိုကွဲလာသည်။ နေရောင် အလင်းတန်းတွေ နှင်းတွေကြားထဲ ဖြတ်ပြေးပုံက အလှဆုံး ရှုခင်းတစ်ခု တောတောင်ရေမြေတွေပေါ် နှင်းတွေ ခုန်ဆင်းလဲလှတာပါပဲ ..။ နေရောင်တွေ ပြိုကျလဲလှတာပါပဲ ...။



တောင်ပေါ်မှာ ရယ်စရာအဖြစ်တွေလဲရှိပါတယ် ..။ မနက်ပိုင်း အိုကမီးမှာ လက်ဖက်ရည်သောက်နေတုန်းပေါ့ ..။

“ဦးလေးမော် တစ်ယောက်ထဲလား ..”

သူထိုင်နေတဲ့ နေရာက ဝင်ပေါက်နဲ့ နီးသည်။ နေသစ်မင်း နဲ့ အေးမင်းဆက် က သူ့ဝိုင်းမှာ ဝင်ထိုင်သည်။

“ကျန်တဲ့ လူတွေရော ..”

“နောင်နောင် က အိပ်တုန်း၊ သုသု နဲ့ သီရိ က ဗေဒင်မေးဖို့ဆိုပြီး ထွက်သွားလေရဲ့ ..”

“မှာလေကွာ ..”

အေးမင်းဆက် က သူ့စီးကရက်ဗူး လှမ်းယူကာ တစ်လိပ်ထုပ်ပြီး သောက်ရင်း ...

www.burmeseclassic.com



"ကျဆိမ့် တူးမယ် .."

စားပွဲထိုးလေးက ခေါင်းညိတ်ပြီး အဖျော်ခန်းကို လှမ်းအော်ပါသည်။

"ကျဆိမ့်နှစ်ခွက် ရှယ် ဖွန်းနှစ်ချောင်းနဲ့ .."

အေးမင်းဆက် က ခပ်တည်တည်နဲ့ ..။

"ဖွန်းပဲထည့်နော် .. ခက်ရင်းမထည့်နဲ့ .."

အေးမင်းဆက် စကားကြောင့် ကောင်လေးက ရယ်သည်။ လက်ဖက်ရည်သောက်ရင်း ဘုရားပေါ်တက်သွားတဲ့လူတွေ ဘုရားပေါ်က ဆင်းလာတဲ့ လူတွေ၊ နောက်ပြီး လက်ဆောင်ပစ္စည်းဝယ်ကြနဲ့ အတော်ကို စည်ကားပါသည်။

ဦးလေးမော် က အဆင်းအတက်မှာ ရှုပ်ထွေးနေတဲ့ လူတွေကို ကြည့်ပြီး ...

"အတော်စည်တာပဲကွ နော် ..."

"ဒါ .. အကင်းပဲ ရှိသေးတယ် ဦးလေးမော် ..၊ နောက်လဆို ဒီထက် ပိုလူလာဦးမှာ .."

"အခုတောင် တည်းခိုစရာ နေရာတောင် မနည်းလုပ်ရနေရတာ



နောက်လဆိုရင်တော့ .."

ဦးလေးမော် ပခုံးတွန့်ပြီး ပြောတော့ အေးမင်းဆက် က သဘောကျသလို ရယ်ပါသည်။ အဲဒီအချိန်မှာ တောင်းကြီးတစ်လုံးကို ရွက်လာတဲ့ အဒေါ်ကြီးက သူတို့ လက်ဖက်ရည်သောက်နေတဲ့ ဆိုင်အဝင်ဝနေရာနဲ့ မလှမ်းမကမ်းမှာ တောင်းကိုချပြီး အမောဖြေနေပါသည်။

"ဘာတွေလဲ .. အစ်မ .."

တိုင်းရင်းသား ရုပ်ရည်နဲ့ အဒေါ်ကြီးက တောင်းကို သူတို့နား ရွှေ့သယ်လာပြီး ...

"သီဟိုဠ်စေ့တွေလေ .. အားပေးကြပါဦး .."

အေးမင်းဆက် က သီဟိုဠ်စေ့တွေကို လှမ်းကြည့်ပြီး ...

"ဦးလေးမော် .. ကျွန်တော်တို့ အမျိုးတွေက ကျိုက်ထိုမှာ ရှိတယ်လေ .. သစ်သီးခြံတွေ ရော်ဘာခြံတွေပိုင်တယ်၊ ကြီးတော် ဒီ သီဟိုဠ်စေ့တွေက ကျိုက်ထိုက ထွက်တာနော် .. ဟုတ်တယ်မှတ်လား ..."

"မဟုတ်ဘူး သားရဲ့ ရန်ကုန်သိမ်ကြီးဈေးကဝယ်ပြီး ရောင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီး စကားကြောင့် ဦးလေးမော် က ရယ်ပါတော့သည်

"မင်း ခန့်မှန်းချက်က ကွက်တိပဲ ဘောလုံးဂျာနယ်မှာ အလုပ်

လုပ်ပါလား .. အေးမင်းဆက် .."

"ဟာ .. ဦးလေးမော် ကလဲဗျာ .."

ဦးလေးမော် က သီဟိုဠ်စေ့ တော်တော်များများ ဝယ်လိုက်

သည်။ အဒေါ်ကြီး ထွက်သွားတော့ ဦးလေးမော် က ပြုံးစိစိ ဖြစ်

တုန်းပါပဲ ...။

"ဘာတွေ ပြုံးနေကြတာလဲဗျ .."

သူတို့ဝိုင်းထဲကို အသံနဲ့ရှပ် တွဲဝင်လာသူက ဒီကလေး

အုပ်စုထဲက နောင်နောင် ဆိုတဲ့ ချာတိတ် ..။

"လုပ်ပါဟ .. မုန့်ဟင်းခါး အကြော်နဲ့တစ်ပွဲ လက်ဖက်ရည်

ပုံမှန်တစ်ခွက်လောက်ပါ လုပ်ပါဟ .."

"ရမယ် .. အစ်ကို .."

"ဘာလဲ .. ညနေမှလား .."

စားပွဲထိုး ချာတိတ်က နောင်နောင် စကားကြောင့် ရယ်ပါသည်

နောင်နောင် ဦးလေးမော် ကို ကြည့်ပြီး ...



"လုပ်ပါဦး ဦးလေးမော် ခုန ရယ်စရာ ကိစ္စလေ .."

"မင်းကောင် မေးကြည့်လေ .."

အေးမင်းဆက် စပ်ဖြီးဖြီးနဲ့ ရှင်းပြတော့ နောင်နောင် လဲ

ဦးလေးမော် နည်းတူ ရယ်ပါတော့သည်။

"ဟား .. ဟား .. ဟား .. မင်းကတော့ လုပ်ချလိုက်ပြန်ပြီ ဒီကောင်

က ဖောတဲ့နေရာမှာ တကယ့် ဆရာကြီး ဦးလေးမော် .."

"ငါတောင် အစကတော့ အတော်အထင်ကြီးသွားတာ .."

"ဟဲ .. ဟဲ .. ဦးလေးမော် ကလဲဗျာ .."

"အေးမင်း ဟိုကောင်တွေရော .."

နောင်ဇနှာင် အမေးကြောင့် အေးမင်းဆက် က ...

"သုသု နဲ့ သီရိ က ဗေဒင်မေးဆိုလား၊ ဟိုကောင် နေ့သစ်

ကတော့ မမတို့ အနား ဘယ်လိုကပ်ရမလဲ စဉ်းစားပြီး ထမင်းဆိုင်ထဲ

မှာ ဟိုယောင် ဒီယောင် လုပ်နေမှာပေါ့ .."

"ဦးလေးမော် စပ်စုတာ မဟုတ်ဘူး .. တစ်ခုမေးလို့ရမလား .."

"ဟာ .. မေးပါ ဦးလေးမော် .. ဦးလေးမော် နဲ့ ကျွန်တော်တို့က

ဘော်ဒါဖြစ်နေပြီပဲဟာ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် စီးကရက် ကို မီးညှိရင်း ...

"နေသစ် နဲ့ သုသု .. ရိုးမ တို့က ဘာတွေလဲ .."

"အမ် .. ဦးလေးမော် မေးခွန်းကြီးကလဲ .."

အေးမင်း ခေါင်းကုပ်ရင်းပြောတော့ နောင်နောင် က ဝင်ပြောသည်။

"ဦးလေးမော် ဘာမေးလဲ ကျွန်တော်သိတယ်၊ ဒီလို ဦးလေးမော်၊ နေသစ် ဒက်ဒီ ဦးကောင်းပြည့်ဇော် နဲ့ သုသု အဖေ ဦးသီဟအောင် တို့က အကျိုးတူ ပူးပေါင်းထားတဲ့ လုပ်ငန်းတွေရှိတယ် ..၊ ပါတနာ ပေါ့ ဦးလေးမော်၊ ဦးလေးမော် ကြားဖူးမှာပါ MAXELL ကုမ္ပဏီက ကောင်းပြည့်ဇော် ဆိုတာ .."

နောင်နောင် စကားကြောင့် ဦးလေးမော် ပြုံးတော့ ...

"ဦးလေးမော် က ဘာပြုံးတာလဲ .."

"ဒီလိုပါပဲကွာ .."

နောင်နောင်က ဦးလေးမော် ကို မယုံကြည်ဟန် ကြည့်ပြီး -

"ဦးလေးမော် ကြည့်ရတာ တစ်ခုခု သိထားပုံရတယ် .."

"ဟ .. ငါ က ဘာသိရမှာလဲကွ .. ကဲ ပြောပါဦး .."

"သူတို့နှစ်ယောက်ကို ကျောင်းပြီးရင် ပေးစားဖို့ သဘော



ထားကြတာ .."

"အဲဒါနဲ့များကွာ .. မင်းတို့ကောင်က ရိုးမ ကို .."

ဦးလေးမော် ပြောသင့်မပြောသင့်ချိန်ဆပြီး စကားဖြတ်တော့ နောင်နောင် က သက်ပြင်းချပြီး ...

"အဲဒါကြောင့် ခက်နေတာပေါ့ .. တကယ်တမ်းပြောရရင် ပြီးခဲ့တဲ့လကလဲ ကျွန်တော်နဲ့ နေသစ် နှစ်ယောက်ထဲ အိမ်ကလစ်ပြီး ကျိုက်ထီးရိုးကို ရောက်လာသေးတယ် .."

"ဟော .. ဒါဆို မင်းကောင်က ဆေးမမှီတော့ဘူးပေါ့ ..."

ဦးလေးမော် စကားကြောင့် အေးမင်းဆက် က ..။

"ပုဂ္ဂိုလ်ရေးမပါပဲ .. အလွတ်တမ်း ဝေဖန်ရရင် မမရိုးမ တော်တယ်၊ ထက်တယ်၊ အရည်အချင်းရှိတာ စကားပြောကြည့်တာနဲ့တင် သိနိုင်တယ် .."

"အင်း အဲဒါတော့ အမှန်ပဲ .."

ဦးလေးမော် ကလဲ ထောက်ခံစကားဆိုပါသည်။

"ဒါပေမယ့် ဦးလေးမော် .. ဒီကောင့် အဖေနဲ့ အမေက ငွေမျက်နှာ လွှဲပြီး ဘာမှ မကြည့်တတ်ဘူး .. သိများသိလို့ကတော့ ကိုင်ပဲဗျာ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကောင်ကရော .. သုသု အပေါ် .."

နောင်နောင် က ခေါင်းခါသည်။

"နေသစ် က သုသု ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားတာ၊ မမ ရိုးမ နဲ့ တွေ့မှ အချစ်ဆိုတာ သိလာတာတဲ့ ..၊ နောက်ပြီး ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မမရိုးမ မှ မမရိုးမ တဲ့ .."

"တောတိုးမယ့်ကောင်ပဲ .."

"ဘယ်လို .."

"ရိုးမ ဆိုတာလဲ တောပဲလေကွာ .."

"ဟား .. ဟား .. ဟား .. ဟုတ်တယ်ဗျို့ ဦးလေးမော် .."

ဦးလေးမော် က ရယ်ရင်း မျက်မှောင်ကြုတ်ကာ ...

"ရိုးမ ကတော့ မင်းတို့ကောင်အပေါ် သာမန်ပါပဲ့ .."

"ဟုတ်တယ် ဦးလေးမော် .."

"ကဲ စကားဖြတ်တော့ .. ဟိုမှာ သုသုနဲ့ သီရိ လာနေပြီ .."

သုသုနဲ့ သီရိ က ဆိုင်ထဲဝင်လာကာ ...

"ဦးလေးမော် ပါ ရောက်နေတာကို .. ဘယ်သူဒကာလဲ .."

သီရိ စကားကြောင့် ဦးလေးမော် က ...



"ကဲပါ .. ငါ ကျွေးပါ့မယ် .. စားချင်သလောက် စားစမ်း .."

"ဒီလိုမှပေါ့ .. ဦးလေးမော်ရ .."

"အငော် .."

အေးမင်းဆက် ပြောတော့ သီရိက အေးမင်းဆက် ကို မျက်ာင်းထိုးကာ ...

"ငါ့ဘာသာ ငော်တာ ဘာဖြစ်လဲ .."

အေးမင်းဆက် က ပြုံးစိစိနဲ့ ...

"နင် ဝလာမှ စိုးလို့ပါဟာ .."

"ဘာဖြစ်လဲ ဝဝ .. ဟာ .."

"ဟာ .. ငါက ဝရင် ကြိုက်မှာ မဟုတ်ဘူးနော် .."

"အောင်မယ် .. နင် ကြိုက်ရအောင်များ ငါက နေ့နေတာ ြနေတာပဲ .. ခွေးစုတ် .. ခွေးပဲ့ .."

ပြောလဲပြော အေးမင်းဆက် ကျောကိုထုတော့ ဟိုကောင် ျှာကော့အောင် ခံနေရပါသည်။

www.burmeseclassic.com



သစ်တောတဲ့...

ဟုတ်ရောဟုတ်ရဲ့လား...

တောင်ကတုံးလိုပါပဲ...

အပြစ်ပြောစရာဖြစ်နေပါပြီ...။





ကျွန်မ သူလိုလူတစ်ယောက်နဲ့ ဆုံရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးမထားဘူးပါ။ သူဟာ ကျွန်မအတွက် အမောပြေ ရေတစ်ခွက် ဖြစ်သလို အေးမြငြိမ်းချမ်းတဲ့ အရိပ်ကလေးတစ်ခုလဲ ဖြစ်ဝါတယ်။

လိုအပ်တဲ့ ပစ္စည်းတွေဝယ်ပြီး ကျိုက်ထိုဈေးထဲက အထွက်ပေါ့။

"ပွမ် .. ပွမ် .."

"အမေ့ .."

အနီးကပ် ဟွန်းတီးပြီး ရပ်လိုက်တဲ့ ဘုရားဖူးကားကြီးကြောင့် သူမ ရင်ဘတ်ဖိပြီး လှည့်ကြည့်တော့ (....) ဘုရားဖူးယာဥ်လိုင်း အားကြီးဖြစ်နေပါတယ်။ ဒရိုင်ဘာ ဦးလေးသောင်း က ကွမ်းစားရင်း အဟဲဟဲနဲ့ သဘောတွေကျနေပါသည်။

ယာဥ်အကူ မောင်အေး က သွက်သွက်လက်လက် ဆင်းလာပြီး

www.burmeseclassic.com



ရိုးမ ရဲ့ ခြင်းကြီးကို မကာ ...

"တောင်ခြေ သွားမှာမဟုတ်လား မရိုးမ .. တက်တက် .."

"အေးပေါ့ဟဲ့ .."

သူမ ကားပေါ်တက်ရင်း ...

"အဲဒီ ဦးလေးသောင်းဟာလေ .. လူကို အလန့်တကြားပဲ အမေ့ .."

ရုတ်တရက် ကားက မောင်းထွက်တော့ လူက ဟန်ချက်ပျက်ကာ လဲကျမလိုဖြစ်တော့ လက်တစ်စုံက သူမ လက်မောင်းကို လှမ်းထိန်းပေးပါသည်။ သူမ ကြည့်မိတော့ ပါးသိုင်းမွေးစိမ်းစိမ်း မျက်ဝန်းညိုညိုနဲ့လူ ..။ အသက်အရွယ်က သူမတို့နဲ့ လယ်ပယ်တန်းလောက်မည်ထင်သည်။ မျက်ဝန်းတွေက နွေးထွေးဖော်ရွေမှုရှိသည်။ သူမ မျက်လွှာချပြီး ..။

"ကျေးဇူးပဲ .."

"မင်း ဒီမှာပဲ ဝင်ထိုင်လိုက်လေ .."

သူမ အပြုံးနဲ့ ခေါင်းညိတ်ပြတော့ သူက ပြန်ပြုံးပြပြီး လွတ်နေတဲ့ တစ်ဖက်ကို နေရာရွှေ့ထိုင်ပါသည်။

"တောင်ပေါ်မှာရော လူများလား သမီး .."



ဦးလေးသောင်း က ကားမောင်းရင်း လှမ်းမေးတော့ သူမက ပြန်ဖြေပါသည်။

"ပြည့်တာပေါ့ ဦးလေးရယ် .. မနှစ်က ဒီအချိန် ဒီလောက်မများပါဘူး .."

"များမှာပေါ့ မရိုးမ ရယ် .. ဒီနှစ်က နိုင်ငံခြားသားလဲ အဝင်များတယ် ကားနောက်ကို လှည့်ကြည့် .. ကြည့်ပါလား .."

ရိုးမ နောက်ကို လှည့်ကြည့်တော့ မောင်အေး ပြောတဲ့ အတိုင်း နိုင်ငံခြားသားက ကားတစ်ဝက်နီးပါးလောက် ပါ လာပါသည်။

"မင်း နာမည်က ရိုးမ .. ဟုတ်လား .."

ဘေးက လူက အမှတ်မထင် မေးတော့ သူမက အပြုံးနဲ့ ခေါင်း ညိတ်ပြီး ...

"ဟုတ်ကဲ့ ရိုးမ လို့ခေါ်ကြပါတယ်၊ နာမည် အမှန်က နှယ်ရိုးမ"

ထိုလူက အပြင်ကို လှမ်းကြည့်ပြီး ...

"တော်တော် ထူးဆန်းတဲ့ နာမည်ပဲ .. ဒါပေမယ့် မင်းနဲ့ လိုက်တယ် .."

သူ့ရဲ့ မှတ်ချက်က ဘာကို ရည်ရွယ်မှန်း သိသာပါသည်။ တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကားဆိုက်တော့ မောင်အေး က ပြောသည်။

"မရိုးမ ခြင်းကို ထားထားခဲ့ ကျွန်တော်ပြီးမှ တောင်ပေါ် ကား ဂိတ်ကို သွားပို့ထားလိုက်မယ် .."

"ကျေးဇူးပါပဲ .. မောင်အေး ရယ် ..၊ အစ်မလဲ .. မထား တို့ ရေချိုး ဆိုင်ဘက် သွားလိုက်ဦးမယ် .."

ရိုးမ ထွက်သွားတော့ ကားပေါ်မှ ဆင်းလာတဲ့ ငြိမ်းချမ်းညို က ဒရိုင်ဘာအကူ မောင်အေး ကို ...

"ဒီ အမျိုးသမီးက တောင်ပေါ်မှာ ဘာလုပ်တာလဲ ညီလေး .."

မောင်အေး စူးစူးစမ်းစမ်းမေးလာတဲ့ ခရီးသည် အစ်ကို့ကို ပြုံးစိစိနဲ့ အခုလိုပြောပါသည်။

"အစ်ကိုက တောင်ပေါ်မှာ ဘယ်မှာတည်းမှာလဲ .."

"ကျိုက်ထိုပတ်ိုတယ် ဒါမှ မဟုတ်ရင် ရိုးရိုးလေး ဖြစ်ဖြစ်ပေါ့ .."

"ဘယ်မှာတည်းတည်း အဆင်ပြေမှာပါ၊ သေချာတာက ထမင်း စားဖို့ဆိုရင် တောင်ပေါ်သူမှာတည်း .."

"တောင်ပေါ်သူ .."

ငြိမ်းချမ်းညို ဆိုတဲ့ သူ ခပ်တိုးတိုး ရေရွတ်မိတော့ ကားအ



ကောင်လေးက ခေါင်းညိတ်ပြီး ...၊

"တောင်ပေါ်သူမှာ မရိုးမ ရှိတယ်လေ .. မရိုးမ ဆိုင်လောက် အစားအသောက်နဲ့ ဆက်ဆံရေးက ဘယ်ဆိုင်မှ မမီဘူး .."

ငြိမ်းချမ်းညို ပခုံးတွန့်ရင်း ...

"ဟုတ်လို့လားကွာ .."

"သေချာပါတယ် အစ်ကိုရယ် .. တောင်ပေါ်မှာမပြောနဲ့ တောင် ခြေက ဒီကင်ပွန်းစခန်းအထိ မရိုးမ သတင်းက ပျံ့နှံ့တယ် .."

"အေးပေါ့ကွာ .."

သူ ကျောပိုးအိတ်ကို လွယ်ပြီး ထွက်လာတော့ ကောင်လေးက လှမ်းအော်ပြောပါသည်။

"အစ်ကို စိတ်ကူးမလွဲနဲ့နော် ရိုးမ က အမြဲစိမ်းလန်းတယ်နော.."

သူ တစ်ယောက်ထဲပြုံးရင်း ထမင်းစားဖို့ ထမင်းဆိုင်ဘက် ထွက် လာခဲ့ပါသည်။ ထမင်းဆိုင်ရောက်တော့ နည်းနည်းလန်းသွားအောင် ရေမိုးချိုးပြီး ထမင်းစားပါသည်။

ထမင်းစားပြီးတော့ ကျောပိုးအိတ်လွယ်ကာ ကားဂိတ်ဘက် ထွက်လာခဲ့ပါသည်။ ကားဂိတ်ရောက်တော့ စောစောလေးကက် လူများ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါသူ တောင်ပေါ်တက်တဲ့ ကားတစ်စီးပေါ် တက်လိုက်ပါသည်။

"ဟော့ ရိုးမ .. တောင်ပေါ်လိုက်မှာလား .."

ကားစပယ်ယာ က လှမ်းအော်တော့ သူကမန်းကတမ်း လှမ်းကြည့်တော့ ထမင်းဆိုင်က အမျိုးသမီးဖြစ်နေပါတယ် ..။

"လိုက်မှာပေါ့ ကိုကြီးထွန်း ရဲ့ .."

"အေး .. လာလာ နင့်အထုပ်တော့ မင်းဇော် တို့ ကားနဲ့ ပါသွားပြီဟ .."

ရိုးမ ဆိုတဲ့ မိန်းကလေးက သူ့ကို အခုထိ မတွေ့သေးပါ။ ကားပေါ် တက်တဲ့ လှေကားက တက်လာပြီး ကားဝန်းထဲ ဆင်းတော့ သူက လက်ကမ်းပေးတော့ သူမက ဖျတ်ခနဲလှမ်းကြည့်ပြီး မှတ်မိသွားဟန်နဲ့ လက်ကမ်းပေးကာ လက်ကိုအားပြုကာ ဆင်းရင်း သူ့ဘေးမှာ ဝင်ထိုင်ပါသည်။

"ကျေးဇူးပဲနော် .."

"ကျွန်တော် နာမည် ငြိမ်းချမ်းညို ပါ ရိုးမ .. သူငယ်ချင်းတွေကတော့ ကိုညိုလို့ ခေါ်ကြပါတယ် .."

"ဟုတ်ကဲ့ ကိုညို .."



ကားက စထွက်ပါသည်။ သူ နှစ်သက်တဲ့ တောတောင်ရှုခင်းတွေကိုငေးရင်း ကားစီးရတာ ခံစားရတာ တစ်မျိုးပါ ..။

" ကိုညို က ဘယ်မှာတည်းမှာလဲ .."

"အဆင်ပြေမယ့် တစ်နေရာရာပေါ့ .. ဘာလဲ ခင်ဗျား ဆိုင်မှာ လာတည်းရမှာလား ရိုးမ .."

သူမ က တအံ့တသြနဲ့ ဟက်ဟက်ပက်ပက်ရယ်သည်။ သွားဖွေးဖွေးလေးတွေက ပေါ်လွင်သလို တကယ်ငေးကြည့်ချင်စရာကောင်းတဲ့ တောအုပ်လေးမှန်း သူ သိနေခဲ့ပါသည်။

"ဘာကို ရယ်တာလဲ ရိုးမ .."

"ခြော် ကိုညို က ရိုးမ အကြောင်းကို သိနေ့တော့ အံ့သြတာပေါ့ .."

"ရိုးမ က နာမည်ကြီးတင်ယောက်ပဲလေ .."

"ကျွန်မက မင်းသမီးမှ မဟုတ်တာ ကိုညို ရယ် .."

"ဒါပေမယ့် ရိုးမ က မင်းသမီးတစ်ယောက်လို လှတာပဲလေ .."

ကားက ကွေ့တော့ သူမဘက် ယိမ်းသွားတော့ ...

"ဆောရီးနော် .."

www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ် ကိုညီ .. ဒါက အထူးအဆန်းမှ မဟုတ်တာ ..”

သူ လှို့တွေထဲက တောအုပ်တွေကို လှမ်းကြည့်ရင်း ...

“တစ်ချို့တွေက သဘာဝတရားကို မေ့တတ်ကြတယ်နော် ..”

“ဘာကိုပြောချင်တာလဲ ကိုညို ..”

မြူနဲ့တိမ် တောတန်းတွေ ရောထွေးနေတဲ့ ဟိုးဝေးဝေးက ရှုခင်းတွေ ငေးကြည့်ရင်း ကျွန်တော် ပြောမိသည်။

“ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လျစ်လျူရှုတာဟာ ပတ်ဝန်းကျင်ကြီးဟာ အရေးကြီးသလားဆိုတာ လူတွေ မသိလို့ ဖြစ်မယ်နော်”

ကျွန်တော့်စကားကြောင့် ရိုးမ က ပြုံးပါသည်။ ကျွန်တော် ဆက်ပြောမိသည်။

“သစ်ပင်တွေ သစ်တောတွေ အခုတ်ခံရတာ ဘာမှ မဖြစ်လောက်ပါဘူးလို့ တွေးပြီး သစ်ရောင်းစားတဲ့သူတွေ အစုဆိုရင် တမလန်းသစ်တွေကအစ နေ့စဉ် တရုတ်ပြည်ဘက် မိုးထုတ်ခံရတဲ့ သတင်းတွေကြားတိုင်း အဲဒီလူတွေကို စိတ်နာမိတယ် ..”

ကျွန်တော့် စကားကြောင့် ရှေ့က အသားဖြူဖြူနဲ့ ကောင်မလေးက သူ့ကို လှည့်ကြည့်သည်။



“ဆရာကိုတာ ရေးတဲ့စာအုပ်ထဲက စကားလုံးတွေလိုပေါ့ ..၊ ကြွက်ပြေးပွဲကြီး (Rat race) မှာ နိုင်တယ်ဆိုလည်း ကြွက်ကတော့ ကြွက်ပါပဲတဲ့ .. ကြွက်ပြေးပွဲဆိုတာ သူ့ထက် ငါသာအောင် ငွေရှာဖို့ အရေးမှာ ပြိုင်နေကြတာကို ဆိုလိုသည်တဲ့ ကြွက်ပြေးပွဲကြီးမှာ လူတွေဝင်ပြိုင်နေရ၍ အလုပ်နဲ့ မိသားစုကြားမှာ တင်းအားတွေ၊ အလုပ်အပေါ်မှာလည်း ဖိအားတွေ တစ်ခါတရံမှာ အားအင်ကုန်ခမ်းတဲ့ ခံစားမှုတွေနဲ့ ဟန်မကျတော့၊ ငါတို့ ရိုးရိုးနေကြစို့တဲ့ (Voluntary Simplicity movement) ရိုးရိုးလေးနေကြရင် အချိန်တွေ ထွက် လာမည်တဲ့၊ တင်းအားတွေ လျော့နည်းသွားမယ်၊ လူတွေက ရိုးခြင်း ရှင်းခြင်းမှာ စိတ်ဝင်စားလာကြမယ်တဲ့ ..၊

ရိုးရိုးလေးနေထိုင်ဖို့ ဆော်ဩတဲ့သူတွေက ဘဝဆိုတာ ပိုက်ဆံတွေချည်း မဆုံးနိုင်အောင် နင်းကန်ရှာဖို့မဟုတ်၊ ရာထူးတွေတိုးအောင် လုပ်နေဖို့ချည်းမဟုတ်၊ သင့်တော်ကောင်းမြတ်တဲ့ ဘဝဆိုတာ လူ့ရဲ့ အတွင်းထဲမှာပဲ ရှိသည်တဲ့၊ ဆက်ပြောရင် ဆုံးမှာ မဟုတ်တော့ဘူး ကိုညို ..”

သူ ရိုးမ စကားတွေကြောင့် နည်းနည်းတော့ ဖြူသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒကာမလေးက တရားဟော တယ်ကောင်းပါလား .."

ကျွန်တော့် စကားကြောင့် ရိုးမ က ဟက်ဟက်ပက်ပက် ရယ်ပြန်ပါသည်။

"ကိုညို ကလဲ ဒီက အကောင်းပြောတဲ့ဟာကို တကယ်တော့ သဘာ၀တရားရဲ့တန်ဖိုးကို မသိတဲ့လူတွေက သဘာ၀တရားနဲ့ ပိုက်ဆံကို လဲလှယ်ကြတာပဲ ..၊ နောင်တစ်ချိန်မှာ ကျရောက်လာမယ့် ဆိုးကျိုးနဲ့ နောင်တကို သူတို့ မငဲ့ကွက်ဘူး .."

"ဟုတ်တယ်နော် ရိုးမ .. အခုပဲကြည့် တွင်းတောင်ရဲ့ ရေညှိ အထွက်နှုန်းတွေ,ရေညှိပြောင်းလဲမှုတွေ နောက်ပြီး အင်းလေးရဲ့ အကျယ်အ၀န်း တဖြည်းဖြည်းကျဉ်းမြောင်းလာတာတွေ အရောင်ပြောင်းလာတာတွေ စလာပြီလေ ..၊ ဆရာမောင်စိန်၀င်း ရဲ့ 'ကဗျာ အဖွင့်လေးလိုပေါ့ ...

မြစ်မကောဖို့

သစ်တောတို့ စိမ်းဖို့လိုပြီ ... တဲ့ ..."

သူ့ရဲ့ စကားတွေကို ရိုးမ က စိတ်၀င်တစား နားထောင်ပေးပါသည်။

"တောတောင်တွေနဲ့ သစ်တောတွေကို ရေအရင်းအမြစ်ကို ထိန်းသိမ်းပေးတဲ့ အပင်စိုက်ဖို့ စိတ်မကူးပဲ .. အပင်ခုတ်ဖို့ ကြိုးစားနေသူတွေကြောင့် အခုလက်ရှိပဲကြည့် နွေရာသီ အညာဒေသတွေမှာ ရေက ရှားပါးလာပြီး၊ စာရေးဆရာတစ်ယောက်ပြောသလိုပေါ့ .. နောင်အခါ ရေကြောင့်ဖြစ်တဲ့ စစ်ပွဲတွေ ဖြစ်ပေါ်လာလိမ့်မယ်တဲ့ ...။



"ရေကြောင့် ဖြစ်တဲ့ စစ်ပွဲ .."

ကျွန်တော် ခေါင်းညိတ်ပြတော့ ရိုးမ ဆိုတဲ့ မိန်းကလေးက အံ့တသြနဲ့ ကျွန်တော့်ကို ငေးကြည့်နေပါသည်။

"ပန်ဂျပ် ဖြစ်ဖြစ် ပါလက်စတိုင်းမှာဖြစ်ဖြစ် နိုင်ငံရေးစစ်ပွဲတွေဟာ မကြာခဏဆိုသလို ရှားလည်းရှားပါး အသက်တမျှလည်း အရေးကြီးတဲ့ ရေသယံဇာတအပေါ်မှာ အခြေခံတာလေ ..၊ အီဂျစ်တို့ အီသီယိုပီးယားမှာ ဖြစ်တဲ့ စစ်ပွဲတွေကတော့ ထင်းထင်းလင်းလင်း ရေကြောင့်ဖြစ်ရတာ ..၊ အာဏာပိုင်တွေကတော့ ရေကြောင့်လို့ပြောမယ့် အစား အဲဒါကို ဖုံးကွယ်ပြီး လူမျိုးရေး ဘာသာရေးတွေဆိုပြီး ဖုံးကွယ်ကြတယ် ရိုးမ ..၊ ပန်ဂျပ်မှာဆို ၁၉၈၀ မှာ ပဋိပက္ခဖြစ်တော့ လူ သောင်းငါးထောင်သေတယ်၊ အဲဒါ မြစ်ရေကြောင့်လေ .. ဒါပေမယ့် ဆစ်နင် ...တ်ရေးသမားတွေကြောင့် ဖြစ်သွားတာပါ .."

www.burmeseclassic.com

www.burmeseclassic.com



"သဘာဝတရားကလဲ အခုဆို ပြန်ကျိန်စာတိုက်နေပါပြီ .."

"ဘယ်လို .. ဘယ်လို .."

သူ့ ပုံစံကြောင့် ရှိုးမ က ရယ်ပြီးပြန်ဖြေပါသည်။

"ကိုညို ပဲ စဉ်းစားကြည့်လေ သစ်ပင်သစ်တောတွေ မရှိတော ရာသီဥတု ဆိုးကျိုးဒဏ်တွေကို ပြန်ခံစားရပြီလေ ..၊ ဆည်တွေကြော မြစ်ချောင်းတွေ အလုပ်မလုပ်တာ ရေကြီးတယ် ,မုန်တိုင်းတိုက်တယ် ဒါ သဘာဝတရားရဲ့ အမျက်ဒေါသတွေပေါ့ မဟုတ်လို့လား .."

"ဟုတ်ပါတယ်ဗျာ .. ကဲ .. ရသေ့တောင်တောင် ဝင်တော့မယ်

နှစ်ယောက်သား စကားကောင်းနေခဲ့ကြတာ ရသေ့တောင် ရော လို့ ရောက်မှန်းတောင် မသိလိုက်ခဲ့ကြပါ ..။

နောက်တော့ ကားက ရသေ့တောင်မှတဆင့် ဘုရားရင်ပြ အစပ်အထိ တောက်လျှောက်မောင်းလာပါသည်။

ကားပေါ်က ဆင်းကြတော့ လမ်းခွဲခဲ့ကြပါသည်။ သူလဲ သူတည် မယ့် တည်းခိုခန်းတွေဘက် လျှောက်လာခဲ့ပါသည်။



"ဟော့ကောင် ကိုညို .."

"ဟာ .. ဦးလေးမော် .."

ကျွန်တော် ဦးလေးမော် ထိုင်နေတဲ့ ရင်ပြင်အစပ်က ကျောက် ာန်းတွေဘက် ခပ်မြန်မြန်လျှောက်လာတော့ ဦးလေးမော်က သူ့ တ်မောင်းကို လှမ်းထိုးပြီး ...

"မင်း တစ်ယောက်ထဲလား .."

"ဟုတ်တယ် ဦးလေးမော် ကုမ္ပဏီကိစ္စနဲ့ မော်လမြိုင်ကို နိုင်ငံ သားနှစ်ယောက် ပို့ပြီးပြန်လာရင်း အပြန်မှာ ကားပေါ်က ဘုရားဖူး ွေ ဘုရားသွားမယ့်အကြောင်း ပြောနေတာနဲ့ ဖူးချင်စိတ်ပေါက်လာ ာနဲ့ ကျိုက်ထိုမှာဆင်းပြီး ရန်ကုန်က တက်လာတဲ့ ဘုရားဖူးကား တင်ပွန်းစခန်းအထိပါလာတာ .."

www.burmeseclassic.com



ကျွန်တော့် စကားကြောင့် ဦးလေးမော် က ရယ်နေပြီး ..။

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ .. ဆုံးဖြတ်ချက် အတော်မြန်တဲ့ကောင် .."

"ဦးလေးမော် ကသာ ကျွန်တော် ပြောနေတာ .. ဦးလေးမော်ကြတော့ရော .. ဘုရားဖူးလာမယ်သိရင် ကျွန်တော်ပါ လိုက်လာတာပေါ့ .."

"ဟ .. မင်းတို့က အလုပ်အားမယ့်ရက် ..၊ ကုမ္ပဏီကို ဘယ်သူလာမှာ ဘာညာပြောနေဦးမှာလေ .."

"ဟုတ်တာပေါ့ ဦးလေးမော် က ပြောအားရှိတာကိုး အလုပ်တွေပစ်ထားပြီး ထွက်လာလို့ ရတယ်လေ .. ဦးလေးဖုန်း ရှိနေတာကိုး .."

"မင်းလဲ မင်း အဖေရှိနေတာပဲကွာ .."

ကျွန်တော် လွယ်ထားတဲ့ ကျောပိုးအိတ်ကို ဘေးမှာချတော့ ဦးလေးမော်က မျက်မှောင်ကုပ်ပြီး ..။

"မင်း တည်းခိုခန်း မရဘူးလား .."

ကျွန်တော် ပခုံးတွန့်ပြီး မဲ့ပြတော့ ဦးလေးမော်က ရယ်နေပြီး ..။

"ငါ တည်းမယ့် တည်းခိုခန်းမှာ တည်းပေါ့ကွာ ... အဆင်ပြေ



အောင် ငါ စီစဉ်ပေးပါမယ် ... လာ သွားရအောင် ..."

"ဘုရား .. အရင် ဦးချလိုက်ဦးမယ်လေ .."

ကျွန်တော် ထိုင်နေတဲ့နေရာကပဲ ရင်ပြင်ပေါ် ကျကျနနထိုင် ကာ ရှိခိုးကန်တော့ပြီး ပြန်ထကာ အိတ်ကို ပြန်လွယ်ပိုးပြီး ..။

"ဒါနဲ့ ဦးလေးမော် ဟိုလေ .."

ကျွန်တော် ရယ်ကျဲကျဲနဲ့ ခေါင်းကုပ်တော့ ..။

"ဒီကောင် မဟုတ်တာတစ်ခုခု ပြောတော့မယ်ထင်တယ် .."

"အကောင်းမေးတာပါဗျာ .."

ဦးလေးမော် က အကင်းပါးပါသည်။ ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ပြီး ...

"မင်း ပုံစံက မဟုတ်တာတစ်ခုခု လုပ်ထားတဲ့ပုံ ကဲ .. ဘာမေးမှာလဲ .."

"ကျွန်တော်တည်းမယ့်နေရာနဲ့ တောင်ပေါ်သူ ထမင်းဆိုင်ကနီးလား .."

"အို .. အရှင်ဘုရား .."

ဦးလေးမော် မျက်လုံးကြီး ပြူးပြီး ပြောတော့ ကျွန်တော် ရှက်ရှက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရယ်ရင်း …

"အဲဒါလေ .. မေးတာကို ဦးလေးမော်ကြီး ကလဲ .."

ဦးလေးမော်က ကျွန်တော့်ကို စူးစူးစမ်းစမ်းကြည့်ကာ …

"မင်း ထမင်းစားဖို့ သက်သက်တော့ မဟုတ်လောက်ဘူးထင်တယ် .."

"လက်ရာကောင်းတယ် ဆိုလို့ပါဗျ .."

ကျွန်တော့် အဖြေကြောင့် ဦးလေးမော် တဟားဟားရယ်ရင်း …

"လိမ်တတ်မှ လိမ်စမ်းပါကွာ .. ဟိုရှမ်းအဆိုတော် ဘယ်သူ .."

"ကိုကြီးကျော် .."

"မင်းကြီးဟော် ကိုကြီးကျော်ရမှာလား .. စိုင်း ဘယ်သူ .."

"ထင်ရာဆိုင်း .."

"ဟာ ဒီကောင် စိုင်းဆိုင်မောဝ် .. အဲ ဟုတ်တယ် .. ဆိုင်ရှင်လေးက ချောလို့လား တို့ဟူးကပဲ ကောင်းလို့လား .. အဲဒီ သဘောကွာ ..၊ မင်းထမင်းစားချင်တာ သက်သက်လား ဒါမှမဟုတ် .."

"ဦးလေးမော် ရယ် ရိုးမ နဲ့ တွေ့ချင်တာလားလို့ ဒဲ့သာမေးလိုက်ပါဗျာ ဝေ့ဝိုက်နေတာနဲ့ မပြီးတော့ဘူး .."



ကျွန်တော် အဲသည်လို ဒဲ့ပြောတော့ ဦးလေးမော် က အံ့ဩပုံနဲ့ …

"မင်းက ရိုးမ ကို သိနေတယ် .."

ကျွန်တော် ရိုးမ နဲ့ တွေ့ခဲ့ပုံ စကားအပြန်အလှန် ပြောကြပုံတွေကို ဦးလေးမော် ကို ပြောပြတော့ …

"ဟုတ်တယ် ဒီကောင်မလေးက အရွယ်သာငယ်တာ စာသိပ်တတ်တဲ့ ကလေးမကွ ..၊ ဒီထက်ပြောရရင် သဘာဝကို ချစ်မြတ်နိုးတဲ့ ကလေးမ၊ နောက်ပြီး သဘောကောင်းတယ် စေတနာကောင်းတယ် ပေါင်းသင်းဆက်ဆံရေးကောင်းတယ် ..၊ ဟင်းချက်လဲ ကောင်းပြန်ရော …"

"မွှန်းလှချည်လား ဦးလေးမော် …"

ဦးလေးမော် က ခပ်ရေးရေးအပြုံးနဲ့ သူ့ကို စိန်ခေါ်သလိုကြည့်ပြီး …

"မင်းလဲ ကြုံဖူးခဲ့ပြီလေ .. တောင်ပေါ်သူလေးရဲ့ သတင်းက တောင်ပွန်းစခန်းအထိ ပျံ့နှံ့တယ် မောင်ရင် .."

"အင်း .. အဲဒါတော့ ဟုတ်တယ်ဗျ ..၊ လူတိုင်း ပါးစပ်ဖျားမှာ ရိုးမ

www.burmeseclassic.com

www.burmeseclassic.com



မှ ရိုးမ ဖြစ်နေတာဗျ ..”

“မင်းတောင် ရိုးမ ဖြစ်သေးတာပဲကွာ ..”

“ဟာဗျာ .. ဦးလေးမော်ကြီး ကလဲ ..”

“ဘာ အခုမှ ရှက်ကိုးရှက်ကန်းနဲ့ ဦးလေးမော်ကြီးတွေ ဘာ ဖြေခဲ့နေတာ မင်းအကြောင်းကို ငါကောင်းကောင်းသိတယ် မင်းပါ က ဘယ်နှစ်ခါများ မိန်းမတစ်ယောက်အကြောင်းကိုပြောပြီး ဘ တုန်းက ချီးမွမ်းဖူးလို့လဲ ..”

“ချီးမွမ်းဖူးပါတယ် .. The Lady လေ ..”

ကျွန်တော့် စကားကြောင့် ဦးလေးမော့် က ရယ်ပါတော့သည်



ပွင့်ဖူးတည်းခိုခန်း ဝရံတာမှာ ဦးလေးမော် ရေနွေးကြမ်း သောက် ရင်း အောက်ကသွားလာသူတွေကို ကြည့်နေစဉ် ငြိမ်းချမ်းညို ရောက် လာကာ ဦးလေးမော် ဘေးမှာ ဝင်ထိုင်ရင်း ..၊

“ဦးလေးမော် ထမင်းမစားသေးဘူးလားဗျ ..”

ဦးလေးမော် ခပ်တည်တည်နဲ့ ..၊

“ဟ .. ဟေ့ကောင်လေး .. ဘယ်နှစ်နာရီ ရှိသေးလို့လဲ ..”

ငြိမ်းချမ်းညို နာရီကြည့်ပြီး အကြံအိုက်နေပုံကြောင့် ...

“မင်း ဗိုက်ဆာနေရင် .. တည်းခိုခန်းက ကောင်လေးကို ထမင်း နဲ့ ဟင်းနဲ့ မှာခိုင်းလိုက်လေ ..”

“အဲဒါကြတော့ ဟို .. အားနာစရာ ..”

ငြိမ်းချမ်းညို ခေါင်းကုပ်ရင်း ဖြေတော့ ဦးလေးမော် က ရယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ကိုညို ရယ် .. မင်း ရိုးမ ကိုတွေ့ချင်နေပြီ မဟုတ်လား .. အကြောင်း ပြချက်တွေ ပေးမနေပါနဲ့ကွာ .."

"ဟာဗျာ .. အဲလိုကြီးကြတော့ ပြောရတာ ရှက်တာပေါ့ဗျ ..၊ အဲ ဦးလေးမော် ရိုးမ က ဒီဇာတိလား .."

"မဟုတ်ဘူးကွ .. သူတို့က သထုံး အကျော် ရင်းငြိမ် ဘက်က သူ့ အဖေက မွန်ဗမာစပ်၊ မင်းသိပါတယ် .. ကဗျာဆရာ မုတ်သုံမိုးဆို တာလေ .."

"ဗျာ .. ဆရာ မုတ်သုံမိုး ရဲ့ သမီး .."

သူ တအံ့တဩပြောတော့ ဦးလေးမော် က ထပ်ပြောပြ ပြန်ပါ သည်။

"အမေကတော့ သူနာပြုတစ်ယောက်ပေါ့ ဒေါ်နန်းနွယ်စိမ်းတဲ့ ကရင်အမျိုးသမီးတစ်ယောက်ပေါ့ .."

"မျိုးစေ့မှန်လို့ အပင်သန်တာပေါ့ .."

"အဲသည်လိုပဲ ဆိုရမှာပေါ့ကွာ .. ရိုးမ က ဒီတောင်ပေါ်သူ ဆိုင် ရှင်ရဲ့ အစ်မ သထုံမှာ နေတာပေါ့ကွာ ..၊ အဲဒီ အစ်မရဲ့ သမီးလေး



ကို စာသင်ပေးရင်းနဲ့ အကူအညီလိုလို့ ခေါ်ရင်းနဲ့ ဒီကိုရောက်လာ တယ်ဆိုပါတော့ .."

"ဦးလေးမော် .. ဟို .."

စကားကို ပြောဖို့ တွန့်ဆုပ်တွန့်ဆုပ်ဖြစ်နေတဲ့ ငြိမ်းချမ်းညို ရဲ့ အမူအယာကြောင့် ဦးလေးမော် က ...

"ဟ .. ဘာဖြစ်နေတာလဲ ကောင်လေးရဲ့ မင်းက စီးပွားရေး လောကမှာ ကျားတစ်ကောင်ပါကွ .. ဘာဖြစ်နေတာလဲ .."

ဦးလေးမော် စကားကြောင့် ငြိမ်းချမ်းညို ရှက်ရက်နဲ့ ရယ်ပြီး ...

"ဒါက စီးပွားရေးမှ မဟုတ်တာ ဦးလေးမော် .."

"ဗုဒ္ဓေါ .."

မျက်လုံးကြီးပြူးပြီး ပါးစပ်အဟောင်းသားနဲ့ ကြည့်နေတဲ့ ဦးလေးမော် ကြောင့် ကိုညို မျက်နှာလွှဲမိပါသည်။

"သူက အိမ်ထောင်သည်လား လူလွတ်လား .."

ကိုညို စကားကြောင့် ဦးလေးမော် တဟားဟားနဲ့ ရယ်မောလို့ ဆုံး ..၊

"ဦးလေးမော် ကလဲ တစ်ချိန်လုံး ကျွန်တော့်ကို ဟားနေတော့

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ..”

မကျေမနပ်နဲ့ ကိုညို ပြောမိတော့ ..၊

“ဟ .. မင်းပုံစံက ဟားစရာဖြစ်နေတာကိုး .. မင်းကွာ ဒီအဆင်

နဲ့ ဒီအဆင် အိမ်ထောင်သည်လား လူလွတ်လား မခွဲခြားနိုင်ဘူးလား”

“ဟဲ .. ဟဲ .. သေချာအောင်မေးကြည့်ရတာပါ ..”

ကိုညို စကားအဆုံးမှာ ဦးလေးမော်က သက်ပြင်းချပါသည်။

“တစ်ခုတော့ရှိတယ် .. သူ့ကို ကြိုက်နေတဲ့ ရန်ကုန်က ကောင်

လေးတစ်ယောက်ရှိတယ် ..”

“ဟင် ..”

ကိုညို ချက်ချင်း မျက်နှာပျက်ယွင်းသွားတာကြောင့် ဦးလေး

မော်က ပြန်ဖြေရှင်းပြရပါသည်။

“သိပ်လဲ မစိုးရိမ်ပါနဲ့ကွာ .. ရိုးမ က အဲဒီနေသစ်မင်း ဆိုတဲ့

ကောင်လေးကို သိပ်စိတ်ဝင်စားပုံမပေါ်ပါဘူး။ ကောင်လေးကသာ

ကပ်နေတာ၊ ပြီးတော့ ကောင်လေးတို့နဲ့ ပါလာတဲ့ သုသု ဆိုတဲ့

ကလေးမက လူကြီးချင်း သဘောတူထားတယ်လို့ ကြားတာပဲ ..”

“အန္တရာယ်ရှိတဲ့အဆင့်အနေအထားတော့ မဖြစ်လောက်ပါ



နော် ..”

ကိုညို စိုးရိမ်စိတ်နဲ့ ပြောတော့ ဦးလေးမော် ကိုညို ကို စချင်တာ

ကြောင့် ခပ်တည်တည်နဲ့ ..၊

“နှလုံးသားရေးရာကိစ္စဆိုတာ အလွယ်တကူ ပြောလို့တော့ မရ

ဘူးကွ ..”

“ဟာ .. ဦးလေးမော် ကလဲ လူကို ရေနစ်လိုက် ကိုင်ပေါက်လိုက်

နဲ့ဗျာ ..”

ဦးလေးမော် ရှုံ့မဲ့မဲ့နဲ့ ပြောလာတဲ့ ကိုညို ပုံစံကို ကြည့်ပြီး ရယ်

ပါတော့သည်။

“မင်းကွာ .. မနက်မှ မြင်တယ် နေ့လယ်လောက်ရောက်တော့

သိဝီဘုရင်လို ဖြစ်နေတော့ မင်းပုံစံက ရယ်ချင်စရာကို ..”

ကိုညို မြင်နေရတဲ့ ဟိုးအဝေးက တောင်တွေကို ငေးကြည့်

ပြီး ...

“သူ့ပုံစံလေးက ငြိမ်းအေးတဲ့ တောအုပ်လေးနဲ့ တူတာကို ပြီး

တော့ ..”

“ပြီးတော့ .. ဘာဖြစ်လဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"စွဲလမ်းစရာလဲ ဖြစ်အောင် ဖမ်းစားနိုင်တယ်လေ .."

ကိုညို ပုံစံကြောင့် ဦးလေးမော် ထပ်မံ့စဖြစ်တော့ပဲ ....

"ကဲ .. ထ .."

"ဘယ်ကိုလဲ .."

"မင်းကို ပဲခူးရိုးမထဲ ခေါ်သွားရင် ကောင်းမလား .. ရှမ်းရိုးမ ထဲ ခေါ်ရင် ကောင်းမလား ဆုံးဖြတ်ဖို့ပေါ့ကွ .."

ကိုညို ဦးလေးမော်နဲ့ အတူ ထရပ်ရင်း ပြုံးစိစိနဲ့ ...

"ကျွန်တော့် တောအုပ်လေးက အဲဒီ ရိုးမတွေထက် သာသွားပြီဗျ .."

"ဘာဖြစ်လို့လဲကွ .."

"သစ်ပင်တွေ အခုတ်ခံထားရတော့ မအေးမြတော့ဘူးလေ .."

"ရောဂါကလဲ ပြင်းပါကွာ .."

ဦးလေးမော် စကားကြောင့် ကျွန်တော် ပြုံးနေမိပါသည်။ အထူးခြားဆုံး လှိုင်းတွေနဲ့ တိုးဝင်လာတဲ့ ခံစားချက်ကို ကျွန်တော့် ရင်ဘတ်က သိရှိနေခဲ့ပြီလေ ...။



"ဟော .. လာ .. ဦးလေးမော် .. ဟင် .. ကိုညို .."

ဦးလေးမော် ကို နှုတ်ဆက်ပြီးမှ နောက်ကွယ်က သူ့ကို မြင်တော့ ရိုးမ အံ့သြသွားပါသည်။ နေရာထိုင်ခင်းပေးပြီးတော့ သူမက သနပ်ခါးရေးရေး အပြုံးအေးအေးနဲ့ ...၊

"ကိုညို နဲ့ ဦးလေးမော်နဲ့က သိနေတာကိုး .."

"ဟ .. သိဆို .. ဒီကောင် ကိုညို က ငါ့တူ ငါ့သားလို ဖြစ်နေတာဟ .."

စားပွဲထိုးဝန်ထမ်း မိန်းကလေးတွေက အတို့အမြုပ် တို့စရာ အစုံပါပီရည်၊ အမယ်ဟင်း၊ ဟင်းချိုတို့ ယူလာပေးပါသည်။

"ဦးလေးမော် ဘာစားမလဲ .."

"အထူးအဆန်း ဘာတွေရလဲ .. သားကြီးငါးကြီး စားချင်ဘူး

www.burmeseclassic.com



ဟ ..၊ သမီး ကြိုက်တာ အကုန်ယူခဲ့ ..”

“ကိုညို ကရော ..”

“ဦးလေးမော် အတိုင်းပဲလေ ...”

သူမက အပြုံးနဲ့ ခေါင်းညိတ်ပြနေစဉ်မှာ လူငယ်တစ်အုပ်စု ဝင်လာပါသည်။

“မမ .. နေသစ် အတွက် ငါးရှူစင်းကော ချန်ထားလား ..”

“ချန်ထားပါတယ် .. ငါ့မောင်ရယ် ..”

သုသု က မကျေမနပ်နဲ့ နေသစ်ကို ကြည့်ပါသည်။ သီရိ က ရိုးမ ကို မျက်လုံးတစ်ဖက် မှိတ်ပြကာ ...

“မမရိုးမ တို့က ဟုတ်လဲ ဟုတ်ပါတယ် ..၊ နေသစ် အတွက်ကျ တော့ နေသစ် စားချင်တဲ့ ဟင်းလေးချန်ပေးရတာနဲ့ ဘာနဲ့ .. သုသု တို့ သီရိ တို့ကြတော့ ဘာစားမလဲ မေးဖော်မရဘူး ..”

သီရိ က စ,နေ နောက်နေပေမယ့် ရိုးမ မျက်နှာပျက်သွားကာ ပျာပျာသလဲလဲနဲ့ ..၊

“သီရိ ရယ် စ,ချင်နောက်ချင်ရင် ဒီပြင် စကားနဲ့ စ,ပါကွယ် ..၊ တော်ကြာ သုသု တစ်မျိုး ထင်နေဦးမယ်၊ ငါ့ညီမတွေအတွက်လဲ မမ



ချန်ထားပါတယ်၊ ဟိုနေ့က သုသု ကြိုက်တယ် ပြောသံကြားလို့ ကြက်သားနဲ့ နာနတ်သီး ငါ့ ညီမလေး စားဖို့ မမ ချက်ထားပါတယ်..”

ရိုးမ စကားကြောင့် သုသု မျက်နှာဝင်းလက်သွားကာ ရိုးမ ကို နောက်မှ သိုင်းဖက်ကာ ...

“ဟယ် .. တကယ် မမ ရိုးမ က အရမ်းအလိုက်သိတာပဲ ..”

နောင်နောင် က ဦးလေးမော်တို့ ဘေးစားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း ..။

“ကျွန်တော်ကတော့ ရှင်းရှင်းပဲ မရိုးမ ဘာချက်ချက် ဘာကျွေး ကျွေး စားမှာပဲ ..၊ မရိုးမ ဘာဟင်းချက်ချက် ကောင်းနေတာပဲဟာ နော် .. ဦးလေးမော် ..”

“ဒါပေါ့ကွ ..”

အေးမင်းဆက် က နောင်နောင် ဘေးမှာ ဝင်ထိုင်ရင်း ကိုညို ကို သတိပြုမိသွားကာ ...

“ဦးလေးမော် ဧည့်သည်ပါလာတာကိုး ..”

အေးမင်းဆက် စကားကြောင့် သုသု တို့ နေသစ် တို့ကပါ လှမ်း ကြည့်တော့ ..၊

“ဪ .. မိတ်ဆက်ပေးရဦးမယ် ..၊ သူက ငြိမ်းချမ်းညို တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် နဲ့ အလုပ်ပါတနာပေါ့ကွာ ..၊ တူလိုသားလို ခင်ပေမယ့် ဘော်ဒါလို ဆက်ဆံတာကွ ..”

“ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ ..”

ရှိုးမ ကိုညို ကို ပြုံးကြည့်နေမိပါသည်။ အပြောအဆို အေးဆေးပြီး စိတ်သဘောထားကောင်းသည့် ကိုညိုက စီးပွားရေးသမားဆိုတာ မထင်ထားတာ အမှန်ပါ ..။ ဦးလေးမော် က အားလုံးနဲ့ တစ်ယောက်စီ မိတ်ဆက်ပေးပါသည်။

ရှိုးမ က ဦးလေးမော် အကြိုက် အညာဆန်တဲ့ ဟင်းတွေချပေးပါသည်။ သူ တစ်ခါမှတော့ မစားဖူးပါ။ မစားဖူးဆို သူ့အိမ်မှာ ဒီလို ဟင်းလျာတွေ ချက်ပြုတ်စားသောက်တတ်တာမှ မဟုတ်တာ ..။

“စားကြည့်ပါဦးကွာ ..”

တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတဲ့ သူ့ကြောင့် ဦးလေးမော် က လှမ်းပြောပါသည်။ နောက်တော့ သူ ဟင်းတစ်ဖက်ကို ထမင်းနဲ့တို့ပြီး စားကြည့်သည်။

“ပဲကြီးဟင်းလေးပါ စမ်းလိုက်ပြီး နယ်စားကြည့်ကွာ ..”

ဦးလေးမော် ပြောတဲ့အတိုင်း စားကြည့်သည်။ ဟိုတို့ဒီတို့နဲ့



စားလိုက်တာ သူ ထမင်းနှစ်ပန်းကန်လောက် ပြောင်သွားပါသည်။ ဦးလေးမော် က အုန်းထန်းလျက်နဲ့ ရေနွေးကြမ်းကို အချိုပွဲအဖြစ် မြည်းရင်းက ...

“ဘယ်လိုလဲ ..”

“နာမည်ကြီးလဲ ကြီးချင်စရာပဲ ဦးလေးမော် ..”

နောင်နောင်တို့ နွေသစ် တို့ ဝိုင်းကတော့ ဆူညံနေပါသည်။ အားလုံပြောကြ ငြင်းခုံကြ စားကြသောက်ကြပေါ့ ..။

“ဘယ်လိုလဲ .. စားကောင်းလား ကိုညို ..”

“ဟ .. ဝါ့တောင် မမေးတော့ပါလား .. ရှိုးမ ရယ် ..”

“ဟာ .. ဦးလေးမော် ကလဲ ကိုညို က အခုမှ စားဖူးလို့မေးကြည့်တဲ့ဟာကို ..”

ရှိုးမ ရှက်ရှက်နဲ့ ပြောတော့ ကိုညိုပြုံးစိစိနဲ့ ...

“ကောင်းပါတယ် ရှိုးမ ရဲ့ ..”

“ဟော့ကောင် ဝတ်ကျေတန်းကျေ မပြောနဲ့ ..”

ဦးလေးမော်က ခပ်တည်တည်နဲ့ ပြောတော့ ကိုညို က လက်ဖက်ပိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မောင်ငြိမ်းချမ်းညို ငါးတန်းနဲ့ ပြိုင်တာ မနိုင်ပါဘူး ခင်ဗျ ..."

ကိုညို စကားကြောင့် ရှိုးမက ရယ်ပြီး ...

"ကိုညို ကို ကျွန်မ ထင်ထားတာ ခပ်ရိုးရိုးအေးအေးနဲ့ အစအ နောက်မပြောတတ်ဘူးလို့ ထင်ထားတာ .."

"ဒီကောင် ပုံစံက အဲဒီအတိုင်းပဲ သမီးရဲ့ .."

ရှိုးမ နဲ့ သူ ဦးလေးမော် တို့ ရယ်ကာမောကာ ပြောဆိုနေကြ တာ ကိုး သီရိ က လှမ်းကြည့်ရင်း ...

"ကိုညို ဆိုတဲ့ လူက မိုက်တော့ အမိုက်စားဟ ..."

သီရိ စကားကြောင့် သုသု ကလဲ လှမ်းကြည့်ကာ ...

"ဟုတ်တယ်နော် ... ကိုညိုနဲ့ မမ ရှိုးမ က ရှေ့သွားနောက် လိုက် ညီတယ်ဟ ..နော် နေသစ် .."

"အာ .. မညီပါဘူး .. မမရှိုးမက ပိုလှတာ ဟိုလူက အေး အေးစက်ပုံစံနဲ့ .."

နေသစ် စကားကြောင့် သုသု က လှမ်းမျက်စောင်းထိုးသည် အေးမင်းဆက် က ...



"ဒီလူပုံစံက ဇော်ဇော်ရွှေရွှေနဲ့ သဘောကောင်းမယ့်ပုံပဲကွ .."

"နေစမ်းပါကွာ .."

နေသစ် ဘုတော .. တော့ သုသု က ..။

"နင်က ဘာဖြစ်နေတာလဲ .."

"ငါ ဘာသာ ဘာဖြစ်ဖြစ် နင်နဲ့ ဆိုင်လို့လား .."

"ဟေ့ကောင် အဲလိုတော့ မပြောပါနဲ့ကွ .."

တစ်ယောက်နဲ့ တစ်ယောက် မကြည်ကြည့်နဲ့ ရန်စောင်နေချိန် မှာ ရှိုးမ အနားရောက်လာကာ ...

"ငါ့မောင်တို့ စားကောင်းလား .. ညီမလေး သုသု စားရတာ အဆင်ပြေရဲ့လား .."

သုသု က ချက်ချင်း မျက်နှာကို ပြင်ကာ ...

"စားကောင်းတယ် မမ .. ကျေးဇူးပဲနော် .."

"ရပါတယ်ကွယ် .. စားကောင်းတယ်ဆိုရင်ပဲ မမက ကျေနပ် နေပြီ .."

ရှိုးမ သုသု နဲ့ စကားပြောနေရာမှ မျက်နှာ ရွှတင်းတင်းနဲ့ ဘာကို ကျေနပ်မှန်းမသိ ဖြစ်နေတဲ့ နေသစ် ရဲ့ မျက်နှာကို သတိထားမိကာ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မောင် နေသစ် က ဘာဖြစ်လို့လဲ ထမင်းစားမကောင်းလို့လား .."

မမ ရိုးမ စကားကြောင့် နောင်နောင် က အမြင်ကပ်ဘယ်နဲ့ ..

"ဘာမှမဟုတ်ဘူး ငါးရှစင်းကောထက် ငါးရံ့နှစ်ကောင် စားချင်နေတာ .. နော် .. သုသု .."

နောင်နောင် စကားကြောင့် အေးမင်းဆက် နဲ့ သီရိ က တခွိခွိနဲ့ ရယ်ကြပါသည်။ ရိုးမ နောင်နောင် ဘာကိုဆိုလိုမှန်းသိပေမယ့် –

"ညနေ စားချင်ရင် မမ စီစဉ်ပေးမယ်လေ .."

"ရတယ် .. ဒီကောင်တွေ နောက်နေတာ မမ .."

နေသစ် မျက်နှာကို ပြန်ပြင်ပြီး ဘာမှ မဟုတ်တော့တဲ့ ပုံစံနဲ့ ပြောလိုက်မိပါသည်။

ဦးလေးမော် နဲ့ ကိုညို ကြွားပါသည်။ ဦးလေးမော် က မေးဆတ်ရင်း ထပြန်ဖို့ ကိုညို ကို အချက်ပြပါသည်။



*ငါ သစ်တောတဲ့လား ...*

*ရုပ်စောစရာဝဲထွယ် ...*

*အဝတ်စိမ်းတွေလဲ ရှူစိမ်းတွေ*

*ဖြိုးထာဖျတ်ရှို ...*

*သစ်တောလို အညော်တွော်*

*စိရုပ်တွေ နာကျော်ရငြီ ...။*

www.burmeseclassic.com



"ဪ .. ကိုညို .."

ထမင်းဆိုင်တွေဘက် သွားရာလမ်းမှာ ရိုးမ နဲ့ ဆုံသည်။ မနက်စောစောစီးစီးမို့ နှင်းက မကွဲသလို ချမ်းအေးဒဏ်က သိသာသည်။

"ဘုရားဖူးပြီး ပြန်ဆင်းလာတာလား .."

ကျွန်တော် အခုလို မေးမိရင်း နှစ်ယောက်အတူ လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့ပါသည်။ သူမလက်ထဲမှာ ဗန်းတစ်ချပ် ..။

"ဟုတ်တယ် ကိုညို အလှူရှင်တစ်ယောက်က မနက်ဆွမ်းတော်ပွဲ ကပ်ခိုင်းလို့ ဆွမ်းတော်ပွဲကပ် ဘုရားရှိခိုးပြီး ဆင်းလာတာ ကိုညို ကရော .."

လူအုပ်ကို ရှောင်ရင်း ဆင်းလာတော့ သူမနဲ့ နီးနီးကပ်ကပ် ဥရောပရန့်တွေကင်းဝေးပြီး သနပ်ခါးရနံ့က သင်းသင်းအေးအေး -



နှင်းအရိပ်နဲ့အတူ သူမရဲ့ အေးချမ်းမှုက သူ့ဆီ ကူးစက်လာသယို ခံစားရပါသည်။

ဆီထမင်းဆိုင်ရှေ့ရောက်တော့ ဆီထမင်းရောင်းတဲ့ မနန်းခင်အေး က လှမ်းနှုတ်ဆက်သည်။

"ရိုးမ ရေ .. ဆီထမင်းလေးစားသွားပါဦးလား .."

"ကျေးဇူးပဲ အစ်မ နောက်မှ စားတော့မယ် .. အစ်မ သားရော ကျောင်းရောတက်ဖြစ်လား .."

"အေးဟဲ့ တက်ဖြစ်တယ် .. နင် သူငယ်ချင်းက ဂရုစိုက်ပါ တယ် ရိုးမ ရဲ့ ..၊ တစ်ခါတလေကြတော့လဲ အားနာတယ်ဟာ .."

မနန်းခင်အေး ပြောသူက ရိုးမ နဲ့ မော်လမြိုင် တက္ကသိုလ်မှာ ညီအစ်မအရင်းလို ရင်းနှီးခဲ့တဲ့ အေးအိ ..၊ သူမက ကင်ပွန်းစခန်းက ကျောင်းမှာ မူလတန်းပြနေသူ ..။ ဒီမှာက အလှည့်ကျ တောင်တက်သားတွေက ဒီအနီးအနားက ရွာတွေက ကလေးတွေအတွက် ကျောင်းကို ကျောင်းဆင်း တာဝန်ယူ ပို့ဆောင်ပေးပါသည်။ ကလေးတွေအတွက် သီးသန့်စီစဉ်ပေးထားသည်ဆိုရမှာပေါ့ ..။

"ကဲ .. ပြန်လိုက်ဦးမယ် .. အစ်မ ခင်အေး .."

www.burmeseclassic.com

www.burmeseclassic.com



"အေး .. အေး .."

သူနဲ့ ကျွန်တော် အတူဆင်းလာကြရင်း ...

"ဘာစားပြီးပြီလဲ .. ရိုးမ .."

"ဆိုင်ရောက်တော့မှပဲ စားတော့မှာ ကိုညို .. ဘာဖြစ်လို့လဲ"

"ကိုညို ဗိုက်ဆာလို့ တစ်ခုခု စားရအောင် ရိုးမ .."

ရိုးမ ငြင်းမယ်ပြုပြီးမှ မငြင်းဖြစ်တော့ပဲ ..၊

"စားလေ .."

သူမနဲ့ ကျွန်တော် တစ်ဆိုင်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြပါသည်။ ကျွန်တော်က လက်ဖက်ရည်နဲ့ အီကြာကွေး မှာစားပြီး၊ သူမက ရှ[illegible] ဟင်းခါး မှာစားပါသည်။

"ရိုးမ က ဒီအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုတော့မှာ လား[illegible] .."

ကျွန်တော့် စကားကြောင့် သူမက မော့ကြည့်ပါသည်။

"ဘာဖြစ်လို့လဲ .. ကိုညို .."

"ခြေဘ် ရိုးမ တတ်ထားတဲ့ ပညာတွေကို နှမြောလို့ပါ .."

ရိုးမ က သက်ပြင်းချပါသည်။ ကျွန်တော့်အတွက် ရေနွေးပူပူ[illegible]



[illegible]ထည့်ပေးရင်း ...

"ဒါက ယာယီပါ ကိုညို ..၊ အန်တီအေး ရော အန်တီဌွေး ပါ အကူအညီတောင်းလို့ တစ်နှစ်၊ နှစ်နှစ်တော့ အကူအညီပေးရမှာပေါ့ လေ၊ [illegible]မ နေရာဝင်မယ့် နောက်လူ အစားမရမချင်းပေါ့ .."

"ရိုးမ ဘာလုပ်မယ် စိတ်ကူးလဲ .."

ကျွန်တော့် အမေးကြောင့် ရိုးမ က ခပ်ပြုံးပြုံးနဲ့ ..။

"အင်တာဗျူး အစီအစဉ်လား ကိုညို ..."

"ဟာဗျာ .. ရိုးမ ကလဲ၊ တစ်ခုတော့ ရှိတာပေါ့လေ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုရာများ ကျသွားမလားလို့.."

"အို မဟုတ်ပါဘူး .. ရိုးမ ဘာမှ လျှို့ဝှက်စရာမရှိပါဘူး ကိုညို.. [illegible]ကယ်လုပ်ချင်တာကတော့ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ NGO အလုပ်တွေပေါ့၊ နောက်ဆုံး VOLUNTEER အဖြစ်ပဲ ရရလေ၊ ဒါပေ[illegible]ယ့် အဲဒီလို လုပ်ဖို့ဆိုတာ မကြောင့်မကျ စိတ်ရှိရင်တော့ ကောင်းတာ ပေါ့နော့ .."

"ဘာမလုပ်နိုင်စရာရှိလို့လဲ ရိုးမရယ် .. ကိုယ်ဖြစ်ချင်တဲ့အလုပ် ဆိုတာ တစ်ချိန်မှာ ကိုယ်ကြိုးစားရင် ဖြစ်လာပါလိမ့်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ကံတရားလဲ လိုတယ် .. ကိုညို ရဲ့ .."

နောက်တော့ သူတို့ ဟိုဟိုဒီဒီ ပြောမိခဲ့ကြပါသည်။ နည်းနည်းလေး ပိုလင်းလာတော့ ဆိုင်မှာ ပြင်ဆင်စရာတွေရှိလို့ဆိုပြီး ရိုးမ ထွက်သွားပါသည်။ ကျွန်တော်က ကျန်နေခဲ့ပါတယ်။ သူမ ထွက်သွားတော့ စီးကရက်ကို စတင် မီးညှိဖြစ်ပါတယ်။ စီးကရက် မီးခိုးတွေကြားမှာ သူမ ပုံရိပ်က ဖျတ်ခနဲပါပဲ ..။



"ဟဲ့ .. နင်တို့ဆိုင်က မိန်းမလို ညှုသံခရာသံနဲ့ ယောကျ်ားမှန်သမျှကို သိမ်းသွင်းနေတာမဟုတ်ဘူးဟဲ့ ..၊ မိသဲ တို့ကတော့ ရှင်းတယ် .. စားချင်ရင်စား မစားချင်ရင်နေ ရှင်းရှင်းပဲ ပြတ်ပြတ်ပဲ ..၊ ဒါတို့က နည်းမှန် လမ်းမှန်ရောင်းတာ .."

ကြားလိုက်ရတဲ့ အသံကြောင့် ဆိုင်ထဲကနေ သူမ လှမ်းကြည့်တော့ သူမတို့ တောင်ပေါ်သူဆိုင်နဲ့ မျက်စောင်းထိုးဆိုင် မိသဲ တို့ဆိုင်ရှေ့မှာ သူမတို့ ဆိုင်က မစမ်းကြည် နဲ့ မိသဲ တို့ ပြဿနာတက်နေခြင်းဖြစ်သည်။ သူမတို့ ဆိုင်နဲ့ ဘေးချင်းကပ်ဆိုင်က ချောစု က ...

"ဟဲ့ .. ရိုးမ မစမ်းကြည် နဲ့ မိသဲ ပြဿနာတက်နေတယ်တင်တယ် .. သွားခေါ် လိုက်ပါဦးဟယ် ..၊ တော်ကြာ ဝေါပကနဲ့ ရဲတွေလာဖမ်းမှာ စိုးလို့ဟယ် .."

www.burmeseclassic.com



"ဟင် .. ဟုတ်လား အန်တီချို ရေ .."

အန်တီချို က ပြဿနာ တွေကို သိပုံရပါသည်။ ကောင်တာက နေ ...

"သွားခေါ်လိုက်ပါ ရိုးမ ရယ် .. မိသဲ အကြောင်းလဲသိရဲ့သားနဲ့ .."

မိသဲ ဆိုတာက ဒီအနီးနားက ဆိုင်တွေနဲ့ ဘယ်သူနဲ့မှ မတည့်ပါ စောင်းတက် မြောင်းတတ် ချိုတ်တတ်သည်။ အဓိကပြောရရင် မနာလို ဝန်တိုစိတ်ရှိတာပါ။ ဂေါပကအဖွဲ့တွေက ဒီလို ပြဿနာတွေအတွက် ဆိုင်ရှေ့မှာ အနီရောင်စည်းလိုင်းဆွဲထားပြီး စည်းကျော်ပြီး စားသုံးသူ ကို မခေါ်ရလို့ တားထားပေမယ့် မိသဲ တို့ဆိုင်က လက်တစ်လုံးခြား လုပ်တတ်ပါသည်။ ရိုးမ မစမ်းကြည် အနားရောက်လာပြီး မစမ်းကြည် လက်မောင်းကို ဆွဲကာ ...

"လာပါ မစမ်းကြည်ရယ် .. လူတွေ ဝိုင်းကြည့်နေတာ မရှက်ဘူးလား .."

မစမ်းကြည် က တော်တော်ကြီး ဒေါသဖြစ်နေပုံရပါသည်။ မျက်နှာတစ်ခုလုံး ရဲတွတ်နေပြီး မိသဲ ကို အံကျိတ်ကြည့်ကာ ..၊

"မဟုတ်ပါဘူးဟယ် .. ငါ့ကို စောင်းပြောရင် ငါ ခံနိုင်သေးတယ်



အခု နင့်ကို ရစရာမရှိအောင် စောင်းပြောနေတာ .."

"ရှင်း ... ကျွန်မကို .."

ရိုးမ ရင်ဘတ်ဖိရင်း တအံ့တသြနဲ့ မိသဲ ကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်တော့ မိသဲ က နှုတ်ခမ်းတစ်ဖက်တွန့်ကွေးရင်း ရိုးမ ကို ခိုသဲ့သဲ့ကြည့်ကာ ...

"ဟုတ်လို့ နင်တို့တွေ ဆွေ့ဆွေ့ခုန်နေတာပေါ့ ..၊ ကြည့်လိုက်ရင် မခုတ်တတ်တဲ့ကြောင်လိုလို .. သိက္ခာရှင်မကြီးလို ကရုဏာရှင်မကြီးလိုနေပြီး တွေ့သမျှ ယောကျ်ားတွေကို မြူဆွယ်နေတာ .."

မိသဲ စကားကြောင့် ရိုးမ မျက်နှာ ရဲတက်သွားပြီး မျက်ရည်ရစ်ဝိုင်းလာပါသည်။ မစမ်းကြည် ထဘီတိုတိုပြင်ဝတ်ရင်း ...

"ဟဲ့ .. နဂိုရှိလို့ နရိုင်းထွက်တာ၊ အေးပေါ့လေ .. နင့်လို ပဥ္စပါ ဒီလို ရုပ်မျိုးကျတော့ ယောကျ်ားတကာက နင့် မျက်နှာကို ကြောက်ပြီး ဘယ်လာစားရဲမလဲ .."

"ဘာပြောတယ် .."

မိသဲ ဆွေ့ဆွေ့ခုန်ကာ ဒေါသထွက်ပြီး ဆိုင်ပြင်ကို ထွက်မယ်ပြုတော့ မိသဲ တို့ဆိုင်က လူတွေက ဝိုင်းဆွဲထားပါသည်။ မစမ်းကြည်

www.burmeseclassic.com

www.burmeseclassic.com



ကလဲ ...

"လာလေ .. လွှတ်လိုက်ပါ .. စမ်းကြည် အကြောင်း သိစေရမယ် အတင်းပြောတတ်တဲ့ဟာမ .. ပါးစပ်နှစ်ဖက်ကို ပြဲသွားအောင် ဖြဲပြမယ်.."

လူတွေက ဝိုင်းအုံကြည့်နေကြတာကြောင့် ရိုးမ ရှက်လဲရှက် မျက်ရည်လဲ ကျမိပါသည်။

"ဘာတွေဖြစ်နေကြတာလဲ ညည်းတို့ မရှက်ကြဘူးလား ..၊ ဘုရားသာသနာနယ်မြေဆိုတာလဲ သိထားကြဦး .. ကဲ ရုံးကို လိုက်ခဲ့ကြ.."

ဂေါပကတွေ ရောက်လာမှ ရန်ပွဲက ငြိမ်သက်သွားပါသည်။ မိသဲ နဲ့ မိသဲ ဆိုင်ရှင် အန်တီအုန်း ရိုးမ နဲ့ မစမ်းကြည် တို့ ဂေါပကရုံးကို ရောက်ခဲ့ကြပါသည်။ ပြဿနာရဲ့ အစက မိသဲ ဆိုတာ ရှင်းလင်းနေတာကြောင့် ရိုးမ နဲ့ မစမ်းကြည် ကို ပြန်လွှတ်ပေးပြီး မိသဲ ကို ဆူပူ ပြောက်ဟမ်းနေပါသည်။

ဒါပေမယ့် ရိုးမ သူမကို ဦးတည်ပြီး ဖြစ်ခဲ့တဲ့ပြဿနာမို့ ဝမ်းနည်းလို့မဆုံးခဲ့ ..။ ဘေးဆိုင်က ချောစု တို့ စတိုးဆိုင်က မိဋ္ဌေး တို့ ကွမ်းယာဆိုင်က ထွေးခိုင် တို့က မိသဲ ကို မကျေနပ် ..၊

"အဲဒီ မိန်းမကတော့ ပြဿနာသည်ပဲဟယ် .. တစ်ယောက်မဟုတ် တစ်ယောက်နဲ့ ပြဿနာကို ဖြစ်နေရမှ .."

ထွေးခိုင် စကားကြောင့် မိဋ္ဌေး က ..

"ပြီးခဲ့တဲ့ အပတ်ကလဲ မြရီ တို့နဲ့ ပြဿနာ တက်ကြတယ်လေ"

မြရီ ဆိုတာ ခြင်းနဲ့ အထုပ်သည်တဲ့ ကောင်မလေးတွေ ..

"သူ့ဆိုင်ရှေ့မှာ ဟိုက အထုပ်ထည့်ထားတဲ့ ခြင်းကို ခဏချပြီး အမောဖြေတာ ဆိုင်ကို ပိတ်လို့ဆိုပြီး မိသဲ က ပြဿနာရှာတာ .."

ချောစု က ရိုးမ ကို ကြည့်ကာ နှစ်သိမ့်ပါသည်။

"ငိုမနေပါနဲ့ ရိုးမ ရယ် .. ဘယ်သူမှားလဲ ဘယ်သူမှန်တယ်ဆိုတာ အားလုံးသိနေတာပဲဟယ် .."

ရိုးမ မျက်ရည်ကို သုတ်မိရင် ...

"ဒါတော့ ဒါပေါ့ဟာ .. ငါ့ကိုယ်ကျင့်တရားကို စော်ကားခံလိုက်ရတာဟာ ..၊ ပြီးတော့ ငါ ဘယ်သူ့မှ မဖြူဆွယ်ပါဘူးဟယ် .. ငါ စေတနာမှဲ့ အားလုံးကို တန်းတူညီတူထားတာပါဟာ .."

စကားအဆုံးမှာ သူမ မျက်ရည်တွေကျမိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



✻❀✻

“ဟာဗျာ... ရှီးမ တော်တော် ရှက်ရှာမှာဗျ ..”

သူ ကြား့ကြားချင်း ရှီးမ အတွက် အတော်ကို စိတ်မကောင်းဖြစ်မိပါသည်။ ရှီးမ ရဲ့ အနေအထိုင် ကိုယ်ကျင့်တရားနဲ့ စာရိတ္တကို အချိန်တိုတိုအတွင်းမှာ သူ လေ့လေ့ ခဲ့လို့ သိရှိခဲ့ရပြီးပါပြီ။

“ရှက်တာပေါ့ကွ .. ဒါပေမယ့် မိသဲ က မနာလို ဝန်တိုစိတ်ရဲ့ ဘယ်လိုပဲ အပုပ်ချချ ..၊ ဒီနားက ဆိုင်တွေအားလုံးက မိသဲ နဲ့ ရှီးမ ဘယ်သူက ဆီ ဘယ်သူက ရေ ဆိုတာ မပြောလဲ သိနေကြတာပဲဟာ ..”

ဦးလေးမော် စကားကြောင့် ပွင့်ထူး မန်နေဂျာကလဲ အခုလို ပြောပါသည်။

“အေးဗျာ .. ဒီလောက်စိတ်ထားကောင်းတဲ့ ကလေးမကြမှ အပြော ခံရတယ်လို့ဗျာ မစန်းကြည် တို့ ချောစု တို့က နောက်တစ်ခါ ထပ်ဖြစ် လို့ကတော့ မိသဲ ကို အရေခွံနွှာမယ်ဆိုတာချည်းပဲ ..၊ အခု ကဏ



တော့ဗျာ .. စိတ်ထားမကောင်းတော့ ဆိုင်လှမဝင်ဘူး အဲဒါက စတာပဲဗျ..”

“အခု ရှီးမ ရော ဆိုင်မှာပဲလား ..”

“ဟိုအောက်ဖက် ဆင်းသွားတာပဲ .. ရဟတ်ယာဉ်ကွင်းမှာ ရှိမှာပေါ့၊ ဒီကလေးမက သူ့အကျင့်က ရဟတ်ယာဉ်ကွင်းမှာရပ်ပြီး တောတောင်တွေကို ငေးကြည့်နေတတ်တဲ့ အကျင့်ရှိတတ်တယ်ကွ ..”

“ကျွန်တော် လိုက်သွားဦးမယ်ဗျာ ..”

“အင်း .. ရောဂါက မသေးပါလား ..”

ဦးလေးမော် စကားကြောင့် ကိုညို ရှက်ရှက်နဲ့ ..၊

“ဟာဗျာ .. ဦးလေးမော် ကလဲ ..”

ကိုညို ပုံစံကြောင့် မန်နေဂျာနဲ့ ဦးလေးမော် က ရယ်ကြပါတော့သည်။ ကိုညို ထွက်သွားရာကို မန်နေဂျာ က ပြုံးကြည့်ရင်း ...

“ခင်ဗျားတူတော့ ရှီးမတောကြီးထဲမှာ လမ်းပျောက်နေပြီ ထင်တယ် ..”

“ဟုတ်တယ် .. တောညို့ခံလိုက်ရတာ ..”

“ဟုတ်တယ် ဦးလေးမော် ရေ ..”

ဦးလေးမော် က တပြုံးပြုံးနဲ့ ..၊

“မနေ့ ညနေကတောင် တောင်ပေါ်သူဆိုင်ဘက်ရောက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင် မချို နဲ့ စကားပြောဖြစ်သေးတယ် ..”

“ဘာကိစ္စလဲ .. ဦးလေးမော်၊ ရိုးမ နဲ့ ပတ်သက်တာလား ..”

“ဆိုပါတော့ .. ရိုးမ ကိုတည်ပြီး ပက်သက်နေတဲ့ လူနှစ်ယောက် အကြောင်းပေါ့ ..”

“ဘယ်သူနဲ့ ဘယ်သူလဲ ..”

မန်နေဂျာကြီး စကားကြောင့် ဦးလေးမော် ရေနွေးကြမ်းပူပူကို မှုတ်သောက်ရင်း ...

“တစ်ယောက်က မောင်ညို တဲ့ ..”

“နောက်တစ်ယောက်ကရော ..”

ဦးလေးမော် သက်ပြင်းချပါသည်။ ပြီးမှ ...

“နေသစ်မင်း တဲ့ ..”

“ဟိုကောင်လေးလား .. ဟိုကလေးမလေးနဲ့လဲ ..”

မန်နေဂျာကြီးရဲ့ အထင်နဲ့ အမြင်ကြောင့် ဦးလေးမော် ခေါင်း ညိတ်ပြရင်း ...၊

“အဲဒါပေါ့ဗျာ .. နေသစ်မင်း က တစ္စတ်ထိုး ရှာတိတ်ဗျ ..၊ အခု မောင်ကြီးမပြန်နိုင် ဖြစ်နေရှာတယ်လေ၊ မနေ့ညကလဲ သုသု နဲ့ ကျိတ် ရန်ဖြစ်နေတယ်၊ သုသု တို့က လေးငါးရက်ဆိုတော့ ပြန်ချင်နေပြီ..”



“ကိုညို .. အိမ်အခြေအနေကရော ..”

“ကိုညို ကတော့ အကြောင်းမဟုတ်ပါဘူး ..၊ ကိုယ်တိုင် စီးပွား ရှာသမား၊ မအေကလဲ မရှိတော့ ဒီကောင့် အဖေက ငယ်ငယ်လေး ထဲက ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရပ်တည်နိုင်အောင် လေ့ကျင့် ပေး ထားတာ ..”

မန်နေဂျာကြီးက စဉ်းစားရင်း ခေါင်းတညိတ်ညိတ်နဲ့ ..၊

“အဲဒါကြောင့် ကိုညို ပုံစံက အသက်ငယ်ငယ်နဲ့ ရင့်ကျက်နေတဲ့ ပုံ ဖြစ်နေတာဗျ .. နော် .. ဦးလေးမော် ..”

ဦးလေးမော် က ရယ်သည်။

“ဒါပေမယ့်ဗျာ .. အချစ်နဲ့တွေ့တော့ တောင်ပေါ်ဆောင်းတောင် လေတောင် မချမ်းနိုင်တော့ဘူး .. ဟား .. ဟား ..ဟား ..”

ဦးလေးမော် ကိုယ့်စကားကိုယ် သဘောကျပြီးရယ်သည်။

“အေးဗျာ .. အခုမှ ဆယ့်လေးငါးခြောက်နှစ် ကောင်လေးကျ နေတာပဲ ..”

နှစ်ယောက်သား ဝေဖန်ရေးလုပ်ရင် သဘောတွေကျနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူဖြူတွေက ဖြည်းဖြည်းချင်း စုန်ဆင်းစီးမျောနေပါတယ် ပတ်ဝန်းကျင်တစ်ခုလုံးဟာ နှင်းရိပ်နှင်းငွေ့တွေ ကာဆီးထားပါတယ် ဟိုဝေးဝေးက တောင်ရိပ်တောင်တန်းတွေက ရေးရေးလေး မြင်သ… ရုံသာရှိပါသည်။

ကျွန်တော် သံယောဇဉ်ဖြစ်မိရတဲ့ တောအုပ်လေးကတော့ … ဘာသာ ငြိမ်ငြိမ်သက်သက်ကလေး ရပ်တည်နေသည်။ သူမ သ… ပြင်းချပြီး သူ့ဘက်လှည့်တော့ …

“ဟင် .. ကိုညို ..”

မျက်လုံးအဝိုင်းသား အံ့သြဟန်နဲ့ သူ့ကိုကြည့်ပြီး …

“ဘယ်တုန်းက ရောက်နေတာလဲ ..”

ကျွန်တော် အပြုံးငွေ့ငွေ့နဲ့ …



“ကြာပြီ ရှိုးမ ရဲ့ ..”

ကျွန်တော့် စကားကြောင့် သူမ က အားတုံ့အားနာနဲ့ …။

“ဒါများ ကိုညို ရယ် ခေါ်လိုက်ရောပေါ့ ..”

“ပထမတော့ ခေါ်မလို့ပဲ .. ရှိုးမ အတွေးပျက်သွားမှာစိုးလို့ ..”

ကျွန်တော့် စကားကြောင့် သူမက ပြုံးသည်။

“ဘာကိုပြုံးတာလဲ ရှိုးမ ရဲ့ ..”

“ခြော် .. ကိုညို က လူတစ်ဖက်သားအပေါ် ငဲ့ညှာတတ်တာ …နော် ..”

“ကျွန်တော် ကြားပြီးပါပြီ ..”

အဆုံးအစမရှိတဲ့ ကျွန်တော့် စကားကြောင့် ရှိုးမ က ကျွန်တော့် …မော့ကြည့်ပြီး …

“ဘာကိုလဲ ကိုညို ..”

“မိသဲ နဲ့ ပြဿနာလေ ..”

ရှိုးမ သက်ပြင်းချပြီး အဝေးကို ကြည့်နေပါသည်။

“ရှိုးမ တော်တော် ခံစားရမှာပဲနော် .. ဟိုလေ .. ရှိုးမ ဒါတွေလေ..”

ကျွန်တော် နှစ်သိမ့်စကားဆိုဖို့ မစခင် သူမက ကျွန်တော် ပြုံးပြီး

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ကာ ...

"စဖြစ်ဖြစ်ချင်းတော့ ခံစားရတာပေါ့ ကိုညို ...၊ ကိုယ့်ကိုယ်ကို ပဲ ပြန်သုံးသပ်ကြည့်မိတယ်၊ ဒါ တကယ်ပဲ လူပြောစရာ တကယ် နေလားပေါ့ .."

"ရိုးမ အနေအထိုင်တတ်တာ ဒီပြင် ဆိုင်တွေလဲ သိနေတာပဲလေ"

"နောက်တော့ .. ကိုယ်လုပ်ရမယ့် အလုပ်ကိုပဲ ဆက်လုပ်ဖို့ ကို ကိုယ်ကိုယ် ပြန်အားပေးမိတယ် ကိုညို ..၊ ဟုတ်တယ်နော် ကိုညို"

ကျွန်တော် မျက်ခုံးလေးမြှင့်ပြီး ပြောဟန်လေးကြောင့် ဒီမိန်း လေးကို ဆွဲပွေ့ဖက်ချင်မိပါသည်။ ကိုယ့် ရင်ခုန်သံတွေက မင်း ရင်းမှာ စုပုံထားချင်စရာကောင်းနေပြီ မိန်းကလေးရေ ..။

နောက်တော့ ကိုယ့်ရင်ခုန်သံတွေကို ကျိတ်မှိတ်ပြီး သက်ပြ ချတော့ သူမ အံ့ဩဟန်နဲ့ ...

"ဟောတော် .. နေရင်းထိုင်ရင်းက သက်ပြင်းတွေချနေပါလား ဘာဖြစ်လို့လဲ ကိုညို .."

ကျွန်တော် ရှက်ရှက်နဲ့ အရိပ်ပီပြင်လာတော့မယ့် တောင် တွေ၊ တောအုပ်တွေရှိရာကို ငေးကြည့်ပြီး ...



"ဘာရယ်မဟုတ်ပါဘူး ရိုးမ ရယ် .."

"ဟုတ်လို့လား ကိုညို ရဲ့ .."

သူမ ပုံစံက ပြုံးစိစိ၊ တစ်ခုခုကို သိနေပုံပါပဲ ..။ ကျွန်တော် စကား လမ်းကြောင်းလွှဲချင်တာနဲ့ ...

"လုပ်ပါဦး တောတောင် ရေမြေ သဘာဝတရားအကြောင်းကို .."

ကျွန်တော့် စကားကြောင့် ထိုမိန်းကလေးက မျက်ဝန်းထောင့် ကပ်ရင်း ရယ်ချင်နေတဲ့ဟန်နဲ့ ကျွန်တော့်ကို မသိမသာကြည့်ပါသည်။ ပြီးတော့ ...

"တကယ်ရော နားထောင်ချင်လို့လား ကိုညို .."

"အင်း .."

ကျွန်တော့် အဖြေစကားကြောင့် သူမက တောတောင်တွေရှိရာ ဘက် မျက်နှာမူပါသည်။

"John Drinkwater က ဒီလို ပြောသွားတယ် .."

"လုပ်ပါဦး ဆရာရေ .."

"ကိုညို မနောက်နဲ့နော် .. ဒီက စကားအတည်ပြောနေတာ .."

ကျွန်တော်ကလဲ လက်လေးနှစ်ဖက်ကို မူယာတန်းဆုံချင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်လို လက်ပိုက်ကာ ...

"ဟုတ်ကဲ့ ပြောပါ ဆရာမ .."

ကျွန်တော့် အပြုအမူကြောင့် ရိုးမ က ခေါင်းလေးမော့ကာ ဟက်ဟက်ပက်ပက် ရယ်ပါသည်။ သွေးကြောစိမ်းစိမ်းလေးတွေ ထင်နေတဲ့ လည်တိုင်လေးက ဖယောင်းရုပ်ထုလေးလိုပါပဲ။ မင်းကြောင့် ခက်နေပြီ ရိုးမ ရေ ..။

"အဲဒီ ကိုညို ဟာလေ .. ကဲ ဆက်ပြောမယ် John Drink water က ဒီလိုပြောတယ် ကိုညို ...

*ကြည်လင်တဲ့ စမ်းချောင်းရေကို*
*နောက်ကျိစေတဲ့အခါ ...*
*ကျေးငှက်တွေရဲ့ ခိုလှုံရာကို ဖျက်ဆီးပစ်တဲ့အခါ ...*
*စင်ပျားဟာ များစွာသော အိပ်မက်တွေကို*
*ဖျက်ဆီးပစ်သူပေါ့ ...!*
*ဖြစ်တည် ဝန်တီးခြင်းတရားကို*
*မသိလေးစားပြုသူပေါ့ ...!*



"ကဲ .. ကိုယ်တော် ကျွန်မရောက်ပါပြီ .. ပြောစရာရှိတယ်ဆို .."

မစန်းကြည် နဲ့ မှာပြီး ပြောစရာရှိတယ်၊ ဘုရားပေါ် လိုက်ခဲ့ပါ ဆိုလို့ ရိုးမ ရောက်လာခြင်းဖြစ်ပါသည်။ နေသစ် က ...

"နေဦး .. မမ ဘုရားရင်ပြင်ခြေရင်း ကားရပ်တဲ့နားက လက်ဘက်ရည်ဆိုင်သွားရအောင် အဲဒီဆိုင်လေးက ရှုခင်းကြည့်လို့ကောင်းတယ် .."

ရိုးမ လက်က နာရီကို ကြည့်ပြီးတော့ ...

"ဒီအချိန် ဘယ်သူမှ ထမင်းမစားသေးပါဘူး မမ ရယ် လာစမ်းပါ"

လက်မဆွဲယုံတမယ် အတင်းခေါ်တော့ သူမ လက်ကို ကမန်းကတမ်းရုတ်တော့ နေသစ် က ရယ်ပြီး ...

"အောင်မလေး မမရယ် ဖြစ်နေလိုက်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အနေအထိုင်ဆင်ခြင်ရတယ်ကွ .. မင်းသိလား .."

ဤနှမ စကားကြောင့် နေသစ် က ဘာမှ မပြောတော့ ..။ နေသ

နဲ့ အတူလျှောက်ရင်း မုဒ်ဦးအစပ်နားက လက်ဖက်ရည်ဆိုင်လေး

ထိုင်ဖြစ်ပါသည်။ ချောက်နှုတ်ခမ်းပေါ် မေးတင်ပြီး ဆောက်ထား

ဒီဆိုင်လေးက ထိုင်စကားပြောလို့ ကောင်းပါသည်။

"မရိုးမ .. ဘာသောက်မလဲ .."

စားပွဲထိုး ချာတိတ်က ခင်မင်ရင်းနှီးနေပြီဖြစ်တာကြောင့်

တော့ ...

"လက်ဖက်ရည်ပေါ့ဆိမ့် .. နေသစ် မင်းရော .."

"ကော်ဖီမစ်ပဲ လုပ်ပါ .."

ကောင်လေးက ခေါင်းညိတ်ပြီး ထွက်သွားပါသည်။

တော့ ကောင်လေးက မှာထားတဲ့ လက်ဖက်ရည်နဲ့ ကော်ဖီမစ်ကို

ချပေးပါသည်။

နေသစ် နဲ့ သူမ ထိုင်နေတဲ့ နေရာက အတွင်းအစွန်ဆုံးမှာ

ပတ်ဝန်းကျင်ကို ငေးကြည့်လို့ကောင်းပါသည်။ ကိုယ့်အောက်

ချောက်ကို ကြည့်ရတာကိုက အသည်းတယားယား ..၊



"ကဲ ဆိုပါဦး .. မင်း အရေးကြီးပါတယ်ဆိုတဲ့ ကိစ္စ ..၊ ဘာလဲ နေသစ် က ကျုပ်ကို ရည်းစားစကားပြောဖို့ မဟုတ်လား .."

ဤနှမ စကားကြောင့် ချာတိတ်က မျက်နှာရှုံ့မဲ့ပြီး ခေါင်းကုပ်ကာ ...

"ဟာဗျာ .. မမကလဲ အဲလိုဒဲ့ကြီးပြောတော့ ဖီလင်မလာလိုက်တာ .."

သူမက ချာတိတ်ကို ကြည့်ပြီးရယ်ပါသည်။

"ကိုယ် ပြောတာ မဟုတ်လို့လား .."

"ဟုတ်တော့ ဟုတ်တာပေါ့ .. ဒါပေမယ့် ကျွန်တော်က အရင်ပြော မမ ရှက်သွား၊ ဒီလို အစီအစဉ်တကျဖြစ်ရမှာ .."

ဒီကောင်လေးပြောပုံက စိတ်ကူးယဉ်ဆန်တဲ့ဘဝမှာ နေထိုင်လာတဲ့ လူငယ်မှန်း သိပ်သိသာပါသည်။

"ဘယ်လိုပဲပြောပြော ဒီအကြောင်းပဲ မဟုတ်လား .. ကဲ ပြောပြီးပဲ ထားလိုက်ကွာ .."

"အဲဒါဆို အဖြေပေးတော့ .."

တဖွတ်ထိုးဆန်တဲ့ လေယူလေသိမ်းကြောင့် သူမက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ကိုယ့်အခြေအနေက မဖြစ်နိုင်ပါဘူးကွာ ..၊ နောက်ပြီး မင်းနဲ့ သုသု က စေ့စပ်တော့မယ့် အခြေအနေဆို .."

"ဘယ်သူပြောတာလဲ .."

"မင်း သူငယ်ချင်းတွေပဲ ပြောနေကြတာလေ .."

"ဟာဗျာ .. ဘာမှ မဆိုင်ပါဘူး ..၊ ပြီးတော့ ကျွန်တော် သုသု ကို ချစ်လို့မရဘူး .."

နေသစ် ပုံစံကြောင့် သူမ ပြုံးရင်း ...

"အချိန်တန်တော့ ချစ်သွားကြမှာပါ .."

"မမ .. ကျွန်တော့်ကို မချစ်ဖူးလား .."

"အင်း .."

"ဟာဗျာ .."

စိတ်ပျက်လက်ပျက်ဖြစ်သွားတဲ့ နေသစ် ပုံစံကြောင့် သူမ ရယ်ရင်း ...

"ဟောတော့ ပွင့်ပွင့်လင်းလင်း ပြောရသေးတယ် .."

"မရဘူး မမရာ .. မမ ကျွန်တော့်ကို ချစ်နေတာပါ .."

"မင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လား ချာတိတ်ရယ်..၊



တဲ ပြန်ကြရအောင် ကိုယ် အရင်ပြန်နှင့်မယ် .."

"မမ ကျွန်တော် ပြောတာ စဉ်းစားထားနော် နောက်တစ်ခေါက် ပြန်လာဦးမှာ .."

သူမ ထိုင်နေတဲ့ ချာတိတ်ကို ကြည့်ပြီး မသွားခင် အခုလိုပြောမိသည်။

"မင်းကို မချစ်ပါနဲ့တော့လို့လဲ မတားဘူး၊ ချစ်ပါလို့လဲ မတောင်းဆိုဘူး ..၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ မင်းကို စဉ်းစားပေးမှာ မဟုတ်ဘူး .."

နေသစ် က အောင့်သက်သက်လေသံနဲ့ ...

"ဘာဖြစ်လို့လဲ .. ကိုညို့ ကြောင့်လား .."

သူမ နေသစ် စကားကြောင့် ရယ်ပြီး ...

"မင်း သိပ်ကလေးဆန်လို့ နေသစ် ရေ.. သွားပြီ .."

သူမ လှည့်ထွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



❋✿❋

"ပြဿနာက ထပ်ဖြစ်ဦးမယ်နဲ့ တူပါတယ် ရိုးမ ရယ် .."

ရိုးမ ဘေးမှာ ဝင်ထိုင်ထိုင်ချင်း မစန်းကြည် က ပြောတော့ ..

"ဘာဖြစ်လို့လဲ မစန်းကြည် .."

"နေသစ် အဖေနဲ့ အမေ ရောက်နေတယ် .. မိသဲ တို့ ဆိုင်မှာ တည်းတယ်တဲ့ .."

"ဟင် .. သူတို့က သူ့ဧည့်သည်တွေဆို .. ကျိုက်ထိုပဲ့ကိုတယ်မှာ မတည်းဘူးလား .."

"ဘွတ်ကာင်တွေ ပြည့်နေတယ်လို့ ပြောတာပဲ ..၊ မိသဲ က ဘာတွေ ရှုပ်တွန်းလုပ်ဦးမလဲ မသိဘူး .."

ဖြစ်တောင့်ဖြစ်ခဲ နေသစ် မိဘတွေက မိသဲ ဆိုင်ပါမှ သွားတည်းရတယ်လို့လေ ..။



"ကိုယ် အနေအထိုင်မှန်ရင် သူတို့ ပြောလို့ရပါဘူး၊ မစန်းကြည် ရယ် .. သူသား နေသစ် နဲ့ ကျွန်မနဲ့က ဘာမှ ပတ်သက်တာမှ မဟုတ်ဘာ .."

"အေးလေ .. ဟုတ်တော့ ဟုတ်ပါတယ် ..၊ သူ ဆိုင်မှာတည်းပြီး သူ့ဆိုင်မှာ ထမင်းစားရမှာပဲ ..၊ ဘာမှ ပက်သက်စရာတော့ မရှိပါဘူး .."

နောက်တော့ ကိုယ်လုပ်စရာရှိတာကို ကိုယ့်ဆက်လုပ်နေမိပါသည်။ ပြဿနာဆိုတာ မိုးပေါ်က ကျလာတာမဟုတ်ပါဘူး ..လူက ဆင်တီးယူတာပါဆိုတဲ့ စကားက မှန်နေခဲ့ပါသည်။ နေ့လယ်ဆယ့်တစ်နာရီလောက်မှာ နေသစ် တို့ အဖွဲ့ ထမင်းစားပါသည်။ သူမ ထုံးစံအတိုင်း အားလုံး စိတ်တိုင်းကျဖြစ်အောင် ဧည့်ခံခဲ့ပါတယ်။ နေသစ်တို့ ထမင်းစားပြီး တအောင့်လောက်ကြာတော့ ဦးလေးမော် နဲ့ ကိုညို ရောက်လာပါသည်။ ကိုညို က ဟင်းတွေ သွားကြည့်ပြီး သူစားချင်တာမှာသည်၊ ဦးလေးမော် က သူ စားမယ့်ဟင်းကို မနက်တည်းက ဆိုင်ကို လာရင်း ကြို့ပြောထားတာကြောင့် ကိစ္စမရှိ ..။

နောက် ဆိုင်ထဲကို လူသုံးဦးထပ်ဝင်လာပါသည်။ ယောကျ်ားနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မိန်းမတစ်ယောက် ..။

"လာပါရှင့် အစ်မ စန်းကြည် ထွေးထွေး ရေ ညှိသည်တွေကို ညှိခံပါဟေ့ .."

ရွှေရောင်တဝင်းဝင်း တလက်လက်နဲ့ အမျိုးသမီးကြီးက မျက်နှာထားတင်းသည်။ ရီးမ ကို အကဲခတ်ပြီး ...

"ရီးမ ဆိုတာ မင်းလား .."

"ရှင် ... ဟုတ် .. ဟုတ်ကဲ့ .."

ရုတ်တရက် အဲလို အသံမာမာနဲ့ မေးခံရတော့ ရီးမ ကြောင်သွားတာ အမှန်ပါ ..။

"မာမီ .."

နေသစ် ရဲ့ တားဆီးဟန်အသံနဲ့ မျက်နှာပျက်ယွင်းမှုကြောင့် သူမ ချက်ချင်း ဘယ်သူဘယ်ဝါဆိုတာ သဘောပေါက်လိုက်ပါသည်။ ဒါနဲ့ ဒီလူတွေက နေသစ် အဖေ အမေနဲ့ အပေါင်းပါပေါ့ ..။

"ဒယ်ဒီ သမီးတို့ ဘေးဝိုင်းလာလေ .."

သုသု ရဲ့ ရွှင်ပျပျ အသံကြောင့် နောက်တစ်ယောက် လူ သန့်သန့်နဲ့ ပုဂ္ဂိုလ်ကြီးဟာ သုသု အဖေ ဆိုတာ သိလိုက်ရပါသည်။



ဦးလေးမော် က ကိုညို ကို ခါးနှိမ်ပြီး အခုလို လှမ်းပြောသည်။

"မင်း ဒီလူတွေကို သိလား .."

"မသိဘူး .. ဦးလေးမော် .."

"မင်းတို့ ငါတို့ ကုမ္ပဏီ ကျောက်စိမ်းမျက်လုံး အုပ်စုရဲ့ ကုမ္ပဏီခွဲ တစ်ခုဖြစ်တဲ့ Deploy Co;Ltd မှာ သူတို့ ကုမ္ပဏီက တင်သွင်းလာတဲ့ ပစ္စည်းတွေ အသုံးပြုဖို့ ဟိုတစ်လောကလာတဲ့ နှစ်ယောက်လေ ဗျာ .."

ကျွန်တော် ထမင်းစားရင်း လှမ်းကြည့်တော့ ပြန်အမှတ်ရမိပါသည်။ စကားကို လိပ်က ဂျပိုးဖြစ်အောင် ပြောတတ်တဲ့လူတွေ သူတို့နဲ့ လယ်ပယ်တန်းတော့ မဟုတ် ..။

"မသိရင်တော့ မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလာတဲ့ စတိုင်နဲ့ .."

ကိုညို စကားကြောင့် ဦးလေးမော် က ...

"မပြည့်တဲ့ အိုး ဆိုတာ အဲဒါတွေလေ ..၊ ကြည့်ရတာ ပြဿနာ ရှာတာထင်တယ် .."

"ဟုတ်မယ် ဦးလေးမော် .."

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကြသေးတာပေါ့ကွာ .."

ဦးလေးမော် နဲ့ ကိုညို ထမင်းစားရင်း စောင့်ကြည့်နေကြပါသည်။ အပြင်ခပ်လှမ်းလှမ်းက ကွမ်းယာဆိုင်မှာ မိသဲ ကို တွေ့မိသည်။ ရှီးမ က လိုလေသေးမရှိအောင် ညှို့မိပါသည်။

မစန်းကြည် က ရှီးမ မှာထားလို့ထင်သည် စားပိုင်းဘေးမှာ အသင့်ရပ်နေပေသည်။

"ဟာ .. ညံလိုက်တယ် ဟင်း ..၊ ဟယ် .. ဒါနဲ့များ နာမည်ကြီး နေသေးတယ် .."

နေသစ် မေမေရဲ့ စကားကြောင့် နေသစ် အဖေဖြစ်သူကလဲ..။

"ဟုတ်ပ့ါ .. ထွီ.. ဒီဟင်းလဲ သုံးစားလို့ မရဘူး .. တောက် .."

ပြောပြောဆိုဆိုနဲ့ လက်ထဲက ဇွန်းနဲ့ ခပ်ရင်းကို ပစ်ချတော့ နေသစ် မျက်နှာပျက်ပျက်နဲ့ ထလာကာ ..၊

"သား တောင်းပန်ပါတယ် ဒယ်ဒီ ဒီလိုနည်းနဲ့ .."

ရှီးမ ခပ်တည်တည်နဲ့ ရောက်လာပါသည်။ အန်တီချို က ဦးလေးမော် ကို မျက်နှာပျက်ပျက်နဲ့ ကြည့်တော့ ဦးလေးမော် က အသာနေဆိုတဲ့ သဘောနဲ့ လက်ကာပြပါသည်။



ရှီးမ ထမင်းဝိုင်းအနီးကိုရောက်လာပါသည်။ ပြီးတော့ ပုံမှန်လေသံ နဲ့ပဲ ...

"ကျွန်မတို့ ဘယ်ဟင်းက ဘယ်လို မကောင်းတာလဲရှင့် .."

ရှီးမ ရဲ့ အမေးကြောင့် လင်မယားနှစ်ယောက်လုံး အိုးတို့အန်းတမ်း ဖြစ်သွားပါသည်။ နေသစ် က ကြားထဲကနေ ...

"မမ ကျွန်တော် ကြားထဲကပဲ တောင်းပန်ပါတယ်ဗျာ .."

"အို .. နင်က အဖေ,အမေထက် ဘာမဟုတ်တဲ့ ကောင်မကို တောင်းပန်နေရတာလဲ .."

နေသစ် မေမေ စကားကြောင့် နေသစ် ဒယ်ဒီ ဦးကောင်းပြည့်ဖော် ထရပ်ကာ ထမင်းပန်းကန်ကို ယူကာ ပစ်ခွဲချလိုက်ပြီး ..၊

"မကောင်းတာက စုံနေတာပဲ .."

အဓိက ရည်ရွယ်ချက်က ရှီးမ ကို အရှက်ခွဲဖို့ဆိုတာ ရှီးမ သိပါသည်။ ဦးလေးမော် ထမင်းကို လက်စသက်ပြီး ရှီးမ တို့ ရှိရာ လျှောက်လာပါသည်။

"နေပါဦးဗျာ .. ခင်ဗျားတို့ လုပ်တာ မဟုတ်သေးဘူး .."

ဦးလေးမော် ရဲ့ အသံကြောင့် ဦးကောင်းပြည့်ဖော် က ဦးလေးမော်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်က ကောင်လဲဆိုတဲ့ သဘောနဲ့ ကြည့်ကာ ...

"ခင်ဗျား က ဘာလဲ .. ဒီဆိုင်ရှင်လား .."

"ဆိုပါတော့ .."

အရေးထဲ မစမ်းကြည့် ဦးလေးမော် စကားကြောင့် ပြုံးမိပါသည်။ ဦးလေးမော် ထမင်းဝိုင်းထဲက ဦးကောင်းပြည့်ဖော် ခပ်စားထားတဲ့ ဟင်းတစ်တုံးကို ဇွန်းနဲ့ ခပ်ယူမြည်းကြည့်ပါသည်။

"အင်း .. မဆိုးပါဘူး ဒီလောက်ကောင်းတဲ့ဟင်း .."

ဦးလေးမော် က ကျွမ်းကျင်တဲ့ စာဖိုမှူးတစ်ယောက် ဟင်းခပ်မြည်းနေသလို အေးအေးဆေးဆေးပုံစံနဲ့ ...

"ဒီဟင်းဖြစ်မယ် .. ကဲ .."

နောက်ဟင်းတစ်ပွဲကို ထပ်မြည်းသည်။

"ဒီဟင်းလဲ ကောင်းတာပဲ .."

ဦးလေးမော် ပုံစံက ရွှဲနေသလိုပင် ...။ နောက်ဆုံး ဟင်းချိုကို မြည်းကြည့်ပြီးမှာတော့ ...

"ဟ .. ဒါလဲ မဟုတ်ပြန်ဘူး ...၊ ကဲ .. ခင်ဗျားတို့က ဘယ်လိုပုံစံ စားချင်တာလဲ .."



ဦးကောင်းပြည့်ဖော် မျက်နှာအပျက်ပျက်နဲ့ ...၊

"အိုဗျာ .. မကောင်းတာက မကောင်းတာပဲ .."

"စိတ်မကောင်းစရာပဲဗျာ .. ဒီလောက်ကောင်းတဲ့ဟင်းတွေကို ခင်ဗျားတို့လျှာက ခံတွင်းမတွေ့ဘူးဆိုတော့ ခင်ဗျားကို လျှာကို ဖြတ်ခစ်မှ ဖြစ်တော့မယ် .."

"ဘာဗျ .. ခင်ဗျား ဘာစကားပြောတာလဲ .."

"ကိုကောင်း .. မလုပ်နဲ့ .."

ဦးလေးမော် ပြုံးတုံ့တုံ့နဲ့ ...၊

"လွှတ်ပေးလိုက်စမ်းပါဗျာ .. ဆွဲထားမနေနဲ့၊ ခင်ဗျား ဘာနဲ့ ဘုဥ်ချင်လဲ နှလုံးရည်လား၊ လက်ရုံးရည်လား၊ ဒါမှမဟုတ် အကျိုး ပျော်သွားနဲ့လား .."

"မင်းက ဘာကောင်မို့လို့လဲ .. မင်းတို့ ငါ့ကို ဘာထင်လဲ ဘာမှ မှတ်တဲ့ကောင်တွေကွာ ...၊ ဒီကောင်မလေးကို ဖမ်းပြီး မင်းတို့ကို ရှုတေးချင်တယ်ပေါ့ ...၊ အေး ကျန်တဲ့ကောင်တွေပဲရမယ် ကောင်းပြည့် ဖော် ကို လာလုပ်လို့မရဘူး .."

"စိတ်ထိန်းစမ်းပါ ကိုကောင်း ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



သုသု အဖေ က ဦးကောင်းပြည့်ဇော် လို မဟုတ်၊ ဆိုင်ထဲမှာ ဖြစ်နေတဲ့ ပြဿနာက ဆိုင်ဝမှာ လူတွေ ဝိုင်းအုံကြည့်တဲ့အထိပါ ..။

"တောက် .. မင်းကြောင့် ငါ အပြောခံရတာ နေသစ်၊ ဘာမဟုတ်တဲ့ မိန်းမကြောင့် .."

"ဦးလေး ..."

ရိုးမ ရှက်လဲရှက် ဒေါသလဲဖြစ်ကာ မျက်ရည်ပေါက်ပေါက်ကျ ရင်း ကြုံးအော်မိသည်။ ဦးလေးမော် က ...

"သမီး မပြောနဲ့ ဦးလေးမော် ပြောမယ် .."

"မင်းတို့ ဒီဝိုင်းဖိုးနဲ့ ပျက်ဆီးသွားတဲ့ ဆုံးရှုံးမှုတွေအတွက် လျော် မလား ..၊ ဒါမှမဟုတ် ကျူပ် တစ်ခုခုလုပ်ရမလား .."

ဦးလေးမော် စကားကြောင့် ဦးကောင်းပြည့်ဇော် ပေါက်ကွဲဒေါ ဖြစ်ကာ ...

"မင်းလိုကောင်ကများ ဖွဲလို ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက် ကို မင်းတို့ကို ဂေါ်ပကနဲ့ တိုင်မယ် .."

ဦးလေးမော် ပြုံးလိုက်မိပါသည်။ ပြီးတော့ လိပ်စာကဒ်ကို ထု ကာ ဦးကောင်းပြည့်ဇော် အင်္ကျီအိတ်ထဲထည့်ရင်း ...။



"မင်း လိပ်စာနဲ့တကွ တိုင်လို့ရအောင် ငါ ရန်ကုန်မှာနေတဲ့ လိပ်စာကို ထည့်ပေးလိုက်တယ် .. ကောင်းပြည့်ဇော် .."

"ဟင်!..."

ဦးကောင်းပြည့်ဇော် သူ့နာမည်ကို ဦးလေးမော် သိနေတော့ အံ့ဩသွားကာ ကဗျာကယာ သူ့အိတ်ထဲက လိပ်စာကဒ်ကို ယူကြည့် တော့ ...

"ဟာ .."

မယုံနိုင်အောင် ဖြစ်နေပုံနဲ့ လိပ်စာကဒ်ကို ကြည့်လိုက် ဦးလေးမော် ကို ကြည့်လိုက်ပေါ့ ..၊ သုသု အဖေ ဦးသီဟအောင် က ...

"ဘာဖြစ်လို့လဲ ကိုကောင်း .."

လိပ်စာကဒ်ကို လှမ်းယူပြီး ကြည့်တော့ ...

"ဟာ .. ဒါဆို ခင်ဗျားက ကျောက်မီးသွေးကုမ္ပဏီ ဦးထွန်းမော် ပေါ့ .."

ဦးလေးမော် ဘာမှ ဝင်မပြောပဲ ပြုံးနေပါသည်။ ဦးသီဟအောင် တော်တော်ကို ဖြုံသွားမိကာ ...

"ကြားထဲက ကျွန်တော်ကပဲ တောင်းပန်ပါတယ် ဦးထွန်းမော်

www.burmeseclassic.com

www.burmeseclassic.com



မျက်ဆီးသွားတာတွေအတွက် ကျွန်တော် လာရှင်းပေးပါမယ်၊ လာ
သွားရအောင် ကိုကောင်း ..."

ဦးကောင်းပြည့်ဇော် မျက်စေ့ မျက်နှာ အပျက်ပျက်နဲ့ ထွက်သွား
ပါသည်။ သုသု က ဦးကောင်းပြည့်ဇော် တို့နဲ့ ပါသွားပါသည်။

နေသစ် မျက်နှာ အပျက်ပျက်နဲ့ ...၊

"မမ ကျွန်တော် .."

"မင်း အသံ ငါ မကြားရပါစေနဲ့ နေသစ် .."

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ရိုးမ လှည့်ထွက်သွားပါ
သည်။ ဦးလေးမော် က နေသစ် ပခုံးကို ပုတ်ကာ ...၊

"ဒီအချိန်မှာ ငါ့သမီး ပြောတဲ့အတိုင်း လိုက်နာပေးလိုက်ပါ
နေသစ် ရယ် .."

နေသစ် ခေါင်းငိုက်စိုက်ကျသွားပါသည်။ အေးမင်းဆက် က
နောင်နောင် ကို တိုးတိုးပြောသည်။

"ဦးလေးမော် က တကယ် ဆရာကြီးပဲကွနော် နောင်နောင်"

"ကုမ္ပဏီချင်း တကယ်ယှဉ်ရင် သုသု အဖေတို့ နေသစ် အဖေ
တို့ရဲ့ ကုမ္ပဏီက ကလေးပေါက်စနလေး ဖြစ်သွားတာပေါ့ကွ ...၊ ကျောက်



မ်းမျက်လုံးဆိုတာ ချမ်းသာတဲ့လူတွေ အုပ်စုဖွဲ့တည်ထောင်ထား
သကွ .. သဘောပေါက် .."

နောင်နောင် စကားကြောင့် အေးမင်းဆက် ခေါင်းညိတ်ရင်း
နေသစ် ကို လှမ်းကြည့်တော့ နေသစ် က ကျောက်ရုပ်တစ်ရုပ်လို ...။

"စိတ်လျှော့လိုက်ပါတော့ကွာ .. နော် .. နေသစ် .."

နောင်နောင် စကားကြောင့် နေသစ် မျက်ရည်အဝဲသားနဲ့ အံ
ကြိတ်ရင်း ...၊

"ငါ မမကို တကယ်ချစ်မိတာပါကွာ .."

နေသစ် စကားကြောင့် ကိုညို တောင် စိတ်မကောင်းဖြစ်မိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



⇨ လှောင်ပြောင်ရယ်မောမှုတွေက
ရင်တံတိုင်းကို စိတ်သွားတိုင်းကိုယ်ပါ
ထိုးဖောက်နေကြတယ် ...။

⇨ အပြစ်ဆိုစရာဆိုလို့ ...
အချစ်တောသဲ ပြေးဝင်သွားတာပဲ ရှိတယ် ...။

⇨ ချောက်ထဲကျလို့ လက်တစ်ဘက်နဲ့ ...
ချောက်နှုတ်ခမ်းကို တွယ်ဖက်ထားတာတောင်
နောက်လက်တစ်ဖက်က
ချစ်သူကို တွယ်ဖက်
ကယ်ခွင့်ရချင်တယ် ...။



❋

ချောက်နှုတ်ခမ်းက ကမ္ဘာစွန်းမှာ ရှိုးမ ရပ်နေပုံက လွင့်မျောခြင်း ပန်းချီကား တစ်ချပ်လား .. အရှုံးရဲ့ ကိုယ်စားပြု နမိတ်ပုံလေးလား။ ဖျက်လတ်တက်ကြွတဲ့ သူမရဲ့ ဟန်ပန်တွေက နှင်းရိပ်ကြောင့်လား မသိ ..။ မှိန်ဖျော့နေပါသည်။ ဆံနွယ်တွေက လေအရှိန်ကြောင့် သူမ ပါးပြင်ကို တွယ်ဖက်ထားပါသည်။

ဦးလေးမော် သူမကို ငေးကြည့်ရင်း စိတ်မကောင်းဖြစ်မိသလို သက်ပြင်းလဲချမိပါသည်။ ခြေသံကြောင့် ထင်ပါသည်။ သူမက လှည့်ကြည့်ပါသည်။ ဝမ်းနည်းခြင်းအရိပ်အငွေ့တွေကို မျက်ဝန်းမှာ မြင်ရသည်။

"ဩော် .. ဦးလေးမော် .."

— ဦးလေးမော် ရှိုးမ နဲ့ ခပ်လှမ်းလှမ်းမှာ ရပ်မိပါသည်။ တောတောင် သဘာဝရှုခင်းတွေကို ငေးကြည့်ရင်း ဒီကလေးမကို ဘယ်လို နှစ်သိမ့်

www.burmeseclassic.com

www.burmeseclassic.com



"သမီး .."

"ပြောပါ ဦးလေးမော် .."

သူ့ရဲ့ နှစ်သိမ့်မှုစကားတွေ ဆိုတော့မှာကို ဒီကလေးမ သိနှင့်နေပုံရသည်။

"ဦးလေးမော် တို့ ရပ်နေတဲ့ တောင်အမြင့်ပေါ်က ကြည့်ရင် တိမ်တွေက အောက်မှာလို့ ထင်ပုံရတယ်နော် .."

ရှီးမ က သူမတို့ ရပ်နေတဲ့ တောင်ထက် အနည်းငယ် နိမ့်သည့် တောင်နဲ့ ရောနှောနေတဲ့ တိမ်တွေကို လှမ်းကြည့်မိပါသည်။

"တကယ်တော့ တိမ်တွေက အောက်မှာ မဟုတ်ပါဘူး သမီး အပေါ်ကို ကြည့်ကြည့်စမ်း အပေါ်မှာလဲ တိမ်တွေရှိပါတယ်၊ သမီး အောက်မှာ မြင်နေရတဲ့ တောင်တွေနဲ့ ရောနှောနေတဲ့ အရာက မြူတွေပေါ့ ...၊

သမီးလဲ သိချင်နေရောပေါ့မှာပါ၊ (မြူတွေဆိုင်းလို့ မိုးရွာလေ တိုင်လေ) ဆိုတဲ့မြူပေါ့ကွာ .. တောင်တွေပေါ်မှာ မိုးရွာရင် သိပ်လှတာ..၊ အဲ မြူဆိုတာလဲ တိမ်ကိုတုပတဲ့ လက္ခဏာတစ်ခုပါပဲ ...၊

မိုးရွာတော့မယ်ဆိုရင် ပဒ်ဝန်းကျင်တစ်ခုလုံး အညိုရောင် ဖျော့ဖျော့တိမ်တွေနဲ့ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားတာ ဒီရောက်တော့ မှ သိလိုက်ရတယ် သမီး ...၊ ဒုနဲ့ ဖြစ်ခဲ့သလိုပေါ့ သမီး .. သူတို့က



အရာရာကို ဖုံးကွယ်ချင်နေကြတဲ့ မြူလိုပါပဲ သမီး၊ သူတို့က အမှန်တရားကို ဖုံးကွယ်ချင်ကြတယ်၊ ဒီနေရာမှာ တောင်တွေ တောတွေကို မရှိဖူးလို့ ဝေဝါးချင်တဲ့ သဘောနဲ့ ရပ်တည်နေကြတဲ့သူတွေပါ၊ အချိန်တန် အလင်းရလာရင် ရှင်းရှင်းလင်းလင်း မြင်ရမှာပါ .."

ရှီးမ ဦးလေးမော်ရဲ့ စကားကြောင့် အားတက်မိပါသည်။ သူမ ဦးလေးမော်ကို ပြုံးကြည့်ရင်း ...

"ကျေးဇူးတင်ပါတယ် ဦးလေးမော် .."

ဦးလေးမော် က အဓိပ္ပါယ်ရှိတဲ့ အပြုံးတစ်ခုနဲ့ သူမကို ပြုံးပြရင်း

"သမီး .. ဒီအလုပ်နဲ့ပဲ ဒီမှာပဲ နေသွားတော့မှာလား ...၊ သမီး ဘာဆက်လုပ်မယ်လို့ မျှော်လင့်ထားလဲ .."

ရှီးမ က အစုမှ တက်တက်ကြွကြွဖြစ်လာဟန်နဲ့ ...၊

"ဖြူဖြူကျော်သိန်း ရဲ့ သီချင်းကို ငှားသုံးရရင် 'မိန်းကလေး တစ်ယောက် စားပွဲထိုးနေသည်' ပေါ့ ဟုတ်တယ်နော် ဦးလေးမော်"

ထူးထူးဆန်းဆန်း ဟာသတွေ ပြောနေတဲ့ ရှီးမ ကြောင့် ဦးလေးမော် က ရယ်ပြီး ...

"အဲလိုနေစမ်းပါ နှယ်ရှီးမ ရယ် .."

"ဖြစ်ဖြစ်ချင်းတော့ ခံစားရတာပေါ့ ဦးလေးမော် ရယ် .."

"ကြော် .. ငါ့ သမီးရယ် တောင်တက်လမ်းတွေမှာ ရှေးသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သတိပေး ဆိုင်းဘုတ်တွေ ရှိတယ်လေ .. 'အဆင်းကြမ်းသည် ဂီယာ ကြီးဖြင့် ဆင်းပါ' တဲ့ ..၊ အခုလဲ ကိုယ်က သူတို့ထက်သာလို့ ဘဝ ခရီးအဆင်းလမ်းမှာ ကြမ်းတမ်းတယ် သဘောထားလိုက် သတိနဲ့ ဆင်းပေါ့ .."

"စိတ်ချပါ ဦးလေးမော် .."

"သမီး .."

"ပြောပါ ဦးလေးမော် .."

ဦးလေးမော် မျက်နှာက ရုပ်တည်သွားပါသည်။

"ဦးလေးမော် ဌါသမီးကို သမီးလေးတစ်ယောက်လို ချစ်တယ် ဆိုတာ ဌါသမီး သိတယ်နော် ..."

"သမီး ရှုင်းချက်မရှိ ယုံပါတယ် ဦးလေးမော် .."

"သမီး ရန်ကုန်ကို လိုက်မလား သမီး .."

"ရှင် .."

ရိုးမ အံ့သြသွားမိကာ ပါးစပ်အဟောင်းသားနဲ့ ဦးလေးမော် ကို ကမန်းကတမ်းကြည့်တော့ ဦးလေးမော် က ပြုံးကာ ...

"ဦးလေးမော် နဲ့ ကိုညို နဲ့ တွဲလုပ်ထားတဲ့ ကုမ္ပဏီတွေ အများ ကြီးရှိတယ် သမီး ..၊ အဲ ... ခုန နေသစ် အဖေရဲ့ ကုမ္ပဏီတွေထက် အများကြီးသာပါတယ်၊ သမီး အလုပ်ဝင်လုပ်ပေါ့ ..၊ အားစရာ နေ



ရှရပါဘူး ဦးလေးမော် စီစဉ်ပေးလို့ရတယ် ..၊ သမီးကို အထင်သေး သလို နှိမ်သလိုပြောတဲ့ လူတွေကို သမီး အပေါ်စီးကနေ အနိုင်ယူလို့ ရတယ်၊ စီးပွားရေးလောကမှာ သူတို့နဲ့ တို့က တစ်ချိန်မဟုတ် တစ် ချိန်တော့ ဆုံကြရဦးမှာပါ .. ကဲ .. ဘယ်လိုလဲ .. ရွှေနွယ်ရိုးမ .."

ဦးလေးမော် က ခပ်ထွေထွေပုံစံနဲ့ ပြောတော့ ရိုးမ ဦးလေးမော် တို့ ကိုညို တို့ရဲ့ စေတနာကို နားလည်ခဲ့ပေမယ့် ..၊

"သမီး ဦးလေးမော် တို့ရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေ မယ့် သမီး မလုပ်ချင်ဘူး ဦးလေးမော် .."

"ဟ .. ဘာဖြစ်လို့လဲဟ .."

"သမီး ဖေဖေ့ မိတ်ဆွေတစ်ယောက်က တစ်ဆင့် NGO တစ်ခု မှာ အလုပ်ဝင်ဖို့ ပြောထားတယ် ..၊ လျှောက်ထားတယ်ပေါ့ ဦးလေးမော် ရေ ဒီ အဖွဲ့အစည်းက ဒီကိုဝင်တာ မကြာသေးဘူး ..၊ သဘာဝ သစ်တော တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့အစည်း .."

ရိုးမ က အဖွဲ့အစည်းနာမည်ပြောတော့ ..၊

"သိတယ် .. ဦးလေး အသိမိတ်ဆွေတွေ အဲဒီမှာရှိတယ်"

"ဒါဆိုရင် .."

"သမီး .. အိမ်ပြန်တော့မှာပါ ဦးလေးမော်၊ ဆိုင်ကို မခင်ကြည် တို့ ထွေးထွေး တို့နဲ့ လွှဲလို့ ရနေပြီပဲလေ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် စိတ်လျှော့လိုက်ကာ ....

"အင်းပေါ့လေ .. သမီး ဆုံးဖြတ်ချက်နဲ့ သမီး ဆိုတော့လဲ ဦးလေးမော် ပြောမနေတော့ပါဘူး ဦးလေးမော် ဆီတော့ အမြဲဖုန်းဆက်နော် တော်ကြာ ဟိုကောင် ညို့ က အဆက်အသွယ်မလုပ်လို့ ဦးလေးမော် ကို ဆူနေဦးမယ် .."

"ဟာ .. ဦးလေးမော် .. ကလဲ .."

ဒီကောင်မလေး ရှက်ရှက်နဲ့ ဟိုဘက်လှည့်ပြုံးတော့ ...

"ဟဲ့ .. ဖြည်းဖြည်း ချောက်ထဲကျသွားလို့ ညို့ ငါ့ကို လာသတ် နေပါဦးမယ်ဟာ .."

"ဟာ .."

ရိုးမ ရှက်ရှက်နဲ့ ထွက်ပြေးသွားပါသည်။ ဦးလေးမော် ကတော့ တစ်ယောက်ထဲ ရပ်ကာ ဟိုးအဝေးကို ငေးကြည့်နေပါသည်။



"သွားတော့မယ်နော် ကိုညို့ .."

နောက်တစ်နေ့ မနက်မှာပဲ ရိုးမ ဦးလေးမော် ကိုညို့ တို့နဲ့အတူ တောင်ခြေကင်ပွန်းစခန်းအထိ ဆင်းလိုက်လာခဲ့ပါသည်။ တောင်ခြေ ရောက်တော့ ရိုးမ က မော်လမြိုင်ကားနဲ့ ပြန်ဖို့ ပြင်နေပေမယ့် ဦးလေးမော် နဲ့ သူက ထမင်းစားပြီးမှ သွားဖို့ မှတ်ထားတာကြောင့် ရိုးမ လဲ လက် လျှော့ပြီး ဦးလေးမော် တို့နဲ့အတူ ထမင်းစားသောက် ခဏနားပြီး ဘားဂိတ်သို့ သွားလို့ နှုတ်ဆက်တော့ ..၊

"ကိုညို့ လိုက်ပို့ပေးမယ် .."

"ဟင့်အင်း .. လိုက်မပို့နဲ့တော့ ကိုညို့၊ ကိုညို့ တို့ ရန်ကုန်သွား မယ့် ကားလဲ ထွက်တော့မယ်ဟာ .."

ဦးလေးမော် က လက်ကျန် ရေနွေးကြမ်းကို မော့သောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကာ ..၊

"ကဲပါ .. ရိုးမ ရယ် .. ဒီကောင်ကို လိုက်ပို့ခိုင်းလိုက် ညီ့ - ငါ ကားနားကပဲ စောင့်တော့မယ် ..၊ ဟောကောင်လေး ရင်းငြိမ်ကိုလဲ ပြန်မလိုက်သွားနဲ့ဦး .."

"ဟာဗျာ ဦးလေးမော် ကလဲ ရိုးမ ကို အားနာစရာ .."

ရိုးမ က ရှက်ပြုံးနဲ့ ခေါင်းငုံ့နေပါသည်။ နှစ်ယောက်သား ကားနားရောက်တော့ ကားက မထွက်သေးတာကြောင့် ကားတံခါးနဲ့ မလှမ်းမကမ်းမှာ ရပ်နေမိရင်း ...

"ရိုးမ .."

"ရှင် .."

"ကိုညို ဆီ .. ဖုန်းအမြဲဆက်နော် .."

ရိုးမ ကိုညို ကို မော့ကြည့်ရင်း ပြုံးပြမိသည်။ ကိုညို ပုံစံက မိခင်နဲ့ ခွဲရတော့မယ့် ဆယ်နှစ်သား ကလေးတစ်ယောက်ရဲ့ ဝမ်းနည်းမှုလို ..။

"စိတ်ချပါ ကိုညိုရယ် ရိုးမ ပုံမှန် ဖုန်းဆက်ပါမယ် .."

ကားထွက်ဖို့ ဟွန်းသံပြုတော့ ရိုးမ က ...

"သွားတော့နော် ကိုညို .."

ရိုးမ ကိုညို ကို လက်ပြနှုတ်ဆက်ကာ ကားပေါ် တက်ခဲ့ပါသည်



ထိုင်ရမယ့်နေရာမှာ ဝင်ထိုင်ပြီး ကားမှန်တံခါးကနေ ကြည့်တော့ ကိုညို က မပြန်နိုင်သေး ..။ ရိုးမ ကိုယ်တိုင်တောင် ဘာမှန်းမသိ ငိုချင်နေမိသည်။ ကိုညို ကြောင့်လား ဒီနယ်မြေကို စွန့်ခွာသွားရလို့ လားတော့မသိပါ။

သူမ ကားထွက်တဲ့အထိ လည်ပြန်ငေးကြည့်နေမိပါသည်။ မြင်ကွင်းက လုံးဝလှည့်ကြည့်လို့မရတဲ့ အခြေအနေရောက်တော့မှ စိတ်လျှော့ပြီး မျက်ဝန်းမှိတ်ကာ နောက်ကျောမှီထိုင်ပြီး လိုက်လာခဲ့မိပါသည်။

ဘဝတွေက အရမ်းထူးဆန်းပါတယ် ကိုညို ရယ်။ မိုင်ပေါင်းများစွာ ဝေးကွာရာက လူနှစ်ယောက် ကျိုက်ထီးရိုးတောင်ပေါ်မှာ ဆုံရလိမ့်မယ်လို့ ရိုးမ တကယ် တွေးမထားမိခဲ့ပါဘူး ..။ တကယ်လို့ ကံကြုံရင် ပြန်ဆုံမှာပေါ့ .. ကိုညို ရယ် ..။

ဈေးနှိမ်တော် မြင်ကွင်းက ပျောက်ဆုံးကွယ်ပျောက်သွားတော့မှ လေးလံတဲ့ ခြေလှမ်းတွေနဲ့ ရန်ကုန်ထွက်မယ့် ကားဆီ လျှောက်လာခဲ့မိပါသည်။ ရင်ထဲက အရာရာတစ်ခုခုကို ဘယ်သူက ထုတ်ယူသွားတာလဲ ..၊ အချစ်ရဲ့ ပဥ္စလက်ဆန်မှုက သူ့ အခုကျောကော့နေအောင် ခံနေရပါပြီ။

"မင်းကြည့်ရတာ မသက်သာလိုက်တာ ကောင်လေးရာ .."

ဦးလေးမော် က ရောက်ရောက်ချင်း ဆီးကြိုပြီး ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဦးလေးမော် မကောင်းလို့ .."

ကျွန်တော် မကျေမနပ်ပြောတော့ ဦးလေးမော် မျက်ခုံးပင့်ပြရင်း...

"ဟ .. ငါနဲ့ ဘာဆိုင်လို့တုန်းဟ .."

"ဦးလေးမော် သူ့ကို ကျွန်တော်တို့ ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ အတင်းခေါ်ရမယ့်ဟာကို .."

"ဩော် .. ဒါလား .. ငါလဲ ပြောတာပဲဟာ ..၊ မင်းက ရှီးမ ကို လျှော့တွက်တာကို .."

"ဘာကိုလဲ .."

ဦးလေးမော် က ပြုံးစိစိ နဲ့ ...

"မင်းဟာလေးလောက် ခေါင်းကျောမာတဲ့ မိန်းကလေး မတွေ့ဖူးပေါင်ကွာ .."

"ရှီးမ က ဦးလေးမော် ပြောရင် ရတဲ့ဟာပါဗျာ ..."

ဦးလေးမော် ကျွန်တော့်ကိုကြည့်ပြီး တဟားဟားနဲ့ ရယ်ပါတော့သည်။

"ကောင်းကွာ .. ငါ အပြစ်ဖြစ်ရတယ်လို့ မင်းကျတော့ ဘာလို့ မခေါ်လဲ .."

ကျွန်တော် ဦးလေးမော် စကားကြောင့် စိတ်ညစ်ညစ်နဲ့ ...

"ဘယ်ကောင်းမလဲ ဦးလေးမော် .."



"ဘာကို မကောင်းတာလဲ .."

"ကျွန်တော်က သူ့ကို ချစ်နေတဲ့သူလေ .. တစ်ချိန်မှာ အလုပ် ငွေကြေးနဲ့ မျှားတယ်လို့ အထင်ခံရရင် မကောင်းဘူးလေ .."

"ဒါဆိုလဲ ဖွင့်ပြောလိုက်ပါလား .."

ဦးလေးမော် အားမလို အားမရနဲ့ ပြောတော့ ...

"သူ စိတ်ညစ်နေတဲ့ အချိန်မှာ ကျွန်တော် မပြောချင်ဘူး .."

"အေး .. မပြောနဲ့ ငါ့ကောင်ရေ .. တစ်ခြားတစ်ကောင် လက်ဦးသွားမှ မျက်ရည်တစမ်းစမ်းဖြစ်မနေနဲ့ .."

"ဟာဗျာ .. ပါးစပ်ပုပ်ကြီးနဲ့ .."

ကျွန်တော့် စကားကြောင့် ဦးလေးမော် က တဟားဟားနဲ့ ရယ်ပါတော့သည်။ ကားကလဲထွက်ဖို့ လှမ်းပြောတာကြောင့် အထုပ်တွေကို လွယ်ကာ ကားပေါ်တက်ခဲ့ပါသည်။ ကားပေါ်တက်ခါနီး ကျိုက်ထီးရိုးစေတီတော်ရှိရာ လက်အုပ်ချီပြီး ကျွန်တော် ဆုတောင်းခဲ့ပါသည်။

တပည့်တော်ရဲ့ ဆုတောင်းပြည့်စုံခွင့်ရပါစေဘုရား ...။

www.burmeseclassic.com

www.burmeseclassic.com



❀

"မင်း သားကတော့ ရှိုးမ မှ ရှိုးမ ပဲဟေ့ .."

ဦးလေးမော် စကားကြောင့် ကိုညို့ဒယ်ဒီ ဦးချမ်းညိမ်း က ..၊

"မင်းတို့ ပြောတာနဲ့တင် ငါတောင် အဲဒီ ရှိုးမ ဆိုတဲ့ မတော်ရတဲ့ ချွေးမလေးကို တွေ့ချင်လာပြီကွာ .."

ဦးချမ်းညိမ်း စကားကြောင့် ဦးလေးမော် က ...

"မင်းတွေ့ရင် သဘောကျမှာ သေချာတယ် .. ကိုချမ်း .."

ဦးလေးမော် စကားကြောင့် ဦးချမ်းညိမ်း က လက်ကျန် ဝီစကီခွက်ကို မော့သောက်ပြီး ခွက်ကို ပြန်ချကာ ...

"မင်းတူတော်မောင် က မိန်းကလေးတစ်ယောက်ကို စွဲလမ်းတယ်ဆိုတာ ငါဖြင့် မင်းပြောတုန်းက မယုံဘူး ..၊ မင်း ဒီအသက် အရွယ် ရောက်ပြီး မိန်းမလေးဘာလေးမယူဖူးလားမေးတော့ .. စိတ်မဝင်



စားဖူးလေးဘာလေးနဲ့ ငါတောင် ငါ့သား အခြောက်များ ဖြစ်နေလား စိုးရိမ်နေရတာ .."

ဦးချမ်းညိမ်း စကားကြောင့် ဦးလေးမော် က ရယ်ပါတော့သည်။

ဦးလေးမော် နဲ့ ဦးချမ်းညိမ်း တစ်ပတ်တစ်ခါနှစ်ခါလောက် အစုလို ညနေစောင်းဆို ဦးလေးမော် အိမ်ဖြစ်ဖြစ် ဦးချမ်းညိမ်း အိမ်မှာ ဖြစ်ဖြစ် နှစ်ယောက်သား ဝိုင်းဖွဲ့တတ်ကြသည်။

"အဲဒီ ရှိုးမ ဆိုတဲ့ ကလေးမနဲ့ ပြဿနာတက်တာ ဘယ်ကုမ္ပဏီ.."

ဦးချမ်းညိမ်း အမေးကြောင့် ဦးလေးမော် က နှုတ်ခမ်းမှာ စီးကရက်တစ်လိပ်ခဲလိုက်ရင် မီးမညှိသေးပဲ ...

"MAXELL"

ဦးလေးမော် အဖြေကြောင့် ဦးချမ်းညိမ်း ပြုံးလိုက်ပါသည်။ ဦးလေးမော် က မြင်တာကြောင့် ...

"မင်းက ဘာပြုံးတာလဲ ကိုချမ်း .."

"အဲဒီကုမ္ပဏီက သူတို့ တင်သွင်းလာမယ့် ပစ္စည်းတွေ တို့ ကုမ္ပဏီခွဲတစ်ခုနဲ့ ချိတ်ချင်နေတာကွ ..."

"ဩော် .. အဲဒီလိုလား .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ချွေးမလေးအတွက် ပြန်ပညာပေးရတာပေါ့ကွာ .."

ဦးချမ်းညိမ်း စကားကြောင့် ဦးလေးမော် က တဟားဟား ရယ်ပါတော့သည်။

"ဦးလေးမော် ရောက်နေတာ ကြာပြီလား .."

အခုမှ ကုမ္ပဏီ က ပြန်လာတဲ့ ကိုညိုက နက်ကတိုင်ကို ကြီးလျှော့ရင်းပြောတော့ ...

"အေး .. မကြာသေးဘူးကွ .. ဟောကောင် မင်း ဘယ်လျှောက်သွားနေတာလဲ .. ငါ ကုမ္ပဏီကို မေးပြီးပြီ .."

ကိုညို က ခုံမှာ ဝင်ထိုင်တော့ ဦးလေးမော် က ဘီယာတစ်ခွက်ကို လှမ်းပေးတော့ ကိုညို က ယူရင်း ...

"အခုမှ ပြန်လာရတာပါဗျာ .. ဒယ်ဒီနဲ့ ဦးလေးမော် ပြန်သွားပြီလို့ .. နှင်းနှင်းအေး တောင် ပြောသေးတယ် .."

"ဟုတ်လို့လား .. မင်းလျှောက်ပွေနေတယ်လို့ ငါ ရိုးမ ဖုန်းဆက်ရင် ပြောလိုက်မှာနော် ..."

ဦးလေးမော် စကားကြောင့် ကိုညို လန့်ဖြန့်သွားပုံနဲ့ ...

"မလုပ်လိုက်ပါနဲ့ ဦးလေးမော် ရယ် .."



ကိုညို ပြောပုံကြောင့် ဦးချမ်းညိမ်း က ...

"မင်းက သူ့ကို ကြောက်ရအောင် .. သူက မင်းရည်းစားမို့လို့လား"

ဒယ်ဒီ စကားကြောင့် ကျွန်တော် ရှက်ရှက်နဲ့ ခေါင်းကုပ်ရင်း ..

"ဟာဗျာ .. ဒယ်ဒီကလဲ သားအဖအချင်းချင်းနှိပ်ကွပ်နေပြီ .."

ဦးလေးမော် က ရယ်သည် ဒယ်ဒီက ပြုံးရင်း ...

"မင်းကွာ အဖြစ်မရှိလိုက်တာ ရည်းစားစကားတောင် မပြောရဲတဲ့ကောင်၊ ဒါများ မင်းကိုယ်မင်း MD တဲ့ လဲသေလိုက်ကွာ .."

ဒယ်ဒီ စိတ်ဆိုးဟန်နဲ့ ပြောတော့ ကိုညို ရယ်ကျဲကျဲနဲ့ ...

"ဦးလေးမော် ဆီ ဖုန်းဆက်လား .."

ကိုညို အမေးကြောင့် ဦးလေးမော် က ...

"တနင်္ဂနွေနေ့ကတော့ ဆက်တယ် .. ကိုညို .."

"ကျွန်တော့်ဆီ ဖုန်းတစ်ခါမှ မဆက်ဖူးဗျာ .."

ဦးလေးမော် သက်ပြင်းချမိပါသည်။

"သူလဲ သူ့ကိစ္စ ရှိလို့ နေမှာပါကွာ ..၊ ငါ့သမီးက မင်းအပေါ် သံယောဇဉ်ရှိပါတယ် .."

"ဟုတ်ရောဟုတ်ရဲ့လား ဦးလေးမော် ရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းညိမ်း သားဖြစ်သူကို ကြည့်ပြီး အားမလိုအားမရ ဖြစ်ခဲ့ကာ …

"ငါ့သား မင်းလိုက်သွားသင့်တယ်နော် …၊ ကိုယ်ကယောကျ်ားလေး ကမ္ဘာဦးခေတ်ကတည်းက ကိုယ်ကစပြီး ရည်းစားစကားပြောခဲ့တာပဲ ရှိတယ်၊ သူကစပြီး မင်းကို ဖွင့်ပြောလာမှာ မဟုတ်ဘူး …"

ကျွန်တော် ပုံစံကို ကြည့်ပြီး ဦးလေးမော် က …

"မင်း အဲဒီလို တွန့်ဆုတ်နေရင်တော့ မင်း ရိုးမ နဲ့ နီးမှာ မဟုတ်ဘူး …"

"ဟာဗျာ ဦးလေးမော် ကလဲ ကျွန်တော့်မှာမှ သူ့လိပ်စာမရှိတာ…"

"ဟား … ဟား … ဟား ဘာမှ မပူနဲ့ မောင်ရင် ကျုပ်တောင်းထားပါတယ် …"

"ဟာ … တကယ်လား ဦးလေးမော် …"

ဝမ်းသာအားရဖြစ်သွားတဲ့ သူ့ပုံစံကြောင့် ဒယ်ဒီက ရယ်ပြီး ….

"မင်း အဲဒီလို သဘောရှိစမ်းပါ … ကဲ … ဘယ်နေ့သွားမှာလဲ …"

"လကုန်လောက်ဆို သွားလို့ရပြီ ဒယ်ဒီ …"

ကိုညို စကားကြောင့် အဘိုးကြီး နှစ်ယောက် စိတ်ပျက်သွားပါသည်



"ကောင်းကွာ … ငါက မနေ့ သဘက်ခါ သွားမယ်ထင်နေတာ"

"အေးလေကွာ … မင်း သား လုပ်ပုံက …"

"မဟုတ်ဘူး ဒယ်ဒီနဲ့ ဦးလေးမော် ဒီရက်ပိုင်း အတွင်း စက်ရုံက ကုမ္ပဏီတစ်ခုက လာဖို့ရှိတယ် …"

"အဲဒါ ဒီပြင်လူ လွှဲထားလို့ မရဘူးလား … ကိုဖုန်းချို ရှိတယ်ကွာ၊ မင်း အတွင်းရေးမှူးမလေး ကေခင် ရှိတယ်ကွာ …၊ ဘာကို စိတ်မချဖြစ်နေတာလဲ … ကုမ္ပဏီကြီး မီးလောင်သွားမှာမို့လို့လား …"

"မဟုတ်ပါဘူး … ဒယ်ဒီရာ … ကဲ ကျွန်တော် ရေချိုးလိုက်ဦးမယ်၊ ခဏနော် … ဦးလေးမော် …"

"တွေ့လား မင်း အဲဒီလိုလုပ်နေ … မင်းကျန်ရစ်ဖြစ်လိမ့်မယ် တကယ့်ကောင်ကွာ … အလုပ်ကို သဲကြီးမည်းကြီး လုပ်နိုင်လွန်းတယ် နောက်မလုပ်ရမှာ ကျနေတာပဲ …"

"အေးကွာ … ဘယ်လိုကောင်မှန်းမသိဘူး … ကဲ … ချီးယားစ် ငါ့သား အောင်မြင်ပါစေကွာ …"

ဦးလေးမော် နဲ့ ဦးချမ်းညိမ်း ခွက်ချင်းတိုက်လိုက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* * *

"ဦးလေးမော် .."

သူ့ရုံးခန်းတံခါး ဖွင့်သံနဲ့အတူ ခေါ်သံကြောင့် ကြည့်လိုက်တော့ သူ့ကုမ္ပဏီက ဝန်ထမ်းကောင်လေးနောက်မှာ ရပ်နေသူက ...

"ဟာ .. နေသစ် လား .. လာ .."

သူ ဝမ်းသာအားရ ပြောပြီး ခရီးဦးကြိုပြုတော့ နေသစ် က ပြုံးရင်း ...

"ဦးလေးမော် ကတော့ဗျာ .. ဒီလောက်ကြီး ဒီလောက်ခမ်းနားတဲ့ ကုမ္ပဏီကြီး ရှိတာမပြောဖူးဗျာ .."

"ဘာလဲ မင်းတို့က ငါ့ကို ဘုရားပေါ်မှာ တွေ့တော့ တရုတ်ဘိန်းစားလိုလို၊ ဗေဒင် ဆရာလိုလို ထင်နေလို့လား .."

ဦးလေးမော် စကားကြောင့် နေသစ် သဘောကျစွာ ရယ်ပြီး ..။

"လုပ်ပြီး ဦးလေးမော် ကတော့ .."



ဦးလေးမော် ဘဲလ်တီးပြီး ကော်ဖီနဲ့ စားစရာတစ်ခုခုမှာလိုက်ပါသည်။

"ကဲ ဆိုပါဦး ..ကိုယ့်ကုမ္ပဏီကို မောင်ရင် ဘယ်လိုသိလာတာလဲ.."

"သိဆို ဦးလေးမော် တို့ ကျောက်စိမ်းမျက်လုံးအုပ်စုက ရှာရမခက်ပါဘူး နာမည်ကြီးတွေပဲဟာကို .."

"ဟုတ်ပါပြီကွာ .. ဒါနဲ့ နေသစ် မင်းကိုယ့်ဆီလာတာ အလည်သက်သက် မဖြစ်လောက်ပါဘူး .."

ဦးလေးမော် အပြောကြောင့် နေသစ် သက်ပြင်းချပါသည်။

"ဦးလေးမော် ပြောတာ မှန်ပါတယ် .. လာရင်းအကြောင်းရင်းက ကျွန်တော် .."

နေသစ် ပြောဖို့ ချီတုံချတုံဖြစ်နေဟန်ကြောင့် ဦးလေးမော် သဘောပေါက်လိုက်မိကာ ...

"ရိုးမ နဲ့ ပတ်သက်တဲ့ ကိစ္စဆိုပါတော့ .."

ဆတ်ခနဲ ဦးလေးမော် ကို နေသစ် လှမ်းကြည့်တော့ ဦးလေးမော်က ပြုံးသည်။

"ဟုတ်ပါတယ် ဦးလေးမော်၊ ကျွန်တော် မမ ရဲ့ လိပ်စာကို သိချင်တယ်၊ ဦးလေးမော် မှာ မမရဲ့ လိပ်စာရှိနိုင်မယ်လို့ ကျွန်တော်ထင်လို့"

ဦးလေးမော် ထိုင်ခုံနောက်မှီပေါ် လျော့ထိုင်ချလိုက်မိပါသည်။ တံခါးဖွင့်သံကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့ ဒေါ်မြဟန် .."

ဒေါ်မြဟန် က လင်ဗန်းတစ်ချပ်ပေါ် လက်ဖက်ရည်နဲ့ မုန့်တ
သယ်ယူလာပြီး ဦးလေးမော် စားပွဲပေါ် ချပေးပြီး ပြန်ထွက်သွားပါသည်။

"သောက်ကွာ နေသစ် .. အင်း .. ရှိတာတော့ ရှိတာပေါ့"

နေသစ် ဝမ်းသာအားရဖြစ်သွားတော့ ဦးလေးမော် က လက
ကာပြကာ ...

"ငါ လိပ်စာပေးလိုက်ရတာ ဝန်မကြီးပါဘူး .. ဒါပေမယ့် ဖြစ်
လာနိုင်တဲ့ ဓာတ်လမ်းကြီးကို မင်း ဘာကြောင့် ဆက်ချင်နေရတာလဲ
မောင်နေ .."

ဦးလေးမော် စကားက နေသစ်အတွက် ထိုးနှက်ချက်တစ်ခု
ငြိမ်သက်သွားစေပါသည်။

"ဦးလေးမော် အမှန်အတိုင်းပြောရရင် ဆိုးကျိုးတွေဖြစ်လာ မယ့်
နောက်ဆက်တွဲကိစ္စတွေအတွက် ဓာတ်လမ်းက ထပ်ပြီး မဆ
စေချင်တော့ဘူး မောင်နေ .."

"ကျွန်တော်နဲ့ သူသူ ဓာတ်လမ်းက ပြီးဆုံးသွားပါပြီ ဦးလေးမော်"

"ဟေ .."

ဦးလေးမော် အတွက် တကယ့်ကို အံ့ဩစေတဲ့စကားပါ။ နေသ
က စိတ်ပင်ပန်းသူတစ်ယောက်လို သက်ပြင်းချကာ အံပင်တွေ



သက်ထိုးထည့်မိပါသည်။

"ဟုတ်တယ် ကျွန်တော် ပြတ်ပြတ်သားသားပဲ ဓာစပ်ပွဲကို ဖြင်း
ထိုက်တယ်လေ ..၊ အဲဒီ အကျိုးဆက်က ကျွန်တော် အိမ်ပေါ် က ဆင်း
ရတော့တာပဲ ဦးလေးမော် .."

"ကောင်းကွာ .. ငါ့ ကောင်ကတော့ လုပ်ချလိုက်ပြန်ပြီ .."

ဦးလေးမော် စိတ်ပေါက်ပေါက်နဲ့ ပြောတော့ နေသစ် စိတ်မ
သက်မသာနဲ့ ပြုံးပါသည်။ ပြီးတော့ ...

"ကျွန်တော် မမ ကို တွေ့ချင်တယ် .. မမ ကျေနပ်လောက်အောင်
တောင်းပန်ပါရစေ .. ဦးလေးမော် .."

ဦးလေးမော် ဒီကောင်လေးရဲ့ တဖွတ်ထိုးဟန်မှုကြောင့် စိတ်လဲ
ညစ်မိသည်။

"ဒါနဲ့ .. မင်း အခု ဘယ်မှာနေလဲ .."

"အေးမင်းဆက် တို့ အိမ်မှာ ဦးလေးမော် .."

ဦးရေလးမော် ကောင်လေးကိုကြည့်ပြီး သနားလဲ သနားမိပါသည်။
သူငယ်ဆိုတော့ စိတ်မြန်ကိုယ်မြန်ရှိမှာပါ။ ဟိုကောင် ကိုညို နဲ့တော့
ကွာပါ့။ ဟိုကောင်က စဉ်းစားချင့်ချိန်နေတာနဲ့ အချိန်ကုန်နေတာများ
ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. မင်း ဒီလောက်ဖြစ်နေမှတော့ ငါ ဖုန်းနံပါတ်ပေး လိုက်မယ် .."

"ကျွန်တော် ဖုန်းနံပါတ်မလိုချင်ဘူး ဦးလေးမော် .."

"ဟ .. ဘာဖြစ်လို့လဲကွ .."

"ဖုန်းဆက်ရင် မမရှောင်နေမှာ ကျွန်တော် သိတယ် ဦးလေးမော်"

"အေးပေါ့လေ .. မင်း ဒီလောက် စိတ်ဆန္ဒပြင်းပြနေမှတော့ ငါ့ သမီးရဲ့ လိပ်စာကို ပေးလိုက်ပါ့မယ် ..၊ ရိုးမ က ငါ လိပ်စာပေးမှန်း သိလို့ ကတော့ တဖျစ်တောက်တောက်ပြောမှာ သေချာတယ် နေသစ် ရေ .."

နေသစ် အခုမှ စိတ်ကျေနပ်သွားဟန်နဲ့ ...

"ကျေးဇူးပါပဲ ဦးလေးမော် ..."

"မလိုပါဘူးကွာ .. ကဲ မုန့်လေးစားပြီး ကော်ဖီလေးသောက် လိုက်ပါဦးကွာ၊ အေးမင်းဆက် တို့ကိုလဲ ပြောလိုက်ပါကွာ .. ဦးလေးမော် က သတိရပါတယ်လို့ အားတဲ့အခါ ကုမ္ပဏီကို ဝင်ခဲ့လို့ .."

"ဟုတ်ကဲ့ ဦးလေးမော် .."



"ဗျာ .. ဒါဆို နေသစ် ရိုးမ ဆီ သွားပြီပေါ့ .."

"ဒါပေါ့ကွ .. မင်းက နေ့ရွှေညရွှေ လုပ်နေတာကို .."

ကိုညို ဦးမော် ရုံးခန်းရောက်တော့ ဦးမော် က စောစောက နေသစ် လာသွားတဲ့ အကြောင်းရင်းကို ပြောပြပါသည်။ ကွန်ပျူတာ တစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ ဦးလေးဖုန်း က ...

"အခုခေတ် ချာတိတ်တွေကို မင်းသိပ်လျှော့မတွက်နဲ့ မောင်ညို မောင်ရင် ခံသွားရလိမ့်မယ်နော် ..."

"ဟာဗျာ .. ဦးလေးမော် က ဘာလို့ သွားပေးတာလဲ .."

ကိုညို စိတ်ပေါက်ပေါက်နဲ့ ဦးလေးမော်ကို အပြစ်တင်တော့ ...

"ပြောရရင်တော့ မင်းကို အမြင်ကပ်လို့ပေါ့ .. သွားမယ့်အရေး ကို ဟိုနေ့ရွှေ ဒီနေ့ရွှေနဲ့ နောက်တစ်ခု ရှိသေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .."

"ဒီကောင်လေးက မင်းလို တွေဝေမနေတတ်ဘူး မောင်ညို လုပ်စရာရှိရင် လုပ်ရဲတဲ့ သတ္တိ ဒီချာတိတ်မှာရှိတယ် .."

"ဘာကို ပြောချင်တာလဲ ဦးလေးမော် .."

ဦးလေးမော် ငြိမ်းချမ်းညို ဆိုတဲ့ ကိုညို ကို ခပ်တည်တည် ကြည့်လိုက်တော့ ကိုညို က မျက်နှာလွှဲသည်။

"သူသူ ကို အပြတ်ငြင်းပြီး အိမ်ပေါ်က ဆင်းလာခဲ့တယ်လေ .."

"ဗျာ .."

ကိုညို အံ့သြသွားတာကြောင့် ဦးလေးမော် က ထပ်ပြောပြန်သည်။

"ဟိုက သူ့ မိဘတွေကို ပုန်ကန်ပြီး အိမ်ပေါ်ကနေ ဆင်းလာခဲ့တယ်လေ ..၊ မင်းက ဘာမှ မဝေးလှတဲ့ သထုံကျော်ကျော်လေးကို တောင် မသွားရဲဘူး။ အဲဒါကြောင့် ဒီချာတိတ်ရဲ့ သတ္တိကို လေးစားတဲ့ အနေနဲ့ ပေးလိုက်တာ .."

ကိုညို ငြိမ်ကျသွားပါသည်။ တွေဖတွေဝေဝေနဲ့ ငေးငေးငိုင်ငိုင် ဖြစ်နေတဲ့ ကိုညို ပုံစံကြောင့် ဦးလေးမော် က တဟားဟား ရယ်ကာ ...

"သိပ်လဲ စိတ်ဓာတ်မကျပါနဲ့ကွာ .. ရိုးမ က မင်းလောက် ဒီ ချာတိတ်အပေါ် သံယောဇဉ်ပိုမယ့်ဂုံ မပေါ်ပါဘူး .."



"တကယ်နော် .."

"ငါ အထင်ပြောတာပါကွာ .."

"ဟာဗျာ .."

ကိုညို စိတ်ညစ်ညစ်နဲ့ ညည်းတော့ ဦးလေးမော် က ...

"မင်း ဘယ်နေ့ လိုက်သွားမှာလဲ .."

"လာမယ့် .. စနေနေ့ .."

"လေးရက်လောက် လိုသေးတာပဲ .."

"ဒီမှာ အလုပ်ကိစ္စလေးတွေ ဖြတ်ထားချင်တာနဲ့ စနေနေ့ သွားလိုက်တာ ဦးလေးမော် .."

"ဒီတစ်ခါတော့ သွားဖြစ်အောင် သွားလိုက် ညို၊ နောက်မှ ရိုးမ က ဖုန်းမဆက်ဘူးလေး ဘာလေးနဲ့ နားလာမငြီးနဲ့ .."

ဦးလေးမော် အမြင်ကပ်ကပ်နဲ့ ပြောတော့ ကိုညို ရယ်နေပါသည်။ ဦးလေးဖုန်း အလုပ်လုပ်နေရာမှရပ်ကာ ကိုညိုကို လှမ်းပြောမိသည်။

"မင်း အဖေကရော ဘာပြောသေးလဲ .."

"ဒယ်ဒီကတော့ ပြောပါတယ် .."

ပြုံးစိစိ လုပ်နေပြီး စကားထပ်မစတော့တာကြောင့် ဦးလေးမော် က မျက်မှောင်ကြုပ်ပြီး မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ .."

"အဆင်ပြေရင် တစ်ခါတည်း တောင်းရမ်းဖို့ ဖုန်းဆက်လိုက်
ပါနဲ့ မင်း ဦးလေးမောင် နဲ့ လိုက်ခဲ့မယ်တဲ့ .."

ကိုညို စကားကြောင့် ဦးလေးမောင် နဲ့ ဦးလေးဖုန်းတို့
အတိုင်း အသံကြီးနဲ့ ရယ်ပါတော့သည်။ ဦးလေးဖုန်းက ရယ်
ရင်း ...

"အဲဒါပဲကွ .. မိဖြူတိသည်က ဘယ်နှားမသိ ထမင်းကြော်
စောင့်နေတယ်ဆိုတာ .."

"ဖုန်း ရယ် မုန့်ဆီကြော်က တယ်မုန်းမသိ နှုတ်ခမ်းနာခဲ့တ
ပုံမလားပါကွာ .. မြန်မာစကားပုံတွေ အမှိုက်ပုံထဲ ပြစ်မထည့်ပါနဲ့ဟ .."

ဦးလေးမောင် နဲ့ ဦးလေးဖုန်း က ရိုးမ အကြောင်းကို အာပေါင်အ
ရင်းသန်သန်နဲ့ ပြောပြနေပါသည်။

ခုကတော့ အတွေးတွေနဲ့ပျံဝဲကာ ချစ်တဲ့ ရိုးမဆီ အရော
သွားနေမိပါသည်။

မင်းကြို့နေမှာလား ရိုးမ ငါ ချစ်တဲ့ ရိုးမ ရယ် ..။



"သမီး က ကျိုက်ထို မှာ လုပ်အားပေးဆရာမ အနေနဲ့ စားပိုင်
သင်နေတယ် သားရဲ့ .."

ခရီးရောက်ရောက်ချင်း ကြားလိုက်ရတဲ့ စကားကြောင့် အမေ
မိတက် ခံစားလိုက်ရပါသည်။

"ဘယ်နေ့က သွားတာလဲ ဒေါ်လေး .."

ရိုးမ အမေလို့ မပြောပဲ သိရအောင် မျက်နှာပေါက်က အတော်
ပင်ပါသည်။ ဒီနေ့ ဈေးရုံမသွားရတော့ ရိုးမ အမေ အိမ်မှာရှိတာမို့
တော်အဆင်ပြေပါသည်။ ရိုးမ အမေကိုတော့ မတွေ့ရ ..။

"အင်း .. သမီးလေး သွားတာ တစ်နေ့ကပေါ့ ..၊ ရန်ကုန်က
သို့သည်လာပြီးနောက် တစ်ရက်ပေါ့တွယ် .."

ဒါဆို နေ့သစ် လာသွားသည်ပေါ့။ ဘာတွေပြောလို့ ဘာတွေဖြစ်

www.burmeseclassic.com



မှန်းတော့မသိ ..၊ သို့ပေမယ့် ရိုးမ ထွက်သွားတာ နေသစ် နဲ့များဆိုင်

သလားတော့မသိ ..။

"ကျိုက်ထိုဆိုတော့ ဘယ်ကျောင်းလဲ ဒေါ်လေး .."

ကျွန်တော် အဆောတလျှင်မေးမိတော့ ရိုးမ အမေ ဒေါ်နန်းမွယ်

က မျက်မှောင်ကုပ်ရင်း စဉ်းစားပြီး ...

"ဘယ်ကျောင်းလဲတော့ သေသေချာချာ ပြောမသွားဘူး သား

ဒီအပတ် အိမ်ပြန်လာမှပဲ ပြောမယ်တဲ့လေ ..၊ ဒီကြားထဲမှာတော့ သူ

သူငယ်ချင်းနဲ့ အတူနေတယ်ပြောတာပဲ သား .."

သွားပြီး လမ်းစကတော့ ပျောက်ပြီ ...

"ဒါဆို ကျွန်တော် ပြန်ပါဦးမယ် အန်တီ၊ ရိုးမ လာမှပဲ ရန်ကုန်

ငြိမ်းချမ်းညို လာသွားတာပဲ ပြောပေးပါနော် ဖုန်းလဲဆက်ပါလို့ .."

"အေး .. အေး .. ဩော် ဒါနဲ့ ရေမိုးချိုး ထမင်းစားပြီးမှ ပြန်ပါလား

သားရယ် အခုလာပြီး အခု ပြန်မယ်ဆိုတော့ ခရီးပမ်းမှာပေါ့ .."

"ရတယ် အန်တီ ကျွန်တော် လမ်းမှာဝင်စရာရှိလို့ .."

အားနာဖွယ်ကြောင့် အကြောင်းတစ်ခုပြကာ ရိုးမ မေမေ

နှုတ်ဆက်ကာ ကားရှိရာကို ထွက်လာခဲ့ပါသည်။



လူဆိုတာ အဲဒီလိုပါပဲ မတွေ့ဖူးဆိုမှ ပိုပြီးတွေ့ချင်လာတဲ့

သဘော ..။ ကျွန်တော် စိတ်ပျက်ပျက်နဲ့ ကားမောင်းလာရင်း ဘီးလင်း

ကျော်လာတော့ စိတ်ကူးတစ်မျိုးပြောင်းသွားပါတယ်။ ရောက်မှတော့

မထူးဘူးဆိုပြီး ကင်ပွန်းစခန်းတောင်ခြေအထိ သွားဖို့ ဆုံးဖြတ်လိုက်

ပါသည်။

မျှော်လင့်ချက်ဆိုတာ လူတစ်ယောက်အတွက် မချိမဆံ့ ခံစားရ

တဲ့ ဝေဒနာတစ်မျိုးပါပဲ ရိုးမ ရယ် ..။ အခုလို တောတောင်ရိပ်တွေ

မြင်ရင် မင်းကို ပိုပြီး လွမ်းလို့မဆုံးပါဘူး ရိုးမ ..။

ရင်ထဲကအတိုင်း စိတ်သွားတိုင်းလိုက်ပါလို့ ရရင် မင်းအနားမှာ

နေ၊ မင်းအရိပ်မှာခိုပြီး မင်းကို ချစ်တဲ့အကြောင်း စကားလုံးလှလှ

တွေသုံးပြီး ပြောပြချင်ပါတယ် ရိုးမ ..။ ငါ့ဘဝအတွက် မင်းဟာ မရှိ

မဖြစ်ပါ တောအုပ်လေးရယ် ..။

ဟိုတစ်ခါက ကျိုက်ထီးရိုးဆံတော်ရှင်မြတ်မှာ ဆုတောင်းခဲ့သမျှ

ပြည့်ဝမှာလား ရိုးမ၊ ငါ့ရင်ခုန်သံတွေ မင်းကြားသိပါစေ ချစ်သူ ...။

www.burmeseclassic.com

www.burmeseclassic.com



*** ❀ ***

တောင်ခြေရောက်ခဲ့တယ်ဆိုရင်ပဲ ဘုရားဖူးရာသီသိမ်မဟုတ်တော့ အရင်လို ခုံးခုံးကျွတ်ကျွတ် လူမများလှပါ ..။ ဒါပေမယ့် တောင်ပေါ်တက်တဲ့ သူတွေကရှိပြီ။ အများဆုံးလာတာကတော့ နိုင်ငံခြားသားတွေပေါ့ ..။

ကားပေါ်က ဆင်းပြီး ဘယ်သွားလို့ ဘယ်လာရမှန်းမသိဖြစ်နေစဉ်မှာ ...

"ဟေ့လူ .. ဟိုလူကြီး .."

တစ်ဦးတစ်ယောက်က သူ့ကို ရည်ရွယ်ပြီး ခေါ်တဲ့ အသံကြောင့် လှည့်ကြည့်တော့ မိန်းမပျိုတစ်ယောက် ၊အဲဒီ မိန်းကလေးက ပြုံးပြ ပါတယ်။ ကျွန်တော်က ဝေဝေဝါးဝါး စူးစူးစမ်းစမ်းကြည့်နေစဉ်မှာ ...

"ကျွန်မကို မမှတ်မိဘူးလား ရှုံးမ တို့ ဆိုင်ဒေါ်ကား စတိုးဆိုင်



ကလေ .. ကိုကြီးညို .."

သူ မျက်နှာပြင့်တက်သွားကာ ...

"အာ .. ဘာလို့ မမှတ်မိရမှာလဲ .. ချော .."

"ချောစုလေ .. ကိုကြီးညို .."

အခုမှ ကျွန်တော် သူမကို မှတ်မိသွားမိပါသည်။ မိသဲ နဲ့ မြသာနု တုန်းကမှ ဒီကောင်မလေးတွေကို သူ ရင်းနှီးခဲ့တာပါ ..။

"ဆောရီး ချောစု ရာ .. အစ်ကို ချက်ချင်းမမှတ်မိတာ ဘယ်လို မှ သဘောမထားပါနဲ့နော် .."

ကျွန်တော့် စကားကြောင့် ချောစု က ဟက်ဟက်ပက်ပက် ရယ်ကာ...

"ကဲ .. အဲဒါတွေထားပါ .. ဘာလဲ တောင်ပေါ်တက်မလို့လား.."

"မတက်တော့ပါဘူးဟာ .."

"ဟောတော် .. တောင်ခြေရောက်ပြီ ဘုရားမဖူးတော့ ဒီ ကင်ပွန်းစခန်းကို အစ်ကို ဘာလာလုပ်တာလဲ .."

ခုမှတော့ မထူးတော့ပြီမို့ ဖြစ်ကြောင်းကုန်စင်ကို ချောစု ကို ပြောပြမိပါသည်။

"ကြော် .. ဒီဆို ကင်ပွန်းစခန်းကို အစ်ကိုလာတာ ရှုံးမ ကို

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းပြေ ဆိုပါတော့ ..”

ကျွန်တော် စိတ်ပျက်ပျက်နဲ့ ခေါင်းညိတ်ပြမိတော့ ...

“ကျိုက်ထိုမြို့က အကျယ်ကြီးဟာကို မူလတန်းကျောင်းတွေက လဲများမှများ .. ကဲ .. အစ်ကို ဘယ်လိုရှာမလဲ ..”

“အဲဒါကြောင့် ခက်နေတာပေါ့ဟ ..”

ချောစု က ကျွန်တော့်ပုံစံကိုကြည့်ကာ ပြုံးစိစိဖြစ်နေတာကြောင့် သူ့သက်သာမကောင်းဖြစ်ကာ ...

“နင် တစ်ခုခုသိထားလို့လား ချောစု ..”

“အယ် .. မသိပါဘူး ..”

ချောစု ရဲ့ ပြောပုံဆိုပုံ အမူအယာတို့ကြောင့် သူပို၍ သက်သာမကောင်းဖြစ်လာပါသည်။

“နင် သိထားပါတယ် ပြောပါဟာ နော် ..”

ချောစု က မျက်နှာငယ်လေးနဲ့ အသနားခံနေတဲ့ ကျွန်တော့်ပုံစံကြောင့် မျက်စောင်းထိုးပြီး ...

“ဟွန်း .. သနားလို့နော် .. ကဲ ဒီနားလေးတင် ဆိုင်ကယ် ကယ်စီးသွား အ.မ.က (...) လို့ ပြောလိုက်ရင် လိုက်ပို့ပေးလိမ့်မယ်၊ အမှ



မဟုတ်ရင်လည်း ခဏနေ ကျောင်းလွှတ်တော့မှာ မရိုးမ နဲ့ ဆရာမ မညို တို့ ကလေးတွေကို တောင်တက်ကားဂိတ်လိုက်ပို့လိမ့်မယ် ဒီက စောင့်ချင်စောင့် ..”

“အေး .. အေး .. ကျေးဇူးပါပဲဟာ တစ်ခုခု စားပါလား ..”

“နောက်မှပဲ စားတော့မယ် .. တောင်ပေါ်ပြန်တက်ရဦးမယ် နောက်ကျနေပြီ အစ်ကိုရဲ့ ..”

“အေး .. အေး .. ကျေးဇူးပဲဟာ ..”

“သွားပြီ ..”

ချောစု ထွက်သွားတော့ အနီးနားက ဆိုင်မှာ ထမင်းစားကာ ကျောင်းလွှတ်ချိန်ကို စောင့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* ❀ *

အမြှုနဲ့ အစိမ်းတွဲစပ်ထားတဲ့ မိန်းကလေးကို မြင်တော့ ရင်ကို ငြိမ်းအေးစေတာ အမှန်ပါ ..။ တစ်သက်တာ တစ်ဘဝလုံးမှာ အတူနေ အတူစား ဘဝရဲ့ ဒုက္ခ သုခ မှန်သမျှကို သူမနဲ့အတူ မျှဝေခံစားချင်တဲ့ ဆန္ဒ ဗိုမိုပြင်းပြလာခဲ့ပါသည်။

ပါးပြင်ပေါ်က တပိုင်းတစ်စ သနပ်ခါးပါးကွက်ကလေးကို ကြည့်ရင်း ရင်ခုန်သံတွေတာ မြန်စေခဲ့ပါသည်။

"ရိုးမ .."

အဖော်ကျောင်းဆရာမနဲ့အတူ စကားပြောနေရင်းမှ ကျွန်တော် ခေါ်သံကြောင့် သူမက ဝေဝေဝါးနဲ့ လှမ်းကြည့်သည်။

"ဟင် .. ကိုညို .."

အံ့ဩဝမ်းသာသွားပုံလေးက အမြဲငေးကြည့်နေချင်စရာပါ။



"ကိုညို .. ဘယ်လိုက ဘယ်လို .."

တအံ့တဩနဲ့ မယုံကြည်နိုင်ဖုံနဲ့ သူမရဲ့ မေးပုံကြောင့် ကျွန်တော် ပြုံးမိသည်။ အဖော်ပါလာတဲ့ ကျောင်းဆရာမလေးက ...

"ရိုးမ .. နင် နေရင်နေခဲ့လေ၊ ကားဂိတ်လဲရောက်နေပြီပဲ ငါ ကလေးတွေကို ကားပေါ်တင်ပေးလိုက်မယ် .."

"အေး .. အေး .. ကျေးဇူးပါပဲ ညိုရယ် .."

ညို ဆိုတဲ့ ကျောင်းဆရာမလေးက ပြုံးရင်း ...

"ရပါတယ်ဟာ .. ကျွန်မကို နှင်ပြုံပါဦးရှင် .."

"ဗျာ .. ဟုတ် .. ဟုတ်ကဲ့ .."

ကျွန်တော် အယောင်ယောင်အမှားမှားနဲ့ ပြောမိတော့ ရိုးမ က ရယ်သည်။ ကလေးတစ်အုပ်နဲ့ ညို ဆိုတဲ့ ကျောင်းဆရာမလေး ထွက်သွားတော့ .. ရိုးမ က ...

"တစ်ဆိုင်ဆိုင်မှာ ထိုင်ရအောင် ကိုညို .. ဒေသ ဒါနဲ့ ထမင်းရော စားပြီးပြီလား .."

"စုနမလေးတင် စားပြီးတယ် ရိုးမ၊ လာ .. ဟိုဆိုင်လေးမှာ ထိုင်ရအောင် .."

နှစ်ယောက်သား ခြောချင်လမ်းဆစ်က ဆိုင်မှာ ထိုင်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ သူမ ဆိုင်ထဲဝင်တော့ ဆိုင်က မိန်းကလေးက ရီးမ ကို နှုတ်ဆက်ပါသည်။

"အစ်မ ရီးမ ကျောင်းက ပြန်လာပြီလား .."

"ဟုတ်တယ် စန်းအေး ရေ ကိုညို ဘာသောက်မလဲ .."

"နက်စ်ကော်ဖီတစ်ခွက် .."

"နက်စ်တစ်ခွက်နဲ့ အအေးတစ်လုံးပေးနော် စန်းအေး .."

"ဟုတ်ကဲ့ .. မရီးမ .."

ကောင်မလေး ထွက်သွားပြီးတော့ ရီးမ က သူ့ဘက်လှည့်ကာ—

"ကိုညို ဘုရားဖူးလာတာလေ .."

ကျွန်တော် ခေါင်းခါပြတော့ သူမ က မျက်မှောင်ကြုပ်ပါသည်။

"ဒါဆို .."

"ကိုယ် .. ရင်ငြိမ်း ကို ရောက်ပြီပြီ ရီးမ အဲဒီကနေ ဒီဝင်လာတာ .."

"ဟင် .."

သူမ တော်တော်လေးကို အံ့ဩသွားသလို ကျွန်တော့်ကို ငေး စိုက်ကြည့်နေပါတယ် ..၊

"နေသစ် လာသွားတယ်ဆို .."

ကျွန်တော့် အမေးကြောင့် သူမ သက်ပြင်းချပါသည်။ စကား



ဆက်မယ်ကြံစဉ် ဆိုင်က ကောင်မလေးက အအေးနဲ့ ကော်ဖီ လာချတာကြောင့် စကားမဆက်မိ။ ကောင်မလေးထွက်သွားတော့မှ သူမ က ...

"လာသွားတယ် ကိုညို .."

ကျွန်တော် ရင်မှာ ဆူဝေနေပါသည်။ ဆုံးရှုံးခြင်းရဲ့ အရိပ်အငွေ့တွေရဲ့ အစပြုခြင်းလား ...

"ဘာ... လာ .. လုပ်တာလဲ ရီးမ .. ဟို .. ကို သိခွင့်ရှိမလား..."

ကျွန်တော်ရဲ့ မရဲတရဲစကားကြောင့် ရီးမ ဆိုတဲ့ မိန်းကလေးက သိမ်သိမ်မွေ့မွေ့ ပြုံးပြီး ...

"ရပါတယ် ကိုညို့ကို ရီးမ ဘာဖုံးကွယ်စရာ အကြောင်းမရှိပါဘူး ..၊ သိတဲ့အတိုင်းပေါ့ ကိုညို ရယ် .. သူ အိမ်ပေါ်က ဆင်းခဲ့တာ၊ သူ့သူ ကို ငြင်းခဲ့တာ စိုးနေတာပါပဲ ..၊ နောက်ပြီး ရီးမ ကို လက်ထပ်ချင်တယ်ပေါ့ .."

"ဟင် .."

သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေက မှန်နေပါသည်။

"ရီးမ ဘက်ကရော .."

သူ့ရဲ့အရဲစွန့် မေးစကားကြောင့် မျက်ဝန်းညိုညိုနဲ့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို ပြန်ကြည့်ပါသည်။ ပြီးတော့ ..

"ရိုးမ အတက်က မှတ်လား ကိုညို .."

ကျွန်တော် ခေါင်းညိတ်ပြမိတော့ သူမက လမ်းမဘက်ကို ငေးကြည့်ပြီး ..

"နေသစ် ကို တောင်ပေါ်မှာကတည်းက မြင်ဖူးနေပြီလားပါ ကိုညိုရယ် ..၊ သူ့ကို မောင်လေးတစ်ယောက်လို သံယောဇဉ်ရှိပါတယ် ချစ်သူတစ်ယောက်လိုတော့ မဟုတ်ပါဘူး .."

"တကယ် .."

သူ့ မေးသားအားရခြင်းတော့ ရိုးမက အပြုံးလေးလေး၊ သူ မျက်စောင်းထိုးတာပဲ၊ ကျွန်တော် ရယ်ပြတဲ့လိုက်ပါတယ်။ ဆိုပြ တဲ့ အတိုင်းလဲ အရင်လို ပြောမိပါသည်။

"ကို .. ရိုးမ ကို စကားတစ်ခွန်းပြောချင်တယ် .."

ရိုးမ ခေါင်းလေး ပြန်မော့လာပါသည်။

"ရိုးမ သိပါတယ် ကိုညို .."

ကျွန်တော် အံ့ဩရော မရှိပါ ..၊ တစ်ချို့ကိစ္စတွေက ပြော မလိုတဲ့ အကြောင်းအရာတွေပေါ့။

"ဒါဆို .."



ကျွန်တော်ရဲ့ စကားကြောင့် ရိုးမ က သက်ပြင်းချပါသည်။ အဲဒီ သက်ပြင်းက တွေဝေခြင်းလား ငြင်းဆန်ခြင်းလား ..။

"ရိုးမ စဉ်းစားဦးမယ် ကိုညို၊ ဒီစကားက ကိုညို ကို လှုပ်မရအောင် ချည်လိုက်တဲ့ စကားမဟုတ်ဘူးနော် ကိုညို .."

"ဟာ .. ကိုညို သဘောပေါက်ပါတယ်၊ ရိုးမ စဉ်းစားပါ ကိုညို စိတ်ရှည်ရှည်နဲ့ စောင့်နေပါမယ် .."

"ကဲ ကိုညို .. ဒီမှာ အိပ်မှာလား .."

"အင်း .. ကိုညို တောင်ပေါ်တက်လိုက်ဦးမယ် ..၊ ဘုရားဖူးပြီး ပြန်ဆင်းလာမယ်လေ .. ညအိပ်ရင်တော့ တောင်ခြေက ရေရှိုးဆိုင် တစ်ဆိုင်ဆိုင်မှာ အိပ်လိုက်မယ် .."

ကျွန်တော် စကားကြောင့် ရိုးမ ဆိုတဲ့ မိန်းကလေးက ပြုံးစိစိနဲ့.

"ဟိုတယ်မှာ ဘာလို့ မအိပ်တာလဲ ကိုညို ..၊ ကင်ပွန်းစခန်းမှာ ဟိုတယ်တွေ အများကြီးရှိတဲ့ဟာ .."

"ကိုညို ကပ်စေးနည်းပြီး ရေရှိုးဆိုင်မှာ အိပ်တာမဟုတ်ဘူး ရိုးမ .."

"ကပ်စေးနည်းတာ မဟုတ်ရင် နှမြောလို့ပေါ့ .."

ရိုးမ ရဲ့ နောက်ပြောင်မှုစကားကြောင့် သူ့ တဟားဟားရယ်ကာ...

"မဟုတ်ရပါဘူး ရိုးမ ရယ် .. ဦးလေးမော် က ပြောဖူးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမော် က ဘာပြောဖူးတာလဲ .."

"ဦးလေးမော် က ကျိုက်ထီးရိုးလာရင် တောင်ခြေမှာ အမြဲအိပ်တတ်တယ်တဲ့ .. ရေချိုးဆိုင်ထိပ်က ကွပ်ပျစ်မှာထိုင်ပြီး ပတ်ဝန်းကျင်ရှုခင်းကို ကြည့်ရတာ အရမ်းကောင်းဆိုပဲ၊ မယုံရင် မင်း တစ်ညလောက်အိပ်ကြည့်ဆိုလို့ သူ့ အသိ ရေချိုးဆိုင်ရှိတယ် အဲဒီမှာ တည်းတဲ့ .."

"ဘယ်ဆိုင်လဲ .."

ကိုညို မျက်မှောင်ကြုပ်စဉ်းစားရင်း ...

"အဲ .. ချို .."

"ချိုချိုဝင်း လား .."

"ဟုတ်တယ် .. ဟုတ်တယ် ..."

"ရတယ် .. မမချို နဲ့ ရိုးမ နဲ့က ညီအစ်မလို ရင်းနှီးတယ်၊ လာလေ .. ကိုညို၊ ရေမိုးချိုးပြီး တောင်ပေါ်တက်ပေါ့ .."

ရိုးမ စကားကြောင့် ကျွန်တော် စားပွဲထိုးလေးကို လှမ်းခေါ်ပြီး ပိုက်ဆံရှင်းကာ ချိုချိုဝင်းရေချိုးဆိုင်ဘက် ထွက်လာခဲ့ပါသည်။ ရေချိုးဆိုင်ထဲဝင်တော့ သူ့တို့ထက် အသက်ကြီးပုံရတဲ့ အမျိုးသမီးက ...

"ရိုးမ .. ကျောင်းဆင်းပြီလား .. လာလာ .."

သူနဲ့ ရိုးမ အလယ်လှုသွားလမ်းအတိုင်း လျှောက်လာခဲ့ပါသည်။



အသွားလမ်းရဲ့ တစ်ဖက်တစ်ချက်မှာတော့ အိပ်လို့ရတဲ့ နားနေဆောင်တန်းလျားတွေရှိပါတယ် ..။

"မမချို .. ဒါ ရိုးမ မိတ်ဆွေ ဦးလေးမော် ရဲ့ တူတို့လဲ မှားဘူး.."

"ဪ .. ဦးလေးမော် တူလား .."

"ဟုတ်ကဲ့ ခင်ဗျ .. ကျွန်တော် နာမည် ငြိမ်းချမ်းညိုပါ ခင်ဗျာ အားလုံးကတော့ ကိုညိုပဲ ခေါ်ကြပါတယ် .."

"ဟုတ်ကဲ့ ကျွန်မကို ရိုးမ တို့ ခေါ်သလို မချို လို့ ခေါ်ပါ .."

မချို ကလဲ အရယ်အပြုံးနဲ့ မိတ်ဆက်ပါသည်။

"မမချို .. ကိုညို က အခု ရေမိုးချိုးပြီး တောင်ပေါ်တက်လိမ့်မယ်၊ ဘုရားဖူးပြီး ပြန်ဆင်းလာမှာ ဒီမှာပဲ ညအိပ်မှာနော် .."

"အို .. ရပါတယ် ရိုးမ ရယ် ..၊ ဟဲ့ နှင် မနက်ဖြန် ကျောင်းပိတ်တယ် မဟုတ်လား .."

"အင်း .. ပိတ်တယ်လေ .. ဘာဖြစ်လို့လဲ မမချို .."

"ည ငါနဲ့ အတူလာအိပ်ပါလား ..၊ နှင်နဲ့ စကားမပြောရတာကြာပြီ၊ လူကျလဲ နှင်က ဝိုင်းကူစတတ်တယ် .."

"ဖြစ်ပါ့မလား .. တော်ကြာ ကိုကုလား က ကျွန်မကို ရှင်းနေယ် ထင်နေဦးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် .. နှင့် အစ်ကိုက နင်လာရင် သူ တစ်ညလုံး လွတ်လွတ်လပ်လပ်ကဲလို့ရလို့ ပျော်တောင် ပျော်နေဦးမှာ .."

ရီးမ က စဉ်းစားကာ ...

"မနက်ဖြန် ရီးမ ရင်းငြိမ် ကို ပြန်မလို့ မမချို ရဲ့ .."

"ဩော် .. ဒီက သွားတော့ ကားဂိတ်က ဒီထိပ်တင် ကိုးနာရီဆယ်နာရီလောက် ကားစီးလိုက်ပေါ့ဟဲ့ .."

"ဟုတ်သားပဲ .. ကိုညိုလဲ ဒီမှာ အိပ်မှာပဲ ရီးမ ရယ် .."

ကျွန်တော်ကပါ ဝင်ပြောနေတော့ ရီးမ အပြုံးနဲ့ ခေါင်းညိတ်ပြကာ ...

"ဒါဆိုလဲ အဝတ်ပို တစ်စုံယူပြီး ဒီမှာ လာအိပ်မယ်လေ ..၊ ကဲ.. ကိုညို ရေချိုးချင်ရင် ရေသွားချိုးတော့လေ ..၊ ရီးမ လဲ အိမ်ပြန်ပြီး သူငယ်ချင်းကိုပြောပြီး လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ် ..၊ သွားပြီ ကိုညို .. သွားပြီနော် မမချို .."

"အေး .. အေး .. စိတ်ချ .."

ရီးမ ဆွဲခြင်းလေးဆွဲကာ ထွက်သွားတော့ ကျွန်တော် သက်ပြင်းချရင်း ငေးကြည့်နေတော့ ...

"အဟမ်း .. အဟမ်း .. ကိုညိုရေ ရေလေးဘာလေး ချိုးဦးနော်၊ စောစောတောင်ပေါ်တက်ပြီး စောစောဆင်းလာလေ .."



မမချို က ပြုံးစိစိနဲ့ ပြောနေတော့ ဘာကို ရည်ရွယ်ပြောမှန်း ကျွန်တော်သိတော့ ရှက်ရှက်နဲ့ ..၊

"ဟုတ် .. ဟုတ်ကဲ့ မချို .."

"အလို .. ကိုညို .. ရီးမ နောက်လိုက်သွားမလို့လား .. ရေချိုးခန်း က နောက်မှာလေ .."

"ဟာဗျာ .. မချို ကလဲ .."

ကျွန်တော် ကျောပိုးအိတ်ကိုချကာ ရှက်ရှက်နဲ့ ရေချိုးခန်းဘက် ပြေးပါတော့သည်။

"ကိုညို .. ဆပ်ပြာ ယူသွားဦးလေ .. တယ်ခက်ပါလား အခုခေတ်လူကြီးတွေကတော့ .."

ကျွန်တော့် လုပ်ရပ်တွေက အများအမြင်မှာတော့ ရယ်စရာ ဖြစ်နေမှာပေါ့။ မင်းကြောင့်တော့ ခက်ပါရဲ့ ရီးမ ရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ် ဘုရားဖူးပြီး တောင်ပေါ်သူကို စောင့်ပါတယ် သူတို့ ခြင်တော့ မောင်ကြည် တို့ ရောက်ရ တို့က ဝမ်းသာအား ရတက်ဆက် ပါတယ်။ ပြီးတော့ ရှိုးမ ရဲ့တွေ့လား မေးပါတယ်။ ကျွန်တော် ဟိုအကြောင်း ဒီအကြောင်းပြောပြီး ပြန်ထွက်လာတော့ မှင့်ထူး မန်နေရှာကို ဝင် နှုတ်ဆက်ပါတယ်။ နောက်တော့ ရင်ပြင်ပေါ် ပြန်တက်တော့ ဘုရားမှာ ရွှေသင်္ကန်းကပ် ရှိခိုးဦးချပြီး အဆင်းတော့ ပြန်ဆင်းလာခဲ့ပါသည်။

မချို တို့ ဆိုင်ထဲဝင်တော့ နှင်းလက်ကျန်အစအနတွေကြောင့်ရယ်၊ တောရိပ်တောင်ရိပ်ကြောင့် ချမ်းစစ ဖြစ်နေပါသည်။

"ဘယ်လိုလဲ ပြန်လာပြီလား .."

မချို က ကောင်တာမှာ ထိုင်ရင်း လှမ်းမေးပါသည်။



"ဟုတ်ကဲ့ မချို .."

"ရှိုးမ တော့ မရောက်သေးဘူး ကိုညို ရေ ..၊ ဩော် ဒါနဲ့ ကုလား ရေ .."

"ဝေ့ .."

ကျွန်တော်တို့နဲ့ အသက်မတိမ်းမယိမ်း လူငယ်တစ်ယောက် ထွက်လာပါသည်။ အသားမည်းလို့ သူ့ကို ကုလားလို့ခေါ် မှန်း သဘော ပေါက်ပါသည်။

"ဒါ .. နင့် ဦးလေးမော် ရဲ့ တူလေ .. ကိုညို တဲ့ .."

ကုလား ဆိုတဲ့ လူက ဖော်ဖော်ရွေရွေ ရှိပါသည်။

"ဟာ .. ဦးလေးမော် တူလား .. ဦးလေးမော် မပါဘူးလား .."

"မပါဘူး ခင်ဗျ .."

"ဟဲ့ .. အခုလာတာ ဘုရားဖူးရှင်း ရှိုးမ ဆီ လာတာဟဲ့ .."

ကုလား က သဘောပေါက်ပြန်ပါသည်။

"ဒါဆို ဘုရားဖူးရှင်း လိုက်ပို့ရမှာပေါ့ .. ဟုတ်တယ်နော် ကိုညို .."

"ဟာဗျာ .. ကိုကုလားကလဲ .."

ကျွန်တော်ရဲ့ ရှက်ကိုးရှက်ကန်းဟန်ကြောင့် မချို နဲ့ ကိုကုလား

www.burmeseclassic.com

www.burmeseclassic.com



က တဟားဟားနဲ့ ရယ်ပါတော့သည်။ အတော်ပွင့်လင်းကြတဲ့ သူ့ရေ ဆိုတာ ကျွန်တော် သဘောပေါက်ပါသည်။

"ထမင်းစားတော့မလား ကိုညို ..."

"မစားသေးဘူး မချို .."

"ဒါဆိုလဲ .. ရိုးမ လာမှ လက်ဆုံစားလေ .."

"ဟာဗျာ .."

ကျွန်တော့်ကိုပဲ ရည်ရွယ်ပြီးနောက်နေတာကြောင့် ...

"ကျွန်တော် ဈေးတန်းဘက် လမ်းလျှောက်လိုက်ဦးမယ် အစ်မ"

"အေး .. အေး .."

ကျွန်တော် ထွက်လာတော့ ဆိုင်ရှေ့ကို ဘုရားဖူးကားတစ်စီး ထိုးဆိုက်တော့ ကိုကုလား က လူခေါ်ဖို့ အလျှင်အမြန်ထွက်သွားပါသည်။

ကျွန်တော်လည်း ဈေးတန်းဘက် လျှောက်ကြည့်ရင်း ကုမ္ပဏီ က ဝန်ထမ်းတွေအတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်မိပါသည်။

ဟိုကြည့်ဒီကြည့် ဝယ်စရာရှိတာတွေဝယ်ပြီး ပြန်လာတော့ ဆိုင် ထဲမှာ ရိုးမ ရောက်နေပါပြီ ..။ ဘုရားဖူးတွေကျလာတာကြောင့် ရိုးမ က မမချို နဲ့ အတူ ဝိုင်းကူပါသည်။



"ပစ္စည်းတွေက များလှချည်လား .."

"ဝန်ထမ်းတွေအတွက်ရောလေ .."

ကျွန်တော့် ပစ္စည်းတွေကို ကျွန်တော် အိပ်မယ့်နေရာမှာထားပြီး ပြန်ဆင်းလာပါသည်။ ရိုးမ က ထမင်းစားမယ့် ဘုရားဖူးတွေအတွက် ဟင်းပွဲတွေစားပွဲလိုက်ထိုးပေးရင်း ...

"ကိုညို .. ဆာနေပြီလား .."

"မဆာဘူး တောင်ပေါ်မှာ ဆိုင်ကကျွေးလို့ လက်ဖက်သုပ်စား လာသေးတယ် .."

ဆံပင်ရှည်တွေ စုသိမ်းပြီး စည်းထားတဲ့ ရိုးမ က သနပ်ခါး ပါး ကွပ်ကျားနဲ့ တစ်မျိုးကြည့်ကောင်းနေပါသည်။ ကျွန်တော် လိုရမယ်ရ ယူထားတဲ့ ဆွယ်တာလက်ရှည်ကို ဝတ်ကာ ဆိုင်ရှေ့တံတားထိပ်က ကွပ်ပျစ်ဘက်ကို လျှောက်လာခဲ့ပါသည်။

ကွပ်ပျစ်ပေါ်မှာ ကိုကုလားက ဂစ်တာတစ်လုံးနဲ့ ဇိမ်ကျနေပါသည်။

"လာ .. ကိုညို .."

"ဂစ်တာတီးနေတာလား .."

ကျွန်တော် ဝင်ထိုင်ရင်းပြောတော့ ကိုကုလားက ရယ်ကျဲကျဲနဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



"မတီးတတ်ပါဘူးဗျာ .. ရှာတီတ်တွေ ခဏပေးသွားလို့ ...

တီးတတ်ရင် တီးပါလား .."

"နောက်မှပေါ့ဗျာ .."

ဆိုင်အပြင် ဈေးအနောက်ဘက်က မီးတွေက ထိန်ထိန်ညီးနေပါသည်

"ဦးလေးမော် က ဒီရောက်ရင် ညလုံးပေါက်နီးပါး ဒီမှာ ...

တက်တယ်ဗျ ကိုညို .."

"ဟုတ်တယ်ဗျ .. ဦးလေးမော် ပြောတာ ကျွန်တော်စုမှပဲ သ...

ပေါက်တော့တယ် .."

အဝေးဆီက ဈေးသည်တွေရဲ့ ဈေးခေါ်သံတွေက တစ်...

တစ်ချက် ကြားရသည်။ ဘုရားဖူး ကားသမားတွေ အုပ်စုဖွဲ့ ထိုင်...

စကားပြောနေကြတာက ခပ်လှမ်းလှမ်းမှာ ..။ ဒီက ညရဲ့ အရသာ...

မြို့ပြညတွေနဲ့ ကွာသည်။ တိတ်ဆိတ်သည်၊ အေးချမ်းသည်။

"အရင်တောင်ထက် ကားတွေမရှိခင်ကဆို ကျွန်တော်တို့...

တွေက ရွှေပေါ့ .. ဗျာ .."

"အခုလဲ ဘုရားပေါ်တက်ရင်ပဲဖြစ်ဖြစ် ဘုရားပေါ်က ဆင်...

ဖြစ်ဖြစ် ဒီမှာ တစ်ထောက်နားရတာပါပဲ ကိုကုလားရယ် ..."



"မှတ်တာတော့ ဟုတ်ပါတယ် ခဏနေဦးဗျာ ကျွန်တော် သွား ရှုလိုက်ဦးမယ် .."

လက်မကို ထောင်ပြီး ပါးစပ်နားတော့ပြတော့ ...

"ဆိုင်မှာ ဘာလို့ မသောက်တာလဲ .."

"မိန်းမ နားပူတယ်ဗျ .. ဆောရှာ .."

"ရတယ် သွား .. သွား .."

ကိုကုလား ထွက်သွားတော့ ကျွန်တော် ဂစ်တာကို ရင်မှာပိုက် ကာ နောက်ဝါးလုံးတန်းတွေကို မှီပြီး ဂစ်တာကို မရည်ရွယ်ပဲ တီးတော် မိပါသည်။ ခေါင်းထဲရောက်လာတဲ့ သီချင်းလေးတစ်ပုဒ်ပေါ့ ... 'ည နက်နေပြီ' တဲ့ ရေးသူက ရယ်ဂျီ ဆိုသူက ထက်အောင် ...။

(ညနက်နေပြီ အချစ်လေး xxx ငါ အိပ်စက်နိုင်ဖို့ခက်တယ် xxx နင့်အကြောင်းအတွေးတွေက xxx ရုပ်တန့်ဖို့ မလွယ်ကူတယ် xx အိပ်ပျော်သွားပြီ အချစ်လေး xxx တကယ် ငါ အိပ်ရတော့မယ် xxx မျက်လုံးများ မှိတ်လည်း xxx မင်း အပြုံးလေးမြင်နေတယ် xxx)

တကယ်ကို မျက်ဝန်းမှိတ်လဲ မင်းကို မြင်ယောင်နေမိပါတယ် ရှိုးမ ရယ် ...

www.burmeseclassic.com

www.burmeseclassic.com



(နင့် အပြုံးတွေနဲ့ ပေါင်းစပ်လိုက်ရင် ငါ အိပ်နိုင်ဖို့ခက်)

သိပ်ကို သေချာတဲ့ စကားလုံးတွေပါ ရိုးမ ..။

(လူခြေတိတ်ပြီ × × မီးတွေ မှိတ်ပြီ × × တစ်ရပ်ကွက်လုံး အိပ်စက်ပြီ ×× ငါ တစ်ယောက်ထဲသာ အတွေးတွေ ယောက်ယက် ခတ်ကာ အိပ်ဖို့ခက်နေပြီ၊ လူတွေ အိပ်ပြီ တံခါးတွေပိတ်ပြီ တစ်ရွာ က အိပ်မက်ကောင်းနေလောက်ပြီ ×× ငါသာ မင်းကို ချစ်တဲ့စိတ်နဲ့ သန်းခေါင်းယံ ညအလယ် အတွေးလွန်အိပ်ပျက်ညက ..နက်နေပြီ။)

တေးသီချင်းထဲ အာရုံစူးစိုက်မိဟော့ ပတ်ဝန်းကျင်ကို မေ့တယ် ဆိုတာ မှန်ပါတယ် ..။ သီချင်းလဲဆုံးရော လက်ခုပ်သံတိုးတိုးလေး စ, ကြားရသည်။

"ဟင် ရိုးမ .."

ရိုးမက အပြုံးနဲ့ ကွပ်ပျစ်မှာ ဝင်ထိုင်တော့ သနပ်ခါးရနံ့ကို သည်။ ညနဲ့လေပြည်ကတော့ သူ့ကို အရှုံးအမှုံးဖြစ်အောင် ကျီစယ် နေပါပြီ။

"ကိုညို က သီချင်းအဆိုကောင်းတာပဲနော် .."

"ခံစားချက်ကြောင့်ပါ ရိုးမ ရဲ့ .."



ကျွန်တော့် စကားကြောင့် သူမက မျက်စောင်းလှဲ့လို့ ဆုချရင်း..၊

"ကိုညို က အရင်လို မဟုတ်ဘူး .."

"ဟောဗျာ .."

"စကားပြော သိပ်တတ်လာတယ် .."

ကျွန်တော် သက်ပြင်းဆောင့်ချရင်း သူမ ကို မျက်လုံးပြူးကြည့် တော့ သူမက သဘောကျစွာရယ်သည်။

"တစ်ခါတစ်ရံတော့လဲ ရင်ထဲက ပြောချင်တဲ့ စကားလွှတ်ခနဲ ပြောမိတော့လဲ လူတွေ မယုံကြပါလားနော် .."

ကျွန်တော် ပြောပုံဆိုပုံကြောင့် ရိုးမ ဆိုတဲ့ ချစ်ရတဲ့ မိန်းကလေး ရယ်ချင်ဟန်နဲ့ ..၊

"ဘယ်လဲ ကဗျာဆန်နေပါလား .. ကိုညို .."

"ရိုးမ .."

"ရှင် .."

"ကိုညို ရိုးမ ကို အရမ်းချစ်တယ်ဆိုတာ ရိုးမ သိတယ်နော်.."

"အင်း .."

"ဘာလို့ အဖြေမပေးသေးတာလဲဟင် .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူမက တည်တည်ငြိမ်ငြိမ်နဲ့ ကျွန်တော့်ကို ကြည့်ကာ ...

"ရိုးမ မှာ လုပ်စရာတွေ အများကြီးရှိသေးတယ် ကိုညို .."

"ကိုညို တစ်ခုပြောမယ်နော် .."

"ပြောလေ .."

"ရိုးမ ရန်ကုန်မှာ အလုပ်လုပ်ပါလား ..၊ ကိုညို့ အလုပ် မလုပ်ချင်တောင် ဦးလေးမော် ရဲ့ အလုပ်မှာ ဝင်လုပ်ပေါ့ .."

"ရိုးမ မှ ဝါသနာမပါတာ ကဲ ထားပါ ထမင်းစားရအောင် လာ .."

သူမက အတင်း စကားဖြတ်နေတာကြောင့် သူ စိတ်လျော့ပြီး ရိုးမ နောက်က လိုက်ပါလာခဲ့ရပါသည်။



စကားလုံးအလှဆုံးနဲ့

အင်အားအသုံးပြီးပြောရရင်လဲ ...

မင်းကို 'ချစ်တယ်' ..။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို မင်းတို့ MD က ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းမှာ ကုမ္ပဏီဖွင့်မယ်ထင်တယ် .."

ဦးလေးမော် က ရယ်တည်တည်နဲ့ပြောတော့ ကုမ္ပဏီက သူ့ဝန်ထမ်းတွေက ရယ်ကြပါသည်။ ဘရဏီ က ဆိုရင် ...

"ဟီ .. ဟီ .. ဒါဆို ဒီနှစ်တော့ ကျိုက်ထီးရိုးတက်ရပြီနော် ဘော့စ်.."

"ဟုတ်တယ် .. ကုမ္ပဏီက ဦးစီးပြီး ကျိုက်ထီးရိုးတို့ ပညာတော်သင် လွှတ်မှာတဲ့ .. ဘရဏီ နင်က ခြေလျင်လမ်းကတက်ရမှာ .."

"သေလိုက်ပါလား .. တင်ထွန်း နင်နော် .."

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတာကြောင့် ရှက်ရှက်နဲ့ ကျွန်တော် ရယ်ပါတော့သည်။ သူပေးတဲ့ ကျိုက်ထီးရိုးမြန် လက်ဆောင်တွေကို ကြည့်ကြ ဦးလေးမော် ပေးတဲ့ သတင်းကြောင့် သူနဲ့



နိုးမ အကြောင်းကို မေးကြပေါ့ ..။

"ဟော့ကောင် လာပါဦးဟ .."

ကျွန်တော် ဦးလေးမော် စားပွဲရှေ့က ထိုင်ခုံမှာဝင်ထိုင်တော့..

"အခြေအနေ ဘယ်လိုလဲ .."

"မနက်ဖြန်ဆို ဆိပ်ကမ်းမှာ သွားထုတ်ရမယ်လေ .."

ဦးလေးမော် ကျွန်တော့် စကားကြောင့် ဘုကြည့် ကြည့်ကာ။

"ဟော့ကောင် မင်း ငါ့ကို အရူးမလုပ်နဲ့ .. ငါ့သမီးနဲ့ မင်းတိစ္ဆကို မေးနေတာ .."

ကျွန်တော် ဦးလေးမော် ပုံစံကြီးကြောင့် တဟားဟား ရယ်ကာ..

"အလကား စတာပါဗျာ .. ကျွန်တော် ရင်ငြိမ် ရောက်တော့ နိုးမ ရှိဘူး .."

"အပြင်သွားနေလို့လား .."

"ကျိုက်ထိုမှာ လုပ်အားပေးဆရာမ သွားလုပ်တယ်တဲ့ Volunteer ပေါ့ .."

"မင်း ကျိုက်ထို လိုက်သွားတယ်ပေါ့ .."

"ဟာဗျာ .. ဦးလေးမော် ကလဲ .. ကျိုက်ထို ဘယ်နေရာမှန်း မသိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာ ..”

ဦးလေးမော် အံ့သြသွားရင်း ...

“ရှိုးမ အမေက မသိဘူးလား ..”

ကျွန်တော် ခေါင်းခါပြကာ ...

“မသိဘူး .. ကျွန်တော်လဲ စိတ်ပျက်ပျက်နဲ့ ပြန်လှည့်လာရင်း ဘီးလင်းရောက်တော့ စိတ်ပြောင်းသွားတာနဲ့ ..”

“စိတ်ပဲ ပြောင်း လိုင်မပြောင်းနဲ့နော် ..”

“ဟာဗျာ ..”

ဦးလေးမော် က ရယ်ရင်း ...

“မင်း ပြော်သလို အလကားစတာပါကွာ .. ကဲ ဆက်ပါဦး ..”

“ကျွန်တော်လဲ စိတ်ညစ်ညစ်နဲ့ ကင်ပွန်းစခန်းမှာ ကားထိုးရပ်ပြီး ကားပေါ်ကဆင်းတော့ တောင်ပေါ်သူ ထမင်းဆိုင်ဘေးက စတိုးဆိုင်က ကောင်မလေးလေ ချောစု ဆိုတာ ..”

“ချောစု ..”

“အင်းလေ .. ဆံပင်က ပခုံးအထိ ရှိတယ်လေ ဦးလေးမော် ရာ”

“သြော် .. သိတယ် .. သိတယ် .. မိသဲ ပြုံးသဲ နာမှာတောင် မိသဲ



တို ထုမယ်ရိုက်မယ်လုပ်တဲ့ ချာတိတ်မ ..”

ကျွန်တော် ပြုံးစိစိနဲ့ ပြန်တွေးမိပြီး ...

“သူနဲ့ တွေ့တာပေါ့ .. သူတို့က ဖရှည်းလာဝယ်တာ ထင်တယ်”

“ကောင်းခန်း ရောက်ပြီထင်တယ် .. မျက်နှာက ပြုံးစိစိနဲ့ ..”

ဦးလေးမော် စကားကြောင့် ကျွန်တော်က ...

“မဟုတ်ရပါဘူး ဦးလေးမော် ရယ် .. ကျွန်တော်စိတ်ထဲက ကင်ပွန်းစခန်းတောင်ခြေကို ဝင်ချင်တဲ့စိတ်က မှန်သွားတာပါ ..၊ တိုက်ဆိုင်မှုလား စိတ်ရဲ့ စွမ်းအားလား မသိဘူး အဲဒီကိုလာကို လာချင်တယ် ..”

“ကဲ .. ဟုတ်ပါပြီ ဆက်ပါဦး ..”

“အင်း .. အဲဒီမှာ ချောစု က ပြောပြလို့ ရှိုးမ .. တောင်ခြေက မူလတန်းကျောင်းမှာ ဆရာမအဖြစ် လုပ်အားပေးဝင်လုပ်နေတယ် သိရတာ ..”

“အဲဒီမှာ မင်းသားနဲ့ မင်းသမီးက တွေ့ကြတယ်ဆိုပါတော့ ..”

ဦးလေးမော် စကားကြောင့် ကျွန်တော် ရှိုးမ နဲ့ တွေ့ခဲ့ပုံ စကားပြောဖြစ်ပုံ အကြောင်းရှင်းပြတော့ ...

“ဟ .. အဲဒါဆို အခြေအနေ ကောင်းပြီပေါ့ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဖြေမှ မရသေးတာ ဦးလေးမော် ရယ် .."

ဦးလေးမော် သူ့ စကားကြောင့် ...

"မင်းကွာ သူက မိန်းကလေးကွ စဉ်းစားခွင့်တော့ ပေးသင့်တာပေါ့ .."

"ဒါပေမယ့် နေသစ် ရှိသေးတယ်လေ .."

ကျွန်တော့်ရဲ့ အာလျှာလျှာလေသံကြောင့် ဦးလေးမော် က ...

"ကျစ် .. မင်းကွာ .. ဟို မိန်းကလေးက မချစ်ပါဘူး ငြင်းထားတာကို ဘာတွေ စိတ်ပူနေတာလဲ .."

"စိတ်ပူရတယ် .. ဦးလေးမော် နေသစ် ဆိုတဲ့ ချာတိတ်က တဖွတ်ဖွတ် ထိုးလေး သူလုပ်ချင်ရာ ဖွတ်လုပ်တတ်တဲ့ အကျင့်ရှိတယ် .."

"အဲတော့ ဘာဖြစ်လဲ .."

ဦးလေးမော် စိတ်ပေါက်ပေါက်နဲ့မေးတော့ ကျွန်တော်က ...

"ကျွန်တော့်လို စဉ်းစားချင့်ချိန်နေမှာ မဟုတ်ဘူး .. ဝုန်းဒိုင်းထ လုပ်မှာ .."

ကျွန်တော့် စကားကြောင့် ဦးလေးမော် က ရယ်ပြီး ...



"မင်းသာ သူ့လို စိတ်ရှိရင် မင်းနဲ့ ရိုးမ ညားပြီးနေလောက်ပြီ၊ မင်း အခုလိုပဲ စဉ်းစားချင့်ချိန်နေ၊ တော်ပြီ .. တော်ပြီ ခေါင်းရှုပ်တယ် အခန်းထဲသွားပြီ .."

ဦးလေးမော် က ပြောပြောဆိုဆို ထရပ်တော့ ကျွန်တော်က ...

"ဘာလဲ တရားခွေဖွင့်ပြီး နားထောင်မလို့လား .."

"ဘယ်ကလာ .. သီချင်းဖွင့်ပြီး လိုက်ဆိုကြည့်မလို့ .. ညနေ မင်း အဖေနဲ့ KTV သွားဖို့ ချိန်းထားတယ်ကွ၊ ခေတ်သီချင်းလေး ဘာလေး မရရင် အောက်တယ်ကွ ..၊ ကောင်မလေးတွေက သိပ်မကြည့်ဖူး .."

အခုလိုပြောပြီး ထထွက်သွားတဲ့ ဦးလေးမော် ကြောင့် ကျွန်တော် ပါးစပ်အဟောင်းသားနဲ့ ကျန်နေခဲ့ပါသည်။ ခုခေတ်လူကြီးတွေများ တယ်ပြောရဆိုရ သိပ်ခက်မှန်း ကိုညို သိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* * *

ဦးလေးမော် ရယ် ကျွန်တော်ရယ် ဦးလေးဖုန်း ရယ် ခေါင်းချင်းဆိုင်ပြီး ကျွန်တော့်ကုမ္ပဏီရုံးခန်းထဲမှာ အလုပ်ရှုပ်နေတုန်း တံခါးဖွင့်သံနဲ့အတူ ဘရဏီ ဝင်လာပါသည်။

"ဦးလေးမော် MAXELL ကုမ္ပဏီက ဦးကောင်းပြည့်ဖော် နဲ့ ဦးသီဟအောင် တို့ ရောက်နေပါပြီ .."

"ဘရဏီ ပြောတဲ့ နာမည်တွေကြောင့် ကျွန်တော် အထိတ်တလန့်နဲ့ ..."

"ဦးလေးမော် .."

ဦးလေးမော် က မျက်နှာထားတင်းသွားကာ ...

"အေး .. ငါနဲ့ တွေ့ချင်တယ်ဆိုလို့ ..၊ ငါလဲ သူတို့နဲ့ တွေ့ချင်တော့ .. ကဲ ဘရဏီ .."



ဦးလေးမော် က ဘရဏီ ကို အချက်ပြလိုက်ပါတယ် ..။ ခေါ်ခဲ့ဘာပေါ့။ ဦးလေးဖုန်း က ထထွက်မယ်လုပ်တော့ ဦးလေးမော် က...

"မင်းက ဘယ်သွားမလို့လဲ ဖုန်း .."

"ဟ .. ခဏ အပြင်ထွက်သွားပေးမယ်လေ .."

"အေး .. အေး .. ပြီးရောကွာ .."

ဦးလေးဖုန်း အပြင်ကိုအထွက် သူတို့က အထဲဝင်လာပါသည်။ သူသု အဖေ ဦးသီဟအောင် က ပုံမှန်ပါပဲ ..။ အင်းပေါ့လေ သူက ပြဿနာ စဖြစ်တဲ့ ကာယကံရှင်မှ မဟုတ်တာ ..။ ဦးကောင်းပြည့်ဖော် မျက်နှာက ပြုံးချို့နေပါသည်။

"ကိုထွန်းမော် နေကောင်းလားဗျ .."

"ကောင်းပါတယ် .. ထိုင်ကြဗျာ .."

ကိုညို သဲဘောက်ပါလိုက်ပါသည်။ သူတို့နဲ့ ပက်သက်တဲ့ လုပ်ငန်းတစ်ခုခုကြောင့် နေသစ် အဖေ ရှေ့မျက်နှာ နောက်ထားပြီး လာခဲ့ခြင်းဖြစ်မည်ထင်သည်။

"ဆို .. ကိစ္စက .."

ဦးသီဟအောင် က ဦးကောင်းဖြိုး ဖော် ကို ကြည့်တော့

www.burmeseclassic.com



ဦးကောင်းပြည့်ဇော် က ...

"ကျွန်တော် ကိုထွန်းမော် ကို တောင်းပန်ချင်လို့ပါ .."

"ကျုပ်ကို ဟုတ်လား .. ခင်ဗျားက ဘာလို့တောင်းပန်ချင်တာလဲ.."

ဦးလေးမော် က ဘာမှမဖြစ်ဖူးတဲ့ လူတစ်ယောက်လို့ ခပ်မှ

ပြောတော့၊ ဦးကောင်းပြည့်ဇော် အနေရခက်ဟန်နဲ့ ...၊

"ဟို .. ရှိုးမ ဆိုတဲ့ ကလေးမနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဗျ

မှားဆိုမှား ရှိခဲ့တာတွေ ..."

"ကဲ .. အဲဒါတွေ ထားပါ .. အခုလာရင်းကိစ္စက ဒီကိစ္စပဲလား.."

ဦးသီဟအောင် ချောင်းတစ်ချက် ရှင်းကာ အခုလို ပြောပါသည်

"ကျောက်စိမ်းမျက်လုံးရဲ့ပိုင်ဆိုင်မှုတစ်ခုဖြစ်တဲ့ Deploy ကု

အခုချပေးတဲ့ ဖုန် – ၂ က လုပ်ကွက်ကို ရထားတယ်သိရပါတယ်

"အဲဒီတော့ .."

ဦးလေးမော် က စကားလမ်းကြောင်း ခင်းပေးပါသည်။ ဦးသီ

အောင် က ခေါင်းညိတ်ပြီး ...

"ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ကုမ္ပဏီက ပစ္စည်းတွေ

စမ်းသုံးကြည့်ပေးချင်ပါတယ် ကိုထွန်းမော် ...၊ ဒါတွေက ကျွန်တော



ပစ္စည်းတွေရဲ့ အရည်အသွေးတွေနဲ့ ဈေးနှုန်းပါ။ တကယ်လို့ အဆင်ပြေခဲ့တယ်ဆိုရင် .."

ဦးလေးမော် လက်ကာပြလိုက်တော့ ဦးသီဟအောင် က စာရွက်စာတမ်းတွေထုတ်ပေးပါသည်။ ဦးလေးမော် က ယူကြည့်ပါသည်။ ပြီးတော့ ကျွန်တော်ကို လှမ်းပေးပါသည်။

"လိုအပ်တဲ့ အရေအတွက်ကို လိုသလောက်ရနိုင်မလား .."

ဦးကောင်းပြည့်ဇော် အလောတကြီး ဝင်ပြောပါသည်။

"ရနိုင်ပါတယ် ကိုထွန်းမော် .. ကြိုက်သလောက်သာ ပြောပါ."

ဦးလေးမော် က ကျွန်တော့်ကို ကြည့်တော့ ...

"ဦးလေးမော် ဆုံးဖြတ်လေ .. ပြီးခဲ့တဲ့ အပတ်ကလဲ .. ကုမ္ပဏီလေးငါးခုလောက် သူတို့ရဲ့ Process တွေ လာတင်ထားတယ် ဦးလေးမော် ...၊ ဈေးနှုန်းကတော့ သိပ်မကွာကြပါဘူး အရည်အသွေးပဲ ကြည့်ရမှာ .."

"ကျွန်တော်တို့ ပစ္စည်းတွေအတွက် ကျွန်တော်တို့ အာမခံပါတယ် ခင်ဗျ .."

ဦးကောင်းပြည့်ဇော် ရဲ့ စကားကြောင့် ဦးလေးမော် ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဇော် ကို စိုက်ကြည့်နေမိသည်။ ကြာလာတော့ ဦးကောင်းပြည့်ဇော် မနေတက်သည့်ဟန်ဖြင့် ခေါင်းငုံ့ကာ ...

"ကျွန်တော့် ဘယ်လိုရှောင်းပန်ရမလဲ .. ကိုထွန်းမော် .."

ဦးလေးမော် ဦးကောင်းပြည့်ဇော် စကားကြောင့် နှုတ်ခမ်းမှာ ခပ်ရေးရေးပြုံးမိသည်။

"ခင်ဗျားတို့ ကျွန်တော်တို့ ကုမ္ပဏီနဲ့ လုပ်ငန်းလုပ်ဖြစ်ရင် လက်တလော ရလာမယ့် အကျိုးအမြတ် အနာဂတ်အတွက် ရေရှည် လက်တွဲနိုင်ရင် ဖြစ်လာမယ့် အမြတ်အစွန်းတွေကို သဘောပေါက်တယ် နော် .."

"ဟုတ် .. ဟုတ်ကဲ့ .."

ဦးကောင်းပြည့်ဇော် မြွေဆွယ်ကျိုးနေမိပါသည်။

"ခင်ဗျားရှေ့မှာ ပြောရတာ အားတော့နာတယ် ကိုသီဟ .."

ဦးလေးမော် စကားကြောင့် ဦးသီဟအောင် က ...

"ရပါတယ်ဗျာ .. ခင်ဗျားတို့ ဘာသာ လွတ်လွတ်လပ်လပ် ပြောကြပါဗျာ .."

"ကိုကောင်းပြည့်ဇော် ခင်ဗျား တစ်ခုခုလိုချင်ရင်တော့ တစ်ခုခု



ပြန်လုပ်ပေးရမှာပေါ့ .."

ဦးကောင်းပြည့်ဇော် ဦးလေးမော် ကို မော့ကြည့်ကာ ...

"ဘာလုပ်ပေးရမှာလဲ ကိုထွန်းမော် .."

ဦးလေးမော် က တည်တည်ငြိမ်ငြိမ်နဲ့ပဲ ဦးကောင်းပြည့်ဇော် မျက်ဝန်းတွေကို သေချာစိုက်ကြည့်ကာ ...

"ကျုပ် သမီးရင်းလိုချစ်တဲ့ ရိုးမ ဆိုတဲ့ ကလေးမရှိရာကို ခင်ဗျားတို့ လင်မယားသွားပြီး တောင်းပန်ရမယ် .. ဘယ်လိုလဲ .."

ဦးကောင်းပြည့်ဇော် ကြက်သေ သေသွားပါသည်။

"ဒါ ခင်ဗျားအတွက် ကျုပ်ပေးလိုက်တဲ့ အခွင့်ရေးပဲ .. ကဲ ကျွန်တော်လဲ ကျွန်တော့်တူနဲ့ ဘာဆိုသွားရဦးမယ် .. ကိုညို .."

ဦးလေးမော် ထရပ်တော့ ကျွန်တော်ပါ ထရပ်မိပါသည်။ ဦးသီဟအောင် လဲ ကျွန်တော်တို့လိုပါပဲ ..။ ဦးကောင်းပြည့်ဇော် ကတော့ ခေါင်းငိုက်စိုက်လျက် ငုတ်တုတ်အနေအထား ..။

ဦးလေးမော် က အရင်ထွက်ပါသည်။ တံခါးနားအရောက် တံခါး ကိုဖွင့်မယ်ပြုတော့ ...

"ကိုထွန်းမော် .."

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမော် ကျောခိုင်းအနေအထားကနေ ပြီးလိုက်ပါသည်။ သေ...
ပြီလေ ...

"ကျွန်တော်တို့ လင်မယား ရိုမ ဆီ သွားပြီး တောင်းပန်လိုက်ပါမယ်
ကျေနပ်သည်အထိပေါ့ .."

ဒီလောက်ဆို ပွဲက ပြီးပြီလေ ..။ နောက်တော့ ဒီလို ရှင်...
အောင် ဦးလေးမော် သူလူတွေနဲ့ ဦးကောင်းပြည့်စော် ကို ဝါးမျှားသည်
မျှားခဲ့သည်တဲ့ ..။

သိပ်လဲ ကြံရည်ဖန်ရည်များတဲ့ ဦးလေးမော် ပါ ..။



ကလေးတွေကို စာသင်နေရာမှ အတန်းရှေ့ အပေါက်ဝမှာ
...ရပ်ဝဲ့လူကို လှမ်းကြည့်တော့ ...

"ဟယ် .. ကိုရဲ .. လာလေ .."

ကိုရဲ ဆိုတာ ကျိုက်ထို သစ္စာရှင် ပရဟိတ သွေးလှူရှင် အသင်း
... ဦးစီးဦးဆောင်ပြုတဲ့ တက်ကြွတဲ့လူငယ်တစ်ယောက်ပါ။

"သားတို့ ငြိမ်ငြိမ်နေကြနော် .. မဆူကြနဲ့ .. လာ .. ကိုရဲ"

သူမ က ကိုရဲ ကို ခရီးဦးကြိုပြုရင်း အတူထိုင်တော့ ...

"ကဲ ရိုးမရေ .. သွေးလိုပြီတဲ့ .."

"ဘာသွေးလဲ .. အို မိုင်းနတ်စ် တဲ့ .."

"ဟင် .. ရှားတဲ့သွေးကို .."

"အေးဟာ .. အဲဒါကြောင့် နင့်ဆီ လာရတာပေါ့ ..၊ ဒီသွေးက

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ မြို့မှာတောင် ရှာရမလွယ်တဲ့သွေးဟ ..."

"ဘယ်နှစ်လုံးတောင် လိုတာလဲ .."

"သုံးလုံးလောက်ဆိုရပါပြီ၊ သထုံက တစ်လုံးရတယ် ..၊ သွင်းနေ ပြီ ငါတို့ဆီမှာက နှင်နဲ့ဆို နှစ်ယောက် .. ကဲ လိုက်ခဲ့မယ်မဟုတ်လား"

"အင်း .. အင်း .. လိုက်ခဲ့မယ်လေ .. ကျောင်းလွှတ်ချိန်လဲ နီးပြီ ဆိုတော့ ခဏနော် .. ဆရာမကြီးသွားပြောပြီး အတန်းကိုတစ် ယောက် ယောက်နဲ့ အစားအပ်ထားလိုက်ဦးမယ် .."

"အေး .. အေး .. မြန်မြန်လေး .."

"ဟုတ်ကဲ့ပါ .."

ရှိုးမ ဆရာမကြီးကို ပြောပြပြီး သားခန်းက ဆရာမ ဒေါ်ခင်စန်းဆေ ကို အတန်းအပ်ခဲ့ပြီး ကိုရဲ အသင့်ပါလာတဲ့ ကားနဲ့ လိုက်ပါလာခဲ့ပါ သည်။ ကျိုက်ထို ဆေးရုံကို ရောက်တော့ သွေးလှူဘဏ်ကို တန်း သွားကာ သွေးလှူဖို့ ပြင်ဆင်တော့ ...

"ခဏ ... ငါ ပြန်လာခဲ့မယ် .."

ကျောင်းဝတ်စုံနဲ့ပဲ သူမ လိုက်ပါလာခဲ့တော့ ရင်းနှီးနေပြီဖြစ်တဲ့ နာစ့် နော်အေမီ က လှမ်းပြောသည်။

"ရှိုးမ ဆရာမကြီးက အခု ဘယ်မှာ တာဝန်ကျလဲ .."



"မော်လမြိုင် ဆေးရုံကြီးမှာ မမ .."

"အေးဟယ် .. ဆရာမကြီးကို သတိရပါတယ်လို့ ပြောလိုက်ပါ ဟယ် .."

သူမက ရယ်ပြီး ခေါင်းညိတ်ပြပါသည်။ ရှိုးမ ရဲ့ မေမေက အရင် က ဒီဆေးရုံမှာ တာဝန်ကျဖူးသည်လေ ...။

"အန်ကယ် .. ဒါ သွေးလှူမယ့် သွေးအလှူရှင် .."

"ကျေးဇူးပါပဲ သမီးရယ် .. ဟင် .. ရှိုးမ .."

သူမလဲ အံ့ဩသွားပါသည်။ လက်စသက်တော့ သွေးလှူရမယ့် သွေးအလှူရှင်က နေသစ် ဖေဖေတို့ ဖြစ်နေသည်တဲ့လေ ..။

"သမီးအန်တီ ဒီကိုလာရင်း ကားအက်ဆီးဒင့် ဖြစ်လို့ သမီး .."

"ဟုတ် .. ဟုတ်ကဲ့ အန်ကယ်၊ မမ နော်အေးမီ .."

"သွေးလှူလို့ရပြီ ရှိုးမ .. ခုတင်ပေါ် လှဲနေလိုက် .."

အနားယူချိန်လဲ လုံလုံလောက်လောက်ဖြစ်ပြီမို့ သူမဆီက သွေး ထုတ်ဖို့ ပြင်ဆင်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



❀

“သမီးကို တကယ် စေ့စပ်တင်သလို … သမီးကို အန်ကယ်နဲ့ အန်တီ ပြောခဲ့သမျှတွေကို ခွင့်လွှတ်ပါလို့ တကယ် ရင်ထဲမှာရှိတဲ့အတိုင်း တောင်းပန်မိတာပါ …”

“အို … မလိုပါဘူး အန်တီ … သမီးကို ဝဲကြီးအောင် မလုပ်ပါနဲ့ …”

နေသစ် မိခင်က စုတင်ထက်မှာမိရင်း မျက်ရည်အဝဲသားနဲ့လက်အုပ်ချီ တောင်းပန်မယ်ပြုတော့ ရိုးမ ကမန်းကတမ်း နေသစ်မိခင် လက်အစုံကိုကိုင်ကာ မနည်းပြောယူရပါသည်။

ဦးကောင်းပြည့်ဇော် ယခုမှ ရိုးမ ဆိုတဲ့ မိန်းကလေး ဘာကြောင့် လူချစ်လူခင်ပေါသလဲ အခုမှ နားလည်ရပါသည်။

“လူကြီးဖြစ်ပြီး မာန်မာနတွေကို ဦးထိပ်တင်ပြီး တွေဘူး မတော်ဘူးလို့ တလွဲမာန ထားခဲ့သမျှ သမီးရိုးမ အဖြူအမည် ကွဲကွဲပြားပြား



သိအောင် လမ်းမှန်ပြခဲ့တာပဲ …၊ ဦးထွန်းဇော် တောင်းပန်ခိုင်းတုန်းက အခွင့်ရေးဆိုတဲ့ ရပိုင်ခွင့်အတွက် အန်ကယ်တို့ သမီးကို တောင်းပန်ဖို့ လာခဲ့တာ အမှန်ပဲ …၊ အခုတော့ သမီးကို အန်ကယ်တို့ဘက်က ရန်သူလို သဘောထားခဲ့တာတောင် မေတ္တာမပျက် သွေးလှူပေးခဲ့တယ်လေ …၊ ဒီသွေး ဘယ်လောက်ရှားပါးလဲ မင်းအန်တီရော အန်ကယ်ရော သိတာပေါ့ …၊ ဒီသွေးကကိုက လှူရှင်သာလွယ်တာ ကိုပြန်လိုချင်ရင် ရှေထက်ရှားပါတယ်ဆိုတာ သမီးလဲ သဘောပေါက်ပါတယ် …”

ဦးကောင်းပြည့်ဇော် ဇနီးဖြစ်သူ ဒေါ် ချယ်ရီဖြူ ခွဲစိတ်ပြီးလို့ သတိပြန်ရတော့ ရိုးမ သွေးလှူတဲ့ကိစ္စကိုပြောပြတော့ တွေ့ချင်လှပါချည်ရဲ့ တတွတ်တွတ်ပြောနေတာကြောင့် သွေးလှူအသင်းက ကိုရဲ ကိုဆက်သွယ်ကာ ရိုးမ လိပ်စာကိုတောင်းယူပြီး အခုလို ဆေးရုံကို ခေါ်လာခြင်းဖြစ်ပါသည်။

ရိုးမ ကတော့ ထုံးစံအတိုင်း အေးဆေးငြိမ်းချမ်းတဲ့ အပြုံးနဲ့ အားလုံးကို ခွင့်လွှတ်နိုင်ခဲ့ပါတယ်။

“အန်တီ ရယ် … သမီး ဘယ်သူ့အပေါ်မှာမှ မေတ္တာမပျက်ပါဘူး။ ပြီးတော့ သမီး အမှန်အတိုင်းပြောပါမယ် နေသစ် ကို မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို သံယောဇဉ်တွယ်တာရုံကလွဲပြီး ဘယ်လို စိတ်ထား မှ ထားလို့မရဘူး အန်တီ ..."

ဒေါ်ချယ်ရီဖြူ အစုမှ နားလည်သဘောပေါက်လာပါသည်။ ပြီး အေးခြင်းအလှနဲ့ အေးအေးချမ်းချမ်းနဲ့ ဖူးပွင့်နေတဲ့ မိန်းကလေးကို အစုမှ ပိုပြီး အချစ်တိုးလာခဲ့ပါသည်။

"အန်တီ တကယ်ပြောတာပါ .. အခုကစပြီး သားနဲ့ သမီး မေတ္တာမျှနေလဲ အန်တီ ကြည်ဖြူပါတယ် .."

ရှိုးမ ဘာမှ ထပ်မရှင်းပြချင်တော့တာကြောင့် ပြုံးနေလိုက်ပါသည်။

"မာမီ .."

ဆေးရုံထဲ မပြေးရုံတမယ် ဝင်လာတဲ့ သားဖြစ်သူကြောင့် ဒေါ်ချယ်ရီဖြူ မျက်ရည်တွေနဲ့ ဆီးကြိုပါသည်။ နေသစ် တအံ့တသြ ဖြစ်မိသည်။ မမရှိုးမ က ဘာလို့ ဒီကို ရောက်နေတာလဲပေါ့ ..။

"အေးမင်းဆက် ပြောလို့ သိရတာ မာမီ ..၊ ဘယ်လိုဖြစ်ရတာ လဲ မာမီရယ် ကားအက်ဆီးဒင့်ဖြစ်တယ်ပဲ သား သိရတာ .."

ဦးကောင်းပြည့်ဖော် က ကားအက်ဆီးဒင့်ဖြစ်တဲ့အကြောင်း နောက်တစ်ခေါက် ရှင်းပြနေချိန် ရှိုးမ သူတို့မိသားစုကို အနှောင့်



အယှက်မပေးချင်တာကြောင့် အသာလေး လှည့်ထွက်ခဲ့ပုံသည်။

"ကံကောင်းတာပေါ့ မေမေရာ .. အဲဒီ သွေးလှူအသင်းကသာ ဒီသွေးကို ရအောင်မရှာနိုင်ခဲ့ရင် ပြဿနာပဲ .."

နေသစ် စကားကြောင့် ဒယ်ဒီက ...

"ဒီက ကိုရဲ တို့ သွေးလှူရှင် အသင်းနဲ့ သွေးလှူဒါန်းတဲ့ အလှူ ရှင်တွေ အထူးသဖြင့် မင်း မမ ရှိုးမပေါ့ သားရယ် .."

နေသစ် ဘာမှ မသိသေးတာကြောင့် မျက်မှောင်ကြုတ်ပြီး ..။

"မမ ရှိုးမ .."

ဦးကောင်းပြည့်ဖော် သဘောပြင်းရှာတာ ...

"ဟုတ်တယ်သား .. မင်း မမ ရှိုးမ ဆိုတဲ့ မိန်းကလေးရဲ့ ကျေး ဇူးကြောင့်ပေါ့ ..၊ ဒက်ဒီတို့က ရန်သူလို သဘောထားထားတောင် အဲဒီ ကလေးမက သဘောထားကြီးကြီးနဲ့ သူ့သွေးကို မင်း မေမေကို လှူ ပေးခဲ့သေးတယ် သား .."

"ဗျာ .."

နေသစ် တကယ်ပဲ အံ့ဩရပါသည်။ ပြီးတော့ မမရဲ့ စိတ် သဘောထားကို အံ့ဩရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုလာခဲ့တာ မင်း ဦးလေးမော် ကုမ္ပဏီက အကျိုးပိုင်ဆိုင်ခွင့် အတွက် ဒီကလေးမကို ရင်ထဲကမပါပဲ တောင်းပန်ရုံသက်သက်ပဲ သား ဒါပေမယ့် အခု ဒယ်ဒီတို့ တောင်းပန်ခဲ့တာ ရင်ထဲကလာတဲ့ ခံစားချက် အစစ်နဲ့ သားမာမီနဲ့ ဒယ်ဒီ တောင်းပန်ပြီးပါပြီ .."

"သား .."

နေသစ် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားပါသည်။ မာမီ ခေါ်သံကြောင့် ဝဲပြုံစ မျက်ရည်ကို ပုတ်ခပ်ရင်း ...

"ပြောပါ မာမီ .."

မာမီက သူ့လိုပဲ ကျေနပ်ပီတိမျက်ရည်တွေနဲ့ ပြုံးရင်း ...

"သမီး ရိုးမ ကျေနပ်ရင် မာမီ သားနဲ့ ရိုးမ ကို လက်ထပ်ပေးစား မယ် သား .."

"ဗျာ .. မာမီ .. တကယ် .."

ဒေါ်ချယ်ရီဖြူ ကျေကျေနပ်နပ်နဲ့ ခေါင်းညိတ်ပြမိပါသည်။



"မမ ဘယ်လိုပြောလိုက်တယ် .."

သူမဆီကို နေသစ် နောက်တစ်ခေါက် ထပ်ရောက်လာမယ်ဆို တာ ရိုးမ သိပြီးသားပါ ..။ အခုတော့ ပန်းခင်းတဲ့လမ်းဖြစ်နေပြီလေ..။

"အဟုတ်ပြောတာကွ .. မမရဲ့ ဆုံးဖြတ်ချက်က အရင်အတိုင်း ပြောင်းလဲပါဘူး .."

ရိုးမ အခုလိုပြောတော့ တဖွတ်ထိုးဆန့်တဲ့ ကောင်လေးက ပင်တွေကို စိတ်ရှုပ်ရှုပ်နဲ့ သပ်တင်ရင်း ...

"ကျစ် .. မဟုတ်သေးပါဘူး မမရာ ..၊ အခုဆို မာမီရော ဒက်ဒီပါ မှ မမ ဖြစ်နေတာ .."

ရိုးမ ခြံဝိုင်းထဲကကွပ်ပျစ်မှာ ထိုင်ရင်း ခပ်လှမ်းလှမ်းမှာ ရှေသို့ တဲ့ ညို့ ကို ကြည့်မိသည်။

www.burmeseclassic.com



“ကိုယ် ပြောပြီးပြီပဲကွာ – အရေးရော နောင်ရေးရော ဝင်ဆောင်
ထားတဲ့ မမရဲ့ သဘောထားက ပြောင်းလဲမှာလဲ ဘာလဲ နေသစ်
အချစ်ဆိုတဲ့ အကြောင်းအရာမှာ ငွေကြေးနဲ့ အဆင်မပြေမှုတွေက ရှ
တစ်ယောက်ရဲ့ ရင်ထဲကအချစ်ကို ပြောင်းလဲစေနိုင်တယ်လို့ ထ
ထင်နေလို့လား ..”

“မဟုတ်သေးပါဘူး မမရာ ..”

နေသစ် စိတ်လဲမှုတ်မိပါသည်။ အဆိုးဆုံး အခြေအနေက
အကောင်းဆုံးအခြေအနေကို ကူးပြောင်းလာမှ မမက ပြင်ဆင်
သည်ဆိုတော့ ပြီးတော့ ထူးထူးခြားခြား ပြောလာတဲ့ မမရဲ့ ချစ်ခြ
တရားအစီမှာယ်တွေ ...။

“မမ ရင်ထဲမှာ အချစ်ဆိုတာ ရှိတာပေါ့ ..”

ကစလားဆန်လွန်းတဲ့ မေးခွန်းဖြစ်ပေမယ့် ပါးစပ်က လွှတ်
လွှတ်သွားပါသည်။ မမက ဆတ်ခနဲ မြူကြည့်ပါသည်။

“ရှုပ်ကျွာ လူသားဆန်မှုအတွက် လူဖြစ်လာတတည်းက အချ
ဆိုတာကို ရင်ထဲထည့်ပေးပြီး မွေးဖွားလာကြတာလေ တကယ် ချစ်
ရင် ကိုယ့်ထဲ သိပ်ချစ်တတ်တာပေါ့ ..”

ကျွန်တော် မမကို ငေးကြည့်မိသည်။ တစ်ခုခုကို လွှမ်းဆွတ်သ



ပြောပုံလေးက ငေးကြည့်ချင်စရာ ..။ မမ အချစ်အကြောင်း ပြောနေ
ချိန်မှာ ပါးပြင်မှာ ရှက်သွေးကြောင့် ပန်းနုရောင်ယှက်သန်းနေပါသည်။

“ဘယ်သူ့ကိုလဲ .. မမ ..”

မမ က သူ့ကို ဖျတ်ခနဲ ကြည့်ပါသည်။

“မင်းက ဘယ်သူ ထင်လို့လဲ ..”

ပထမတော့ ခေါင်းခါပြမိပါသည်။ နောက်မှ သတိရကာ ...

“ကျွန်တော် ထင်တဲ့ သူရှိတယ် .. ဟုတ်တယ်မှတ်လား ..”

မမက ခပ်တိုးတိုးရယ်သည်။ ပြီးတော့ မျက်ဝန်းတွေက တောက်ပ
နေပါသည်။

“ထားလိုက်ပါကွာ ..”

ကျွန်တော် သက်ပြင်းချမိပါသည်။ မမက အဝေးကို ငေးရင်း ..။

“တစ်ခါတစ်လေကျတော့လဲ ‘ချစ်တယ်’ ဆိုတဲ့ စကားကို တစ်ဦး
ကတစ်ဦးကို ပြောစရာမလိုအောင် တစ်ယောက်နဲ့တစ်ယောက် သိနေ
ကြတယ်လေ ..”

မမ စကားကြောင့် ရင်ထဲမှာ နင့်ခနဲ ခံစားရပါသည်။ ဘယ်သူ့ထဲ
ဆိုတာ ပြောစရာမလိုအောင် ကျွန်တော်သိလိုက်ပါပြီ မမရာ ..။

www.burmeseclassic.com

www.burmeseclassic.com



✻❀✻

"ဟေး .. ကိုညို .."

ဘတ်ရှေ့မှာ ကားရပ်ရင်း တစ်ယောက်ယောက်ခေါ်သံကြောင့် လှည့်ကြည့်တော့ သီရိ ဖြစ်နေပါတယ် ..။ သီရိ ဆိုတာ သုသု ရဲ့ အပေါင်းအသင်းလေ ..။

"ဘယ်လာတာလဲ သီရိ .."

ကျွန်တော့် စကားကြောင့် သီရိ က ရယ်ပြီ ...

"သူဌေးတွေလိုတော့ ငွေအများကြီး ဘဏ်မှာမထားနိုင်ဘူးလေ၊ ရှိစုမဲ့စုလေး ဘဏ်က လာထုတ်တယ် ဆိုပါတော့ .."

"ဟာဗျာ .. သီရိ ကတော့ လုပ်ပြီ .."

သီရိ က ရယ်ပြီ ...

"ကဲပါ .. ကိုညို နဲ့ တွေ့တုန်းစကားလေး ဘာလေးပြောရအောင် အချိန်ရောရရဲ့လား .."



သီရိ စကားကြောင့် ကျွန်တော်က အားနာတာကြောင့် ...

"ရပါတယ် .."

"လာ .. ကိုညို .. ဒီအနီးဆုံးဆိုင်မှာပဲ စကားပြောရအောင် .."

သီရိ က ဦးဆောင်ပြီး ဘဏ်နဲ့ သုံးလေးတိုက်အကျော်က Snack & Bar ဆိုင်လေးထဲကို ဝင်သွားပါတယ်။ မှာစရာရှိတာတွေ မှာပြီးတဲ့အချိန်မှာတော့ ...

"မမရိုးမ တောင် နေသစ် တို့ အိမ်မှာ တွေ့လိုက်သေးတယ်.."

ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် ကျွန်တော် တကယ်ကို အံ့ဩမိသွားပါသည်။

"ဘယ်လို .. ဘယ်လို .. သီရိ .."

သီရိ ကတော့ အမှတ်တမဲ့ ပုံစံပါပဲ ..၊

"ကိုညို ရယ် .. မြန်မာစကား မြန်မာလိုပြောတာ ရှင်းရှင်းလေးပါ၊ ဘယ်လိုလဲ မသိပါဘူး နေသစ် မေမေကအစ သမီး .. သမီးနဲ့ သုသု တောင် အဲဒါတွေ မြင်ပြီး ခံပြင်းလွန်းလို့တယ်လေ .."

ကျွန်တော် ငူငိုင်ငိုင်ဖြစ်သွားပုံကြောင့် သီရိ က စူးစမ်းဟန်နဲ့ ..။

"ဟင် .. ကိုညို ဒါတွေ မသိသေးဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ပျက်အားလျော့စွာ ခေါင်းခါပြတော့ သီရိ က ရယ်ပြီး ...

"ဘာလဲ ကိုညို လဲ မမရီးမ ကို ကြိုက်နေတာထင်တယ် .."

"ဟာ .. ဒီကောင်မလေး .."

ကျွန်တော် ငြင်းလိုက်ပေမယ့် ရင်ထဲမှာ မြတ်နိုးတဲ့စိတ်က အမိုင်အမာရှိပြီးသားပါ ..။

"မမရီးမ က ကံကောင်းတယ်နော် ကိုညို .."

"ဘာကိုလဲ .. သီရိ .."

သီရိ က သူငယ်ချင်းအတွက်နဲ့ ရိုးမ အပေါ် စိတ်နာဟန်ရှိပုံရသည်။

"ဩြော် .. လူရှုပ်လူစရိုက်ပေါ်ပါတာကို ပြောပါတယ် .. သေချာ ကြည့်ကြည့်ရင် သူလို ဖုံလို မိန်းမဓာတ်ယောက်ပါပဲ၊ ဘာတွေ စိတ်ဝင်စားစရာကောင်းလို့လဲ .. နော် .. ကိုညို .."

သူ့ဘက်ကိုပါ သီရိ က စကားဆောင်းလိုက်ပါသေးသည်။

"စိတ်ဝင်စားစရာ အကောင်းဆုံးက သူ့စိတ်ဓာတ်ပဲ သီရိ .."

"ရှင် .. ဘယ်လို .."

"သူ့ စိတ်ဓာတ်က ပန်းတွေလို နူးညံ့တယ် .. တောအုပ်လို စိမ်းလန်းတယ်၊ သူ့တစ်ယောက်တည်းနဲ့ အရာအားလုံးကို အရွေ့ဓာတ်



ပေးတယ်လေ ..၊ အဓိကကတော့ အေးမြငြိမ်းချမ်းခြင်းပေါ့ .."

ကျွန်တော့် စကားကြောင့် သီရိ က အံ့ဩတကြီးကြည့်နေရာမှ သဘောကျစရာကောင်းတာတစ်ခုကို ရှာတွေ့ရက်တွေ့သလို ရယ်ချလိုက်ပါသည်။

"ဩော် .. နောက်ဆုံးတော့ ကိုညို ကလဲ သူ့ပရိသတ်ကို .."

"မဟုတ်ဘူး .. သီရိ .."

ကျွန်တော့် စကားကြောင့် သီရိ ရယ်မောနေရာက ရပ်တန့်သွားပါသည်။

"ကျွန်တော်က .."

သီရိ မျက်နှာတွေ့မှာလေးရာမှ ပြေလျော့သွားသည်။

"သူ့ကို နေမျောက်မဆိုနိုင်တဲ့ တောအုပ်ကလေးတစ်ခုကို မြင်ချင်နေတဲ့သူပါ သီရိ .."

သက်ပြင်းရှည်ကြီးချပါသည်။ ဘယ်သူ့ဆီကလဲလို့ မပြောချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



“နှင်တို့ ဟာကလဲဟာ ..”

ဦးလေးမော် စိတ်ညစ်ညစ်နဲ့ပြောတော့ ရှီးမ က ...

“ဒီကိစ္စ ကိုညို ကို ပေးမသိနဲ့ဦးနော် .. ဦးလေးမော် ..”

“ဘာဖြစ်လို့လဲ ..”

“ဘာဖြစ်လို့လဲတော့ မသိဘူး ဦးလေးမော် ...၊ ဒါပေမယ့် ကိုညို ကို မသိစေချင်တာတော့ အမှန်ပဲ ..”

ဦးလေးမော် ခေါင်းတချင်းချင်းကုတ်ရင်း ...

“ရှုပ်နေတာပဲဟာ ..”

ဦးလေးမော် ကို ရှီးမ တိုးတိုးတိတ်တိတ် ဖုန်းဆက်ခေါ်ခြင်းဖြစ်ပါသည်။ ဒီရောက်တော့ ရှီးမ က ဦးကောင်းပြည့်ဖော် မိသားစုနဲ့ ပတ်သက်ခဲ့ပုံတွေကို ရှင်းပြပါသည်။



“အခု ဒါဆို ညည်းက ဆရာမ .. မဟုတ်တော့ဖြစ်ဘူးပေါ့ ..”

ဦးလေးမော် စိတ်ပေါက်ပေါက်နဲ့ ပြောပုံကြောင့် ရှီးမ က ရယ်ပါသည်။

“အင်း .. ဆိုပါတော့၊ ဦးလေးမော် ကို သမီးပြောသားပဲ .. ဟိုမှာ လုပ်အားပေး ဆရာမအဖြစ် ကူတာပါဆို ..”

ရှီးမ ရဲ့ ပြောပုံဆိုပုံကြောင့် ဦးလေးမော် က ရယ်သည်။ ရှီးမ နဲ့ ဦးလေးမော် ဆက်ဆံပုံက တစ်ခါတစ်ရံ သူငယ်ချင်းလို တစ်ခါတစ်ခါတော့လဲ အဖေနဲ့ သမီးလိုပါပဲ ...။

“အခုဟာက ..”

“သမီး ပြောပြီးသားပဲ ဦးလေးမော် ရယ် NGO တစ်ခုမှာ လျှောက်ထားတယ်ဆိုတာလေ ..”

“အခု အလုပ်ရပြီပေါ့ .. NGO ပဲလား INGO လား ..”

“INGO ဆိုပါတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့အစည်းတစ်ခုဆိုပါတော့ ..”

“ပြောပါဦး ..”

“ရုံးချုပ်က မြေနီကုန်းနားမှာလေ .. အခုဟာက သင်တန်းတက်နေရတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"နေတော့ .."

"ဟိုတယ်မှာပေါ့ .."

"သူတို့ပဲ စီစဉ်ပေးတာပေါ့ .."

ရှီးမ ခေါင်းညိတ်ပြမိပါသည်။

"ဘာဖြစ်လို့ ဒီကိစ္စတွေကို ကိုညို ကို မသိစေချင်တာလဲ .."

ရှီးမ မျက်နှာလေးညှိုးလျော့သွားပါသည်။

"ဒီအချိန်မှာ ကိုညို ကို ဘာအရှုပ်အထွေးမှ မပေးချင်သေးဘူးလေ၊ သိသွားတော့ စိုးရိမ်စိတ်ဝင်မှာပေါ့ ဦးလေးမော် ရယ် အခုဟာက ကာအောက်ဆီးဒ်ဖြစ်ပြီးကတည်းက နေသစ် မေမေက ရှီးမ ကို .."

"ဖုံးဖုံးဖိထားတယ်ဆိုပါတော့ ညည်းအဓိပ္ပာယ်ကောက်နေဦးမယ် နော် .."

"ဦးလေးမော် တတော့ လုပ်ပြီ .."

"ဟဲ့ .. သူ့သားနဲ့ သဘောမတူခင်ကတော့ ညည်းကို မတွေ့ဘူး မတန်ဘူးလေးနဲ့ ငါက ကြားကတောင် အမုန်းခံပြီး ပြောပေးရသေးတယ်၊ အခုတော့ တောက် .. ငါကိုက မှားတာ .."

"သမီး ဦးလေးမော် စေတနာကို နားလည်ပါတယ် .."



"အေး ငါ နားလည်တာ ပေါ့ထား၊ ညည်း .. ကိုညိုနဲ့ တွေ့လိုက်ဦး၊ ဒီကောင်လေးလဲ ဒီရက်ပိုင်း ဘာဖြစ်မှန်းကို မသိဘူး .."

ဦးလေးမော် စကားကြောင့် ရှီးမ စိုးရိမ်ပူပန်သွားပါသည်။

"ဟင် .. ကိုညို ဘာဖြစ်လို့လဲ ဦးလေးမော် .."

"မသိပါဘူးဟာ .. တငုငုတငိုင်ငိုင်နဲ့ ဟိုစာတစ်တော်ထဲက မပေါ့ သျှနေတာပဲဟာ .. မေးတော့လဲ မပြောဘူး .."

ကိုညို အတွက် သူမ စိုးရိမ်ပူပန်မိတာ အမှန်ပါ။ သူမအတွက် အမြဲစိုးရိမ်ပူပန်တတ်တဲ့သူ ..။ နောက်ပြီး ကိုယ့်ကြောင့် တစ်ဖက်သား သိနိုက်သွားမှာကို စိုးပြီး ရင်ထဲက ချစ်ခြင်းမေတ္တာကို သိမ်းဝှက်ထားခဲ့တဲ့ ချစ်သူကို သူမ မစိုးရိမ်ပဲနဲ့ တယ်နေမှာမလဲ ..။ ဒါပေမယ့် သူမ စိတ်ထဲက အနာဂတ်တွေ ရှိနေသေးတယ် ကိုညို ရယ် ..။ အခုတော့ ခွင့်လွှတ်ပါနော် ကိုညို ..။

❤ ❤ ❤

www.burmeseclassic.com



✻❀✻

"မမ .. ဘယ်သွားမလို့လဲ .."

ဒီနေ့ ရုံးပိတ်ရက်ရှိ သင်တန်းကလဲ အားနေတာကြောင့် ကိုညီ ကို ဖုန်းဆက်ပြီး တစ်နေရာရာမှာ ဆုံဖို့ ချိန်းခဲ့ပါသည်။ ဖြစ်ချင်တော့ ဟိုတယ်က မထွက်ခင်မှာ နေသစ် က ဟိုတယ်ရှေ့မှာ စောင့်နေတာနဲ့ ကြုံပါတော့သည်။

"ဒို့ အလုပ်ကိစ္စ တစ်ခုရှိတယ် နေသစ် .."

ဖြတ်ဖြတ်သားသားပြောမှ ရမယ်ဆိုတာ သိတာကြောင့် ရှိုး ဝပ်မဝမရဲ့ ပြောတော့ နေသစ် က ..။

"ကျွန်တော် လိုက်ပို့ပေးမယ် မမ .."

"လိုက်မပို့နဲ့ နေသစ် မမ ကိုယ့်ဘာသာကိုယ်ပဲသွားမယ် .."

"ဟင့်အင်း ကျွန်တော် လိုက်ပို့ပေးမယ် .."



တဖွတ်ထိုးဆန်လှတဲ့ အပြုအမူကြောင့် ရှိုးမ စိတ်ပျက်လက် ပျက်နဲ့ ...

"တို့ ကိစ္စရှိတယ်လို့ ပြောပြီးပြီနော် နေသစ် .."

နေသစ် ကလဲ ခေါင်းမာသည်။

"ဘာတွေ အရေးတကြီး ကိစ္စရှိနေလို့လဲ မမ .."

သူ့မ ပြတ်ပြတ်သားသားပြောမှ ဖြစ်တော့မယ်ဆိုတာကို သိတာ ကြောင့် အစလို ...

"တို့ လူတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတယ် ..."

နေသစ် မျက်နှာထားတင်းမာသွားပါသည်။

"ကိုညီ နဲ့လား .."

သူ့မ အားတင်းပြီး ...

"ဟုတ်တယ် .."

"ဒါဆို ကျွန်တော်လိုက်ပို့မယ် မမ မငြင်းနဲ့နော် .."

ထပ်ပြောလဲ ဘာမှ ထူးမှာမဟုတ်တာကြောင့် ခေါင်းညိတ်ပြ တော့ နေသစ် က ကားတံခါးဖွင့်ပေးပြီး ...

"တက် .. မမ .."

www.burmeseclassic.com

www.burmeseclassic.com



ရိုးမ ဘာမှပြောမနေတော့ပဲ အသင့်ဖွင့်ထားတဲ့ ကားတံခါးမှ တဆင့် အထဲမှာဝင်ထိုင်လိုက်ပါသည်။ နေသစ် က မောင်းသူနေရာ က ဝင်ထိုင်ပြီး ကားမောင်းထွက်ရင် ...

"မေမေကတောင် ဒီနေ့ မမ ကို အိမ်မှာ ထမင်းစားဖို့ ပြောခိုင်း လိုက်တယ် .."

"ရပါတယ်ကွာ .. ဒီနေ့တော့ မမ မစားတော့ဘူး .."

ကားက အရှိန်မြန်သလို ခံစားရတာကြောင့် ...၊

"ဖြည်းဖြည်းမောင်း နေသစ် .. မင်းမောင်းတာ အရှိန်များလွန်း တယ် .."

နေသစ် က ရှေ့ကိုပဲ ကြည့်နေပါသည်။

"မမ တကယ်ပဲ ကိုညို ကို လက်ခံခဲ့တာလား .."

"ဆိုပါတော့ .."

နေသစ် ဆီက ဘာသံမှ ပြန်မထွက်လာ ..။ ကားက ပိုပြီး အရှိန် မြန်လာတာကြောင့် ...

"နေသစ် မင်း အရှိန်လျှော့သင့်ပြီ ထင်တယ် .."

"အရှိန် .."



ခပ်သဲ့သဲ့အသံကို ကြားရပါသည်။ ရိုးမ ထိတ်ခနဲ ဖြစ်သွားကာ နေသစ် ကို ဘေးတိုက်ကြည့်မိတော့ နေသစ် ခပ်ရေးရေးပြုံးလိုက် သည် ထင်သည်။

"ကျွန်တော့် ရင်ထဲက အချစ်တွေကြတော့ ဘာလို့ [illegible] လို့မရတာလဲ မမ .."

သူမ ဒေါသထွက်မိပါသည်။

"မင်း ဒီစကားတွေ ပြောပြန်ပြီလား နေသစ် ..၊ ဘာလဲ ငါ ခွင့် လွှတ်တာကို မင်းက ပျော့ညံ့တဲ့မိန်းမလို့ ထင်ချင်တာလား နေသစ် .."

"မထင်ပါဘူး မမရယ် .. ဒါပေမယ့် မမ စိတ်ထားနူးညံ့တတ် တာ၊ တစ်ဖက်သားကို ခွင့်လွှတ်တတ်တာ ကျွန်တော် သိနေတယ် လေ၊ အဲဒါကြောင့် .."

သူမ မျက်လုံးဝိုင်းသွားပါသည်။

"အိမ်မှာ စာရေးခဲ့တယ် .. မမကို ကျွန်တော် ခိုးပြေးသွားပြီလို့ .."

"ဘာ .."

ကျွန်မ အလန့်တကြားအော်ရင်း ကားတံခါးကို ဖွင့်တော့ ကား တံခါးက မပွင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



"မမ အဲဒီတံခါးကို ဘယ်တော့မှ ဖွင့်လို့ရမှာ မဟုတ်ဘူး မမ စိတ်ချ .."

နေသစ် ရဲ့ မထီမဲ့မြင် စကားတစ်ခွန်းကြောင့် ရိုးမ မျက်နှာထား တင်းသွားပါသည်။

"မင်း လုပ်ကြည့်လိုက်လေ .. ဒီလိုလုပ်လို့ ငါ့အချစ်ကို ရမလား ငါ ခန္ဓာကိုရမလား လုပ်ကြည့်လိုက်ပေါ့ ..၊ အေး .. ငါ့ ခန္ဓာကိုယ် တော့ရမယ်၊ ဒါပေမယ့် အသက်တော့ပါမှာ မဟုတ်ဘူး .."

ပြောလဲပြော ရိုးမ သူ့ခေါင်းနဲ့ ကားမှန်ကို ဆောင့်တော့ နေသစ် အထိတ်ထိတ်အပျာပျာဖြစ်ကာ ကားစတီရင်းတိုင်ကို ဂရုမပြုအားပဲ ..။

"မမ .. မလုပ်နဲ့ မမ .. ဟာ .."

ကားက ဦးတည်ရာမရှိပဲ မျက်နှာချင်းဆိုင် ကားရှိရာ လမ်းမကို ကူးပြောင်းသွားတော့ နေသစ် ကမန်းကတမ်း ကားကို ထိန်းလိုက်ပေး မယ့် ..၊

"ဟာ!..."



အရာရာပြီးဆုံးသွားပြီတဲ့လား ချစ်သော ရိုးမ ရေ ..။ ငါ ရင်အုံ တစ်ခုလုံး မင်းပေးတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ နာကျင်ခဲ့ရပါပြီ။ နေ ပျောက်မတိုးတဲ့ တောအုပ်ကလေးကို ချစ်မိတဲ့ ငါဟာ ရုတ်တရက် တောအုပ်တစ်ခုလုံး ခုတ်ထွင်းခံရလို့ တောင်ကတုံးဖြစ်သွားတဲ့ အဖြစ် လိုပါပဲ ချစ်သူရယ် ..၊

မင်းရဲ့ ချစ်ခြင်းမေတ္တာကို ငါလေးစားပါတယ်။ မင်းရဲ့ ချစ်ခြင်း သိက္ခာကို ငါ တန်ဖိုးထားပါတယ်။ တောအုပ်လို စိမ်းစိုတဲ့ မင်းရဲ့ အလေးထားမှုတွေ တောနက်လို့ ညို့မှောင်တဲ့ မင်းရဲ့ နက်ရှိုင်းမှုတွေ ငါရှာဖွေလို့ မတွေ့နိုင်ပါဘူး ရိုးမ ..။

ငါ့လိုပဲ မင်းကို တစ်ချို့တလေကတော့ တမ်းတနေမှာပါ ရိုးမ..။ ငါကတော့ ကျေနပ်တယ် မိန်းကလေးရေ မင်းတန်ဖိုးကို မင်းသိက္ခာ ကို အစွမ်းကုန် ဖွင့်ဟပြသလိုက်တာပါလို့ ငါ ယုံကြည်နေတယ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုညို ..."

ချိုင်းထောက်ကို အားပြုရင် သူ့အနားကို လျှောက်လာတဲ့ ချာတိတ်ကို သူ မြင်ပေမယ့် သူ ခရီးဦးကြိုမပြုမိ ..။ မင်းကြောင့် ငါ အစွန်းရောက်နေပြီလို့ ပြောချင်ပြောကြပါစေ ရီးမ ..၊

"ကျွန်တော်ကို ခွင့်လွှတ်ပါလို့ မပြောချင်ဘူး ကိုညို .."

"အဲဒါဆို မင်း ငါဆီ ဘာလို့လာတာလဲ နေသစ် .."

ကျွန်တော့်အသံက ဘယ်လိုပဲထိန်းထိန်း ဒေါသအသံပါနေမှာပါ ..။

"အရုဖြစ်ပျက်တဲ့ ကိစ္စမှန်သမျှ ကျွန်တော်နဲ့ပဲ ဆိုင်ပါတယ် အစ်ကို .."

"ငါ ယုံပါတယ် .."

ကျွန်တော့် ရင်ထဲမှာ မုန်တိုင်းလို ဖွေနေမှန်း ဒီချာတိတ် သိမှာပါ။

"တကယ်တော့ .. ကိုညိုကို .. မမ သိပ်ချစ်ခဲ့တာပါ .."

ဒီတစ်ခါတော့ ကျွန်တော် နှုတ်ဆွံ့အသွားပါသည်။

"ကျွန်တော်ရဲ့ တဖွတ်ထိုးဆန်တဲ့ အမှားတွေပါ .. မမ ရှိခဲ့ရင်"

"မင်း မပြောနဲ့တော့ .."

ရုတ်တရက် ကျွန်တော် ချာတိတ်ဘက်လှည့်ပြီး ဒေါသတကြီး ပြောခဲ့မိပါသည်။ နောက်ပြီး ...



သူ့ကို ချစ်တာတောင် ငါ ဖွင့်မပြောရဲတဲ့အထိ ငါ ရိုးရိုးသားသားချစ်ခဲ့တာပါ၊ တစ်ခါတစ်လေကျတော့လဲ မင်းကို အားကျမိတယ် နေသစ်"

ကျွန်တော်ရဲ့ မေးရိုးတွေ အံကြိတ်ပါများလို့ တင်းမာခက်ထန်နေပါသည်။ ကျွန်တော် လှောင်ရယ် ရယ်လိုက်မိသည် ထင်ပါသည်။

"ငါ မင်းလိုသာ စိတ်နဲ့ ရီးမ ကို ဖွင့်ပြောမိရင် အကောင်းသားလို့ အခုတော့ မင်းလို စိတ်ဓာတ်ခဏလေးဖြစ်ခဲ့မိတာကို ငါ ရှုံ့မိတယ် နေသစ် ..၊ မင်းသွားပါတော့ကွာ ငါ့ဘာသာ တစ်ယောက်ထဲ အေးအေးဆေးဆေး လွမ်းပါရစေ ..၊ မင်းရှိနေရင် ငါ့အလွမ်းတွေ ညစ်နွမ်းသွားမှာ စိုးတယ် နေသစ် .."

ကျွန်တော်ရဲ့ နောက်ဆုံးစကားကြောင့် ကောင်လေးခေါင်းငိုက်စိုက်ကျသွားပါသည်။ ငါ့ကို ခွင့်လွှတ်ပါ ချစ်တဲ့ တောအုပ်လေးရယ် ငါ မခံနိုင်လို့ပါဟာ ..။ ရေပြင်ပေါ် တဖွဲဖွဲကျစ မိုးစက်တွေကိုကြည့်ရင်း ကျွန်တော် အဲဒီနေရာမှာ မလှုပ်မယှက်ပါ။ ချာတိတ်ကတော့ ထော့နင်းထော့နင်းနဲ့ အဝေးကို ထွက်ခွာသွားပါပြီ ..။

အလွမ်းဆိုတာ မအေးချမ်းပါလား ရီးမ ရယ် ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သီရိ စကားကို ယုံလိုက်တာကို ညို့ ရာ .. ကျွန်"

ဦးလေးမော် က စိတ်မသက်မသာနဲ့ ပြောပါသည်။ အေးမင်းဆက် ရုံးရောက်လာပြီး ဒီကိစ္စကို အစဖော်တော့မှ ဦးလေးမော် က ကျွန်တော့် ကို အပြစ်တင်တော့သည်။

"ဟုတ်တယ် ကိုညို့ .. မရိုးမ က စိတ်ပြတ်တယ်တကယ်၊ သူ ကို သေနေတဲ့ ခန္ဓာကိုယ်ပဲရမယ်ဆိုပြီး ကားဘေးမှန်ကို ခေါင်း ဆောင့်တော့ နေသစ် ဘာမှမခံနိုင်တော့ဘူးလေ ..၊ ကံကောင်းလို့ ကားက တစ်ဖက်ယာဉ်ကျောထဲဝင်ပြီး လမ်းဘေးက မြောင်းထဲ ရ သွားလို့ သစ်ပင်နဲ့ ဝင်ဆောင့်လို့ကတော့ ပွဲကသိမ်းပြီ .."

ကျွန်တော် ကြားပြီးသားစကားတွေကို ပြန်ကြားနေရပါသည်။

"ကျွန်တော်လဲဗျာ စိတ်ပေါက်ပေါက်နဲ့ နေသစ် ကို ပြောလိုက် ဆိုလိုက်မိတယ် .."



ကျွန်တော့် စကားကြောင့် အေးမင်းဆက် က ရယ်ပြီး ...

"ကောင်းတယ် အစ်ကို .. နောင်နောင် တို့ သီရိတို့ သုသု တို့လဲ အစ်ကို အဲလို ပြောလိုက်တာကို ကျေနပ်နေတာ ..၊ အခုဆို သုသု နဲ့ ဒီကောင်နဲ့လဲ အိုကေသွားပြီလေ .."

ကျွန်တော် အေးမင်းဆက် စကားကြောင့် အံ့သြသွားကာ ...

"ဟင် .. သုသု က လက်ခံတာပဲလား .."

ကျွန်တော်ရဲ့ စကားကြောင့် ဦးလေးမော် ရော အေးမင်းဆက် ရော ရယ်ကုန်ကြပါသည်။ အေးမင်းဆက် က သူ့ရင်အုံကို ပုတ်ပြကာ ...

"သုသု က ချစ်နေရတဲ့သူလေ သဘောထားကြီးပေးတာပေါ့၊ အခုဟာက လွှန်လွှန်ကျူးကျူး ဖြစ်ကြတာမှ မဟုတ်တာ .."

"မင်း ဘာလို့ ရိုးမ နဲ့ မတွေ့လိုက်တာလဲ .. ညို့ ရယ် .."

"ကျွန်တော်လဲ ကြားကြားချင်း သွားတွေ့တာပဲ ..၊ ဆေးရုံမှာ ဟိုကောင်လေးပဲ ရှိတယ်၊ ရိုးမ က ဘာမှ မဖြစ်ဘူးလေ ..၊ ပြန်ပြီလေ ကျွန်တော် ဟိုတယ်ရောက်တော့ ရိုးမ တို့ ထွက်သွားပြီးတဲ့ ..."

"ဘယ်ကိုလဲ .."

ကျွန်တော် စိတ်ပျက်ပျက်နဲ့ ပြောမိပါသည်။

"သူက အင်းလေးမှာ တာဝန်ကျတယ်တဲ့ .. အင်းလေးကန်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းစောင့်ရှောက်ရေးဆိုလားပဲ .."

"ကောင်းကွာ .."

ဦးလေးမော် စကားကြောင့် အေးမင်းဆက် က ကြောင်တောင်တောင်နဲ့ ..။

"ဘာကိုလဲ .. ဦးလေးမော် .."

"တို့ ကုမ္ပဏီကတော့ အင်းလေးကန်အနီးမှာ ရုံးထိုင်ရတော့ မယ် ထင်တယ် .."

"ဟာဗျာ..."

ကျွန်တော် ရှက်ရှက်နဲ့ ပြောတော့ အေးမင်းဆက် က ...

"ဟာဗျာတွေ လုပ်နေချိန်လုပ်ရမယ့် အချိန်မဟုတ်ဘူး အစ်ကို၊ အစ်ကို အင်းလေးကန်ထဲကို အမြဲခုန်ဆင်းတော့ ..၊ ပြီးရင် မမရိုးမ အတွက် ဒိုက်တွေ အမှိုက်တွေ ပိုးသတ်ဆေးတွေရှင်း ..၊ ဒီထက် တတ်နိုင်ရင် ရေဝင်ရေထွက် ကောင်းအောင်လုပ်၊ ကန်ကြီးပိုကျယ် လာအောင် ပေါက်တူးနဲ့တူး ဟား .. ဟား .. ဟား .."

အေးမင်းဆက် က ပြောလဲပြော သူ့ စကားသူ သဘောကျစွာ ရယ်ပါတော့သည်။



"ကျုပ်အထင်တော့ အင်းတိမ် လို့ခေါ်တာပေါ့ ..၊ ဟိုး .. အင်းလေးကန် အရှေ့ဘက် ရွာအနီးချောင်းမှ တဆင့် နီညိုရောင်ရေစီး ကြောင်းတွေ စတင်စီးဝင်လာတယ် ..၊ အင်း .. ဆယ့်ခြောက်နှစ် ဆယ့်ခုနှစ်နှစ်လောက်ရှိပြီ ဆိုပါတော့ .."

"အဲဒီ အကျိုးဆက်က အခုလို ဖြစ်လာတာပေါ့နော် .. အဘ.."

ရိုးမ က ကန်ရေပြင် အခြေအနေစောင့်ကြည့်ရေးအဖွဲ့နဲ့ အတူ လိုက်လာရင်း လှေဆိပ်မှာ အင်းသားကြီးတစ်ယောက်နဲ့ စကား လက်ဆုံ ကျမိပါသည်။ အနောက်တိုင်းသူတစ်အုပ်ကို ဦးဆောင်လာတဲ့ စကား ပြန် မိန်းကလေးက သူမနဲ့ အင်းသားကြီးပြောတဲ့ စကားတွေကို ဘာသာပြန်ပေးပါတယ်။ နိုင်ငံခြားသားဧည့်သည်တွေကလဲ 'စိတ်ဝင် တစား'ရှိလှပါသည်။

"အေးပေါ့ သမီးရယ် .. အဲဒီ နီညိုရောင် ခပ်ပျစ်ပျစ် အရည်

www.burmeseclassic.com

www.burmeseclassic.com



တွေက အင်းတိမ်ကနေ ဟဲယာရွာမအထိ တစ်နှစ်ပတ်လုံး ရေရှေ
နောက်ကျိုလာတာပေါ့ ..”

ရိုးမ လဲ ဖတ်ဖူးပါသည်။ ရုံးကပေးတဲ့ စာအုပ်စာတမ်းတစ်ခု
ဆရာတင်အောင်ကျော် ရေးတဲ့ 'အရောင်ပြောင်းလာသော အင်းလေး
ဆိုတဲ့ စာအုပ်မှာလေ ..။

အင်းသားကြီးက ဆက်ရှင်းပြပါသည်။

“နွေဆိုရင် အဲဒီ နီညိုရောင် ရေစီးကြောင်းကြီး အင်းတိမ်ချောင်း
ထဲကနေ အင်းထဲကို စီးဝင်လာနေတာ သိသိသာသာပဲကွယ် ..”

အင်းရေ မညစ်နွမ်းအောင် သတိပေးဆိုင်းဘုတ်တွေ စိုက်ထူ
ချိတ်နေတဲ့ သူတို့ အဖွဲ့အစည်းရဲ့ စက်တပ်လှေတွေကို မလှမ်းမကမ်း
မှာ တွေ့နေရပါသည်။ စကားပြန်မိန်းကလေးက သူမကို ရည်ရွယ်
ပြီး ...

“အင်းလေးကန် တိမ်ကောလာတယ်ဆိုတာ ဘယ်ကစပြီး သိ
လာတာလဲတဲ့ အစ်မ .. သူတို့က သိချင်နေတယ် ..”

သူမ ရှင်းပြခဲ့မိပါသည်။

“၁၉၉၆ ခုနှစ်က စပြီး သိသာလာခဲ့တာပေါ့ ညီမ ..”

ကောင်မလေးက လှည့်ပြီး ဘာသာပြန်ပေးပါသည်။

“အဲဒီကစပြီး တစ်နှစ်ထက်တစ်နှစ် တိမ်ကောလာခဲ့တာပေါ့
ဆယ်စုနှစ်တစ်ခုအကြာမှာတော့ အင်းလေးကန် ရေအနက်က သုံး



ကျော်ခန့် ထပ်မံကျဆင်းသွားတယ်လေ ..”

သူမ စကားကို ဘာသာပြန်ပေးပြန်ပါသည်။

“အခုဆို နွေရာသီမှာ တောင်ခြေနဲ့ နီးကပ်တဲ့ ရွာတွေဟာ တစ်
နှစ်ထက်တစ်နှစ် လှေလှော်ဖို့တောင် ခက်နေကြပြီပေါ့ ..၊ အင်း ..
၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှာတော့ ၄ ရာခိုင်နှုန်းခန့် လျော့နည်း
ကျဆင်းသွားတယ်လို့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)က ထုတ်
ပြန်ခဲ့တယ် ..”

“အဓိက,က ဘာလို့ အစ်မ ထင်လဲရှင့် ..”

သူမ ပြုံးမိကာ ...

“အခုမှ အင်တာဗျူးနဲ့ လာတိုးနေပြီနဲ့ တူတယ် ..”

ကျွန်မ စကားကြောင့် ကောင်မလေးက ရယ်သည်။ နိုင်ငံခြား
သူ တစ်ယောက်က ဘာလို့ ရယ်တာလဲလို့ မေးခွန်းထုတ်တော့ စကား
ပြန် မိန်းကလေးက ပြန်ဖြေတဲ့အခါ အားလုံးက သဘောကျပြီး ဝိုင်း
ရယ်ကြပါသည်။

“မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု
အမွေအနှစ်ဒေသအဖြစ် ရွေးချယ်သတ်မှတ်ထားခြင်းခံထားရတဲ့
အင်းလေးကန်ပ-၁ ရေပေါ်ကျေးရွာ ၁၆၃ ရွာ ကမ်းစပ် (ရေ/ကုန်း)
ကျေးရွာ ၁၄၈ ရွာ၊ ကန်းခြေကုန်းပေါ်ရွာ ၁၃၂ ရွာ၊ စုစုပေါင်း ၄၄၃
ရွာ လူဦးရေ တစ်သိန်းခွဲကျော်ခန့် အခြေချနေထိုင်တာပေါ့ ..၊ လူနေ

www.burmeseclassic.com

www.burmeseclassic.com



ထူထပ်လာမှု ရေပေါ်ခြံများမှာ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးတွေ အလွန်အကျွံ သုံးစွဲလာတာရယ်ကြောင့်ရယ် အညစ်အကြေးစွန့်တာ ခရီးသွားလုပ်ငန်းဟိုတယ်တွေကနေ တိုက်ရိုက်စွန့်ပစ်တဲ့ အညစ်အကြေးနဲ့ အဝတ်လျှော်ဆပ်ပြာရေ .. အဲဒါတွေက ကန်ရဲ့အရည်အသွေးကို တိုက်ရိုက်ပြောင်းလဲစေတာပေါ့ ..”

ကောင်မလေး ဆက်ပြီး ဘာသာပြန်ပြတော့ တစ်ယောက် တင်ပေါက် ဝေဖန်သံတွေကို ကြားမိရပါသည်။ ပြီးတော့ သူမကို သူမတို့ လုပ်ဆောင်နေတဲ့ အကြောင်းတွေ မေးပါတယ်။ သူမက ရှင်းရှင်းလင်းလင်းသိအောင် ပြောပြပါတယ် ..။

“ကျေးဇူးပဲနော် .. အစ်မ ..”

စကားပြန်မိန်းကလေးက အခုလိုပြောပြီး သူလူတွေကို ခေါ်သွားပါတယ် ..။ ဒါပေမယ့် မျက်မှန်အနက် ကင်မရာတစ်လုံးကိုလွယ်ပြီး ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ နိုင်ငံခြားသားတစ်ယောက် ကျန်နေခဲ့ပါတယ် ..။ အဲဒီလူက သူမကို ကင်မရာနဲ့ ချိန်တော့ သူမက ရုတ်တရက်မို့ ...

“ဟော့ .. ဘာလုပ်တာလဲ ..”

ထိုသူက ကင်မရာ ချိန်နေရာကနေ ပြန်ခွာရင်း အခုလို ပြောပါသည်။

“ထပ်ပျောက်သွားမှာစိုးလို့ ..”

ရိုးမ မျက်ခုံးတွေ မြင့်တက်သွားပါသည်။ ဘာကြောင့်လဲဆို တော့



ဒီအသံရှင်ကို သူမ ရင်းရင်းနှီးနှီးသိလို့ပါပဲ ..၊

ကိုညို ဦးထုပ်ကို ချွတ်၊ မျက်မှန်ကို ဖြုတ်ကာ သူမကို ပြုံးပြီး ကြည့်နေတော့ သူမ နှုတ်ခမ်းကို ကိုက်ပြီး မျက်စောင်းလှဲ့လှဲ့ထိုးကာ..

“ဘာလာလုပ်တာလဲ ..”

ကိုညို က မသိရင် နိုင်ငံခြားသားတစ်ယောက်လို ဆံပင်ပုံစံကအစ အရောင်ပြောင်းလဲထားပါသည်။

“ရင်ထဲက စိမ်းလန်းနေတဲ့ ကန်တစ်ခု ထာဝရ စိမ်းလန်းသွားအောင် အပ်ချင်လို့ပါ ..”

ရိုးမ မပြုံးမိအောင် တစ်ဖက်လှည့် ရပ်နေမိကာ ...

“ကျွန်မက အလုပ်တွေများတယ်ရှင့် ..”

“ရတယ် .. ဘယ်လောက်ကြာကြာစောင့်နေပါမယ် ..”

သူမ သဘောကျစွာရယ်ပြီး ကိုညို ကို ကြည့်နေမိတော့ ကိုညို က သူမအနီးလာကာ သူမလက်ကို ဆွဲပြီး တံတားအစပ်မှာ ထိုင်ပါသည်။ သူမနဲ့ ရင်းနှီးနေတဲ့ လှေသမားလေးတွေက ပြုံးစိပြုံးစိနဲ့ သူမအကြောင်း ပြောနေကြဟန်တူပါသည်။

ကိုညို နဲ့ အတူ ကန်ရေပြင်ကို ငေးကြည့်ခွင့်ရတာ သူမအတွက် ဆုလာဘ်တစ်ခု ...

“ရိုးမ ..”

“ပြောလေ .. ကိုညို ..”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝကို ဒီရေပြင်ကြီးလို ထိန်းသိမ်းစောင့်ရှောက်ပေးမှာ လား .."

သူမ ကျေကျေနပ်နပ်နဲ့ ..။

"အင်း .."

"ရိုးမ .."

"ပြော .."

စကားသံက မူနွဲ့နွဲ့ဆန်နေမလား။ ဒါပေမယ့် ကျွန်မ စိတ်ထဲ ကအတိုင်းပြောမိတာပါ။

"ကိုယ့်ကို ချစ်လားလို့ .."

"ဒီကန်ရေပြင်ကြီးအတိုင်းပေါ့ ကိုညို ရယ် .."

ဘယ်လောက်ကျက်သရေရှိတဲ့ စကားလဲဗျာ ..။

ဒီနိုင်းခ

www.burmeseclassic.com